မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က ထူထောင်သည်။

အတွဲ (၅၄)
အမှတ် (၁၁၁)

Established in 1914

Myanma Alinn Daily

၁၃၇၆ ခုနှစ်၊ ပြာသိုလကွယ်နေ့　　၂၀၁၅ ခုနှစ်၊ ဇန်နဝါရီ ၁၉ ရက်၊ တနင်္လာနေ့။

ကြည်လင်သောစိတ်

* စိတ်သည် အရာရာကို ဦးဆောင်၏။
* စိတ်သည် အမွန်မြတ်ဆုံးဖြစ်၏။
* စိတ်သည် အရာရာကို ပြီးစီးစေ၏။
* ကြည်လင်သောစိတ်ဖြင့် ပြုမူပြောဆိုပါလျှင် ချမ်းသာစေနိုင်၏။
* အေးမြသောအရိပ်သည် အစဉ်လိုက်ပါသည်နှင့်တူ၏။

(ဓမ္မပဒပါဠိတော်)

မဟာဇေယျသုခလောကချမ်းသာစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင် ဗုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနား နိုင်ငံတော်သမ္မတ တက်ရောက်ကြည်ညို

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် စိန်ဖူးတော်ကို စေတီတော်တွင် တင်လှူပူဇော်ရန် စတင်ပင့်ဆောင်စဉ်။ (သတင်းစဉ်)

နေပြည်တော် ဇန်နဝါရီ ၁၈

မဟာဇေယျသုခလောကချမ်းသာစေတီတော် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရွှေကြာသက်န်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် လုံးတောကျေးရွာရှိ အဆိုပါ စေတီတော်ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ ကျင်းပရာ နိုင်ငံတော်သမ္မတဦးသိန်းစိန် တက်ရောက်ကြည်ညိုသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ မန္တလေးမြို့ ငွေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိတ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်သမ္မတနှင့်အတူ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၊ ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးဉာဏ်ထွန်းအောင်၊ ဦးမောင်မြင့်၊ ဦးအေးမြင့်၊ ဦးသန်းဌေး၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးရဲမြင့်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မြထွန်းဦး၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြည်ညိုကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတက မန္တလေးမြို့ ငွေတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဇနိတထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ရွှေထီးတော်တင် မင်္ဂလာအခမ်းအနားကို ကျင်းပရာ ဘုရားဒါယကာများဖြစ်ကြသည့် နိုင်ငံတော်သမ္မတ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ

စာမျက်နှာ ၈ ကော်လံ ၁ ●

ယနေ့ » မာတိကာ

အီဂျစ်၌ ကြက်ငှက်တုပ်ကွေးကူးစက်မှု သူနာပြုတစ်ဦးသေဆုံး　စာ » ၄

လိုနေသော ကွက်လပ်လေးများ (၂)　ဆောင်းပါး　စာ » ၆

ချယ်လ်ဆီးငါးမှတ်အသာဖြင့် ဦးဆောင်　စာ » ၁၃

မော်လမြိုင်ကျွန်း-ဘိုကလေး-ဒလလမ်း ကွဲခြံရေကျော် မြစ်ကူးတံတားတည်ဆောက်

မော်ကျွန်း-မြင့်အောင်

မော်လမြိုင်ကျွန်း ဇန်နဝါရီ ၁၈

ဧရာဝတီတိုင်း ဒေသကြီးရှိ ပြည်သူများ လမ်းပန်းဆက်သွယ်ရေး အဆင်ပြေ ချောမွေ့စေရန်အတွက် မော်လမြိုင်ကျွန်း-ဘိုကလေး-ဒလ အဝေးပြေး မော်တော်ကားလမ်းတွင် အရေးပါသော မော်လမြိုင်ကျွန်းမြို့နယ် ကွဲခြံရေကျော် မြစ်ကူးတံတားကြီး ဆောက်လုပ်လျက်ရှိပြီး ယခုအခါ ရေလယ်တိုင်တည်ဆောက်မှု လုပ်ငန်းများ ပြီးစီးသွားပြီဖြစ်သည်။

ယင်း မော်လမြိုင်ကျွန်းမြို့နယ် ကွဲခြံရေကျော် မြစ်ကူးတံတား တည်ဆောက်မှုလုပ်ငန်းများ ပြီးစီးသွားပါက မော်လမြိုင်ကျွန်းမြို့မှ ဘိုကလေးမြို့သို့ အဝေးပြေးမော်တော်ကားလမ်းဖြင့် နာရီဝက်အတွင်း အရောက်သွားလာနိုင်မည့်အပြင် မော်လမြိုင်ကျွန်း-ဘိုကလေး-ဒလအဝေးပြေးမော်တော်ကားလမ်းမှ ရန်ကုန်မြို့သို့နေ့ချင်းပြန်သွားလာနိုင်မည်ဖြစ်သည်။

ထို့အပြင် ဖျာပုံခရိုင် ဘိုကလေးမြစ်ကူးတံတားမှာလည်း ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်က ဘိုကလေး-သာပေါင်းမြစ်ကူးတံတား ဖွင့်လှစ်ပေးနိုင်ခဲ့သဖြင့် ဘိုကလေးမြို့မှ ပင်လယ်ပိုင်းဒေသကျေးရွာများသို့ တိုက်ရိုက်

စာမျက်နှာ ၉ ကော်လံ ၆ ✻

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အခမဲ့ပညာရေးစနစ်

တိုင်းပြည်၏ဖွံ့ဖြိုးတိုးတက်မှုကို တွက်ချက်ရာတွင် တစ်မျိုးသားလုံးထုတ်လုပ်မှု ဂျီဒီပီတစ်ခုတည်းအပေါ်တွင် မကြည့်ကြတော့ဘဲ လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း (Human Develope Index)(HDI) အပေါ်တွင် တွက်ချက်ကြသည့်အတွက် (HDI) အပေါ်တွင် အဓိကကျသည့် ပညာရေး၊ ကျန်းမာရေး ကဏ္ဍများ သိသိသာသာတိုးတက်အောင် ကြိုးပမ်းလုပ်ဆောင်ကြရန် လိုအပ်ပါကြောင်းဖြင့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဇန်နဝါရီ ၁၄ ရက် နိုင်ငံတော်သမ္မတအိမ်တော် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံကိန်းကော်မရှင်(၁/၂၀၁၅) ကြိမ်မြောက် အစည်းအဝေး၌ ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများ တိုးတက်အောင် တိုးမြှင့်ဆောင်ရွက်ခြင်းသည် ပြည်သူလူထုအတွက် တိုက်ရိုက်အကျိုးဖြစ်ထွန်းစေမည်ဖြစ်ပါသည်။ အထူးသဖြင့် ပညာရေးကဏ္ဍတွင် ပိုမိုရင်းနှီးမြှုပ်နှံခြင်းဖြင့် အနာဂတ်တွင် ပညာတတ်လူငယ်လူရွယ်အရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

ဤသို့ပညာရေး မြှင့်တင်မှုဆောင်ရွက်ရာတွင် အခမဲ့ပညာရေးဆောင်ရွက်နိုင်မှုသည် ထိရောက်သော အစီအမံတစ်ရပ်ဖြစ်ပါသည်။ နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြပြီး ယင်းတို့မှ မွေးဖွားလာသော ကလေးအချို့သည် အခြေခံပညာပြီးဆုံးအောင်သင်ကြားနိုင်ရေး၊ စီးပွားရေး စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရပါသည်။ ယခုကဲ့သို့ အခမဲ့ပညာရေး နိုင်ငံတော်က ဆောင်ရွက်ပေးခြင်းဖြင့် ကျောင်းနေပျော်၍ စာတော်သောကလေးများ ပေါ်ထွက်လာမည်ဖြစ်ပါသည်။

ကျွန်ုပ်တို့နိုင်ငံ၌ အခမဲ့ပညာရေးစနစ်ကို ၂၀၁၁-၂၀၁၂ ခုနှစ် ပညာရေးနှစ်တွင် မူလတန်းအခမဲ့ပညာရေးစနစ် ဆောင်ရွက်နိုင်ခဲ့ပါသည်။ ၂၀၁၄-၂၀၁၅ ခုနှစ် ပညာသင်နှစ်တွင် မူလတန်းအပြင် အလယ်တန်းအခမဲ့ပညာရေးစနစ်ကိုပါ ဆောင်ရွက်နိုင်ခဲ့ပါသည်။ လာမည့် ၂၀၁၅-၂၀၁၆ ခုနှစ်ပညာသင်နှစ်တွင် မူလတန်းနှင့် အလယ်တန်းသာမက အထက်တန်းကိုပါ အခမဲ့ပညာရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းသိရ၍ အခြေခံပညာရေးတစ်ခုလုံး အခမဲ့ပညာရေးစနစ် ဖြစ်လာတော့မည် ဖြစ်ပါသည်။

အခမဲ့ပညာရေးစနစ်အရ ကျောင်းသား ကျောင်းသူများ ကျောင်းလခကင်းလွတ်ခွင့်ရရှိမည့်အပြင် အဓိကအားဖြင့် ကျောင်းသုံးစာအုပ်များနှင့် ဗလာစာအုပ်ခြောက်အုပ်ကိုပါ အခမဲ့ရရှိမည်ဖြစ်ပါသည်။ ထို့အပြင် မူလတန်းအဆင့်တွင် လာမည့်ပညာသင်နှစ်အတွင်း ကျောင်းဝတ်စုံများကိုပါ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းလည်း ကြားသိနေရပါသည်။ ထူးချွန်သောကျောင်းသားကျောင်းသူများအား ပညာသင်ဆုများလည်း ထောက်ပံ့ပေးလျက်ရှိပါသည်။

ဤသို့ အခမဲ့ပညာရေးဆောင်ရွက်နိုင်ရန် ပညာရေးဘတ်ဂျက်ကိုလည်း တစ်နှစ်ထက်တစ်နှစ် တိုးမြှင့်သုံးစွဲလျက်ရှိပါသည်။ ပြည်ထောင်စု၏ ပညာရေးအသုံးစရိတ်ကို ၂၀၁၁-၂၀၁၂ ခုနှစ် အမှန်စာရင်းအရ ငွေကျပ် ၃၀၀ ဒသမ ၀၂၀ ဘီလီယံ၊ ၂၀၁၂-၂၀၁၃ ခုနှစ် အမှန်စာရင်းအရ ငွေကျပ် ၇၆၀ ဒသမ ၆၇၉ ဘီလီယံ၊ ၂၀၁၃-၂၀၁၄ ခုနှစ်ရှေ့ပြေး အမှန်စာရင်းအရ ငွေကျပ် ၈၉၂ ဒသမ ၈၇၅ ဘီလီယံ၊ ၂၀၁၄-၂၀၁၅ ခုနှစ် ပြုပြင်ပြီးခန့်မှန်းစာရင်းအရ ငွေကျပ် ၁၁၅၈ ဒသမ ၄၃၇ ဘီလီယံအထိ နှစ်စဉ်တိုးမြှင့်သုံးစွဲခဲ့သည်ကို တွေ့ရမည်ဖြစ်ပါသည်။ ဤသို့ ပညာရေးဘတ်ဂျက်များ တိုးမြှင့်သုံးစွဲလာနိုင်သည်နှင့်အမျှ ကျောင်းများအဆင့်မြှင့်တင်ခြင်း၊ အသစ်တည်ဆောက်ခြင်း၊ အဟောင်းပြုပြင်ခြင်းတို့ကို ဆောင်ရွက်လာနိုင်သည့်အပြင် လိုအပ်သော ဆရာ ဆရာမများကိုလည်း တိုးမြှင့်ခန့်ထားနိုင်ခဲ့ပါသည်။ သို့ပါ၍ အခမဲ့ပညာရေးစနစ်သည် သမ္မတကြီးဆိုခဲ့သည့်အတိုင်း လူသားဖွံ့ဖြိုးမှုအညွှန်းကိန်းကိုပါ ဆောင်ရွက်သွားနိုင်လိမ့်မည်ဟု မြန်မာ့အလင်းက ယုံကြည်မိပါသည်။ ။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

သစ်တော၊ သစ်ပင်များကို ဝိသမလောဘသားများ၏ ဖျက်ဆီးခြင်းမှကာကွယ်

နေပြည်တော် ဇန်နဝါရီ ၁၈

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနအောက်ရှိ ဦးစီးအရာရှိများ စွမ်းဆောင်ရည်မြှင့်မားရေး မွမ်းမံသင်တန်း အမှတ်စဉ် (၆)သင်တန်းဆင်းပွဲနှင့် သင်တန်းဆင်း လက်မှတ်ပေးအပ်ပွဲ အခမ်းအနားကို သစ်တောသုတေသနဌာန (ရေဆင်း) စုဝေးခန်းမ၌ ဇန်နဝါရီ ၁၆ ရက် ညနေ ၃ နာရီခွဲက ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီး ဦးအေးမြင့်မောင်က အမှာစကားပြောကြားရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာနရှိ ဌာနအသီးသီးတို့၏ မြေပြင်လုပ်ငန်းများကို အကောင်အထည်ဖော်ရသည့် မြို့နယ်အဆင့် တာဝန်ခံဦးစီးအရာရှိများသည် တစ်ဦးချင်းစိတ်ဓာတ်ခံယူချက် ကောင်းမွန်ခိုင်မာစွာဖြင့် ယုံကြည်မှုရှိပြီး စွမ်းဆောင်ရည်မြင့်မားလာစေရန် ဖွင့်လှစ်ပို့ချခြင်းဖြစ်ပါကြောင်း၊ သစ်တောဦးစီးရုံးချုပ်မှ အရာထမ်းများနှင့် အခြားဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ ဖိတ်ခေါ်၍ စာတွေ့၊ လက်တွေ့ သင်ကြားပေးခဲ့ပါကြောင်း။ သစ်တောဝန်ထမ်းများသည် ကျေးလက်နေပြည်သူများကို အခြေပြု၍ သစ်တောလုပ်ငန်းများကို ဆောင်ရွက်နေရမည်ဖြစ်သည့်အတွက် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့သစ်တောသမား များအနေဖြင့် သစ်တော၊ သစ်ပင်များကို ဝိသမလောဘသားများ၏ ဖျက်ဆီးခြင်းမှ ကာကွယ်ရမည်ဖြစ်သလို ပြည်သူများ၏ စားဝတ်နေရေး လိုအပ်ချက်များကိုလည်း ထောက်ပံ့ပေးရမည် ဖြစ်ကြောင်း၊ ကာကွယ်ထိန်းသိမ်းရာတွင်လည်း ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှုသည် အရေးကြီးပါကြောင်း၊ ယခုသင်တန်းတွင် Computer Skill and Internet & Email အသုံးပြုခြင်းဘာသာရပ်ကိုလည်း သင်ကြားပေးခဲ့သည့်အပြင် စွမ်းရည်သုံးရပ်ဖြစ်သည့် အုပ်ချုပ်ရေးစွမ်းရည်၊ လုပ်ငန်းစွမ်းရည်နှင့် စည်းရုံးရေးစွမ်းရည်များကိုလည်း လေ့ကျင့်သင်ကြားပေးခဲ့သည့်အတွက် မိမိတို့ နယ်မြေတွင် ကြုံတွေ့လာနိုင်သည့် အခက်အခဲများကိုလည်း ဖြေရှင်းဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားခဲ့သည်။

(မြန်မာ့အလင်း)

အမှိုက်များစည်းကမ်းမဲ့စွန့်ပစ်နေ

ထင်သာမြင်သာပြုပြင်စရာ

မွန်ပြည်နယ်၏ မြို့တော်ဖြစ်သော မော်လမြိုင်မြို့သည် လူစည်ကားရာ အချက်အချာကျ အထင်ကရနေရာတစ်ခုဖြစ်သော သံလွင်မြစ်ကမ်းပါးဘေး နေရာအနှံ့အပြား၌ စည်းကမ်းမဲ့အမှိုက်များကို စွန့်ပစ်ထားကြောင်း သိရသည်။

အဆိုပါ သံလွင်မြစ်ကမ်းဘေးနေရာ လမ်းတစ်လျှောက်လုံးတွင် နေ့စဉ် နိုင်ငံခြားသားခရီးသွားများနှင့် ပြည်တွင်းခရီးသွားပြည်သူများနှင့် ဒေသခံအများပြည်သူများမှာ မြစ်ကမ်း၏သဘာဝရှုခင်းအလှအပများကို လေ့လာမှတ်တမ်း ရိုက်ယူနေကြသည့်အပြင် နံနက်ခင်း၊ ညနေခင်းနေဝင်ချိန်၊ နေထွက်ချိန် ညနေဆည်းဆာအလှအပအချိန်များတွင် လမ်းလျှောက်သူ အပန်းဖြေသူများရှိနေကြ၍ အဆိုပါမြစ်ကမ်းဘေးမှ စွန့်ပစ်အမှိုက်များကြောင့် မြစ်ကမ်း၏အလှအပများကိုလည်း ရုပ်ဆိုးအကျည်းတန်စေသည့်အပြင် ကျန်းမာရေးအတွက်လည်း စိတ်အနှောင့်အယှက်များ ဖြစ်ပေါ်စေသောကြောင့် ခရီးသွားများနှင့် ဒေသခံ စိတ်အပန်းဖြေအနားယူကြသူများ စိတ်အနှောင့်အယှက်ကင်းဝေးစေရန် စွန့်ပစ်အမှိုက်များကို စနစ်တကျစည်းကမ်းရှိစွာ အလွယ်တကူစွန့်ပစ်နိုင်ရန် ထင်သာမြင်သာရှိသော နေရာအနှံ့အပြားတွင် အမှိုက်ပုံးများ ထားရှိပေးပြီးဖြစ်သည်။ စွန့်ပစ်အမှိုက်များကိုလည်း သတိပေးစည်းကမ်းချက် လမ်းညွှန်များနှင့် အညီဖြစ်စေရန် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် အတူ လှုပ်ရှားတက်ကြွသူများနှင့် ပူးပေါင်းဆောင်ရွက်လျက် မကြာသောအချိန်အတွင်း မြစ်ကမ်း၏ သာယာလှပသော မြင်ကွင်းသစ် များကို ရေရှည်ထိန်းသိမ်းနိုင်မည်ဖြစ်၍ သဘာဝပတ်ဝန်းကျင်တစ်ခုလုံး စိတ်အေးချမ်းမြေ့စွာ ရရှိခံစားကြရမည်ဖြစ်ကြောင်း သိရသည်။ **နေမျိုးထွဋ်(ရေး)**

မိုးရွာသွန်းခြင်းကြောင့် သစ်ပင်များလဲကျ

မကွေး ဇန်နဝါရီ ၁၈

မကွေးမြို့ တောင်တွင်းလမ်းပေါ်ရှိ ပညာရေးကောလိပ်ရှေ့ တာလမ်းမကြီးဘေးရှိ သစ်ပင်ကြီးများ ဇန်နဝါရီ ၁၅ ရက်က ရွာသွန်းခဲ့သောမိုးကြောင့် လဲကျနေကြောင်း သိရသည်။

ယင်းနေ့က ရွာသောမိုးသည် အချိန်ကြာမြင့်စွာ သည်းထန်စွာရွာနေသောကြောင့် တာလမ်းမကြီးဘေးရှိ စိန်ပန်းပင်ကြီးများ အခြေမခိုင်သဖြင့် အမြစ်ပါကျွတ်ကာဓာတ်ကြိုးများပေါ် ကျပြီး ဓာတ်တိုင်များပါ လဲကျခဲ့ကြောင်း သိရသည်။

ဓာဓာ(မကွေး)

ကျောင်းဖွင့်လှစ်ခြင်း နှစ်(၂၀)ပြည့်
ယခုနှစ်၏ ဇန်နဝါရီလကုန်ထိ အပ်နှံသူများအတွက်
ကျောင်းသားသစ် (15% Discount နှင့်)
ကျောင်းသားဟောင်း (15% + ပုံမှန် Discount)
ဆရာအာသာ SUCCESS Language Academy
လှည်းတန်းကျောင်းခွဲ
Ph: 01-503472, 09 73001453
(မြို့လယ်ကျောင်း)
Ph: 202046,392048,256954

BASIC ENGLISH SPEAKING
9-12:00 (Sat + Sun) 17 Jan
3-5:00 (Mon - Thurs) 19 Jan
3:30-5 (Mon - Thurs) 2 Feb

BASIC FOUR SKILLS ENGLISH
7:30-10:30 (Sat + Sun) 17 Jan
10-12:00 (Mon - Thurs) 19 Jan
1-4:00 (Sat + Sun) 25 Jan
3:30-5 (Mon - Thurs) 26 Jan
9-12:00 (Sat + Sun) 1 Feb
1-2:30 (Mon - Thurs) 2 Feb

BASIC GRAMMAR
10-12:00 (Mon - Thurs) 26 Jan
7:30-9 (Mon - Thurs) 9 Feb

VOCAB ENRICHMENT
7:30-9 (Mon - Thurs) 26 Jan
10-11:30 (Mon - Thurs) 10 Feb

BASIC WRITING
10-12:00 (Mon - Thurs) 2 Feb

PRE-INTERMEDIATE
7:30-9 (Mon - Thurs) 19 Jan
1-4:00 (Sat + Sun) 25 Jan
3-5:00 (Mon - Thurs) 2 Feb
9-12:00 (Sat + Sun) 8 Feb

INTERMEDIATE (ACADEMIC ENGLISH)
7:30-9 (Mon - Thurs) 19 Jan
3:30-5 (Mon - Thurs) 2 Feb

BASIC ENGLISH SPEAKING
10-11:30 (Mon - Thurs) 19 Jan
7:30-10:30 (Sat + Sun) 24 Jan
1-2:30 (Mon - Thurs) 26 Jan
7:30-9 (Mon - Thurs) 2 Feb

PRE-INTERMEDIATE
10-11:30 (Mon - Thurs) 19 Jan
1-2:30 (Mon - Thurs) 26 Jan
7:30-9 (Mon - Thurs) 9 Feb

BASIC FOUR SKILLS ENGLISH
1-2:30 (Mon - Thurs) 19 Jan
3:30-5 (Mon - Thurs) 19 Jan
3:30-5 (Mon - Thurs) 2 Feb
6-7:30 (Mon - Thurs) 10 Feb
3:30-5 (Mon - Thurs) 24 Feb
7:30-9 (Mon - Thurs) 25 Feb
10-11:30 (Mon - Thurs) 25 Feb

IELTS (Preparation)
1-3:30 (Mon - Thurs) 19 Jan
1-4:30 (Sat + Sun) 25 Jan

IELTS Exam Practice
3:30-5 (Mon - Thurs) 12 Jan

IELTS (Speaking)
1-2:30 (Mon - Thurs) 23 Feb

IELTS (Reading)
10-12:00 (Mon - Thurs) 9 Feb

IELTS (Writing)
9:30-12:30 (Sat + Sun) 31 Jan

ဝန်ထမ်းအလိုရှိသည်
ပြည်တွင်း၌သာခန့်ထားရန်
- AGTI,B.Tech,B.E လက်မှတ်ရှိရမည်။
(Electrical ,Mechanical)-(ကျား/မ)
- Auto Cad ဖြင့် M & E Drawing ဆွဲနိုင်ရမည်။
(လုပ်ငန်းကျွမ်းကျင်မှုလိုက်၍ လုပ်ခ၊ လစာပေးမည်။)
ဆက်သွယ်ရန် ဖုန်း-၉-၅၉-၇၉၉၉၀၄၇၀၈
အီးမေးလ်:mandedesigndept @ gmail.com

ပျောက်ဆုံးကြောင်း
ကျွန်တော်မောင်မြတ်မင်းစိုး(ခ)မင်းမင်း ၁၂/တမန(နိုင်)၁၁၄၀၅၈၏နိုင်ငံကူးလက်မှတ်(ပတ်စ်ပို့)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၄၃၀၂၀၉၂၊ ၀၉-၂၅၄၈၇၈၉၆၄

23
မသဏ

ပြည်တွင်းသတင်း

❖ *ကျောဖုံးမှ*

စနစ်တကျဆောင်ရွက်နိုင်ရေး ညှိနှိုင်းဆွေးနွေးကြရန် မှာကြားသည်။

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ ဒုတိယဥက္ကဋ္ဌက လွှတ်တော်အသီးသီး၌ ဆောင်ရွက်ဆဲဥပဒေကြမ်းများကို ပထမအကြိမ် လွှတ်တော်သက်တမ်း၏ ကျန်ရှိသည့်ကာလအတွင်း ပြီးစီးအောင် ပြဋ္ဌာန်းဆောင်ရွက်နိုင်ရေးအတွက် အချိန်ဇယား ရေးဆွဲဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ အတွင်းရေးမှူး ပြည်ထောင်စု လွှတ်တော်ဒုတိယနာယကက (၆/၂၀၁၄) အစည်းအဝေး ဆုံးဖြတ်ချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်း တင်ပြသည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများက တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဥပဒေ၊ နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်နိုင်မှုအခြေအနေ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်ဆိုင်ရာနည်းဥပဒေများ ပြင်ဆင်ရေးဆွဲ ဆောင်ရွက်မှုအခြေအနေ၊ စည်ပင်သာယာရေး၊ နည်းဥပဒေများ ထုတ်ပြန်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် လွှတ်တော်ဆိုင်ရာ အခြားလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို တင်ပြဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာ အဖွဲ့ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယကက နိဂုံးချုပ် အမှာစကားပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းတို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

နေပြည်တော် ဇန်နဝါရီ ၁၈

အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနနှင့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM) တို့အကြား ချုပ်ဆိုမည့် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲနှင့် ၂၀၁၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာမှုများနေ့ အခမ်းအနားအောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အတွက် ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခြင်း အခမ်းအနားကို ဇန်နဝါရီ ၁၆ ရက်က နေပြည်တော် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က မြန်မာနိုင်ငံသည် ရွှေ့ပြောင်းသွားလာ နေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ကြီးဖြစ်သည့် International Orga- nization for Migration (IOM) အဖွဲ့သို့ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၂၇ ရက်တွင်ကျင်းပခဲ့သည့် ရွှေ့ပြောင်းသွားလာနေထိုင်ခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့ညီလာခံတွင် ၁၄၇ နိုင်ငံ မြောက် အဖွဲ့ဝင်နိုင်ငံအဖြစ် ဝင်ရောက်ခဲ့ပြီး IOM အဖွဲ့အစည်းနှင့် ပူးပေါင်းကာ ရွှေ့ပြောင်းသွားလာမှုဆိုင်ရာ လုပ်ငန်းများ တိုးတက် အောင်မြင်အောင် စီမံချက်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိုင်ငံတော် အစိုးရအနေနှင့် ရွှေ့ပြောင်းအလုပ်သမားများ အခွင့်အရေး ကာကွယ်စောင့်ရှောက်ရန်နှင့် လိုအပ်သည့် သတင်းအချက်အလက်များ ပေးနိုင်ရန်အတွက် Migrant Resource Center များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာ ဖွင့်လှစ်ပေးထားသည်။

ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် လည်း Migrant Workers Reporting Counter ကို ဖွင့်လှစ်ပေးထားပြီး ပြည်ပသို့ သွားရောက်အလုပ်လုပ်ကြမည့် မြန်မာအလုပ်သမားများနှင့်ပြည်ပမှ ပြန်လာသည့် မြန်မာအလုပ်သမားများ၏ စာရင်းဇယားများကို မှတ်တမ်းတင်လျက်ရှိပါကြောင်း။

ထို့နည်းတူစွာ အာဆီယံ ရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ပေးခြင်းဆိုင်ရာ အာဆီယံ စာချုပ်(မူကြမ်း) ကိုလည်း အာဆီယံ အဖွဲ့ဝင်နိုင်ငံများနှင့် ညှိနှိုင်းအစည်းအဝေးပွဲများကျင်းပပြီး ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိကြောင်း ပြောကြားသည်။

ဆက်လက်၍ အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများအဖွဲ့ (IOM)တို့အကြား နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်းကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမျိုးအောင်နှင့် အပြည်ပြည်ဆိုင်ရာ ရွှေ့ပြောင်းသွားလာသူများအဖွဲ့ (IOM) မှ Chief of Mission ဖြစ်သူ Mr. Kirean Gorman-Best တို့က လက်မှတ်ရေးထိုးလဲလှယ်ခဲ့ကြပြီး ဂုဏ်ပြုပွဲ အခမ်းအနား ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

(မြန်မာ့အလင်း)

❀ *ကျောဖုံးမှ*

ယခုထက်ပိုပြီး တိုးတက်အောင်၊ နိုင်ငံတကာအထိ ထိုးဖောက်နိုင်အောင် ပူးပေါင်းကူညီမယ့် လူငယ်တီထွင်နိုင်သူ၊ ဦးဆောင်နိုင်သူတွေကို မျှော်လင့်ရင်း မပျောက်ကွယ်အောင် ထိန်းသိမ်းစောင့်ရှောက်တယ်” ဟု စက္ကဗျူဟာ ပင်မသိဒ္ဓိစွမ်းအားကျင့်စဉ်အဖွဲ့၏ဥက္ကဋ္ဌ ဦးခင်မောင်ရင်က ပြောကြားသည်။

၁၉၈၂ ခုနှစ်တွင် စတင်ဖွဲ့စည်းနိုင်ခဲ့ပြီး တစ်နိုင်ငံလုံး အတိုင်းအတာအရ အဖွဲ့ဝင်အင်အား ငါးသောင်းနီးပါးရှိနေသော အဆိုပါအဖွဲ့၏ ရည်ရွယ်ချက်မှာ “ပုပင်းအင်းတောင် မြို့ကုန်းဘောင်၊ ဓားရောင် တဖွေးဖွေး” ဆိုတဲ့ ပုဂံ၊ ပင်းယ၊ အင်းဝ၊ တောင်ငူနဲ့ ကုန်းဘောင်ခေတ်အဆက်ဆက်မှာ သူရဲကောင်းတွေဟာ နိုင်ငံတော်ကြီးကို ကာကွယ်ဖို့နဲ့ ပိုမိုတောင့်တင်းတဲ့အင်ပါယာ နိုင်ငံတော်ကြီးဖြစ်ဖို့အတွက် ဓားအတတ်၊ လှံအတတ်တွေကို ကျင့်ကြံဖော်ထုတ်ခဲ့ပါတယ်။ ဒါ့အပြင် သာသနာအကျိုး၊ ဘာသာနဲ့လူမျိုး၊ နိုင်ငံတော်ကို ထိခိုက်လာမယ့် ဘေးရန်အသီးသီးကနေ ကာကွယ်နိုင်ဖို့ သီလအား၊ ဘာဝနာအားကိုရယူကာ လျှို့ဝှက်နက်ရှိုင်းတဲ့ သိုင်းပညာနဲ့ ကိုယ်ခံပညာတွေ တီထွင်ကြတယ်။ အဆက်ဆက်ထိန်းသိမ်းလာခဲ့ကြပြီး မျက်လှည့်မဟုတ်သလို ပဉ္စလက်အတတ်နဲ့ လိမ်ညာခြင်းလည်း လုံးဝမဟုတ်ပါဘူး။ အားလုံးက ငါးပါးသီလကို လုံအောင်စောင့်ထိန်းရင်း ယုံကြည်မှုအရ ဝိဇ္ဇာအတတ်ကို ပေါင်းစပ်ထားတာဖြစ်ပါတယ်။ သိုင်းအခေါ်ကတော့ အင်းသိုင်းလို့လည်း ခေါ်ကြတယ်” ဟု ဦးခင်မောင်ရင်က ရှင်းပြသည်။

အဆိုပါ အခမ်းအနားတွင် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က အဖွဲ့သို့ ငွေကျပ်သိန်း ၂၀ ကို အမျိုးသားအားကစားကော်မတီကိုယ်စား ပေးအပ်ချီးမြှင့်ခဲ့သည်။

အဖွဲ့၏ သိုင်းစွမ်းရည်ပြပွဲကို ၁၉၉၅ ခုနှစ်က ရန်ကုန်တွင် နောက်ဆုံးပြသခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ အားကစားဝန်ကြီးဌာန၏ ဖိတ်ခေါ်မှုအရ ပြန်လည်ပြသခွင့်ရရှိသောကြောင့် အလွန်ပင် ဂုဏ်ယူကြောင်းနှင့် လူမျိုး၊ ဘာသာ၊ သာသနာဆိုင်ရာ အခမ်းအနားများနှင့် အားကစားပွဲများတွင်လည်း ပါဝင်ပြသခွင့်ရရှိရန် မျှော်လင့်ကြောင်း လူငယ်စက္ကဗျူဟာ ပင်မအဖွဲ့မှ သိုင်းပညာရှင် မမို့မို့အောင်က ပြောသည်။

“မြန်မာ့ရိုးရာသိုင်းပညာက အလွန်စိတ်ဝင်စားဖွယ်ကောင်းပြီး နက်နဲပါတယ်။ သို့သော် နည်းစနစ်ပိုင်းမှာ နိုင်ငံတကာကို ချပြဖို့အတွက် လိုအပ်ချက်တွေ၊ အားနည်းချက်တွေ အများကြီးရှိနေတယ်။ တစ်ချိန်က မြန်မာ့လက်ဝှေ့က အခုဆိုရင် နိုင်ငံတကာက မွေထိုင်းလို့ပဲ သိကြတော့တယ်။ မြန်မာနိုင်ငံက အခြေပြုမှန်း ကမ္ဘာက မသိကြတော့ဘူး။ စုပေါင်းပြီး အဆင့်မြှင့်တင်ဖို့ကတော့ အဖွဲ့တစ်ဖွဲ့ လူတစ်စုနဲ့ လုပ်ကိုင်ဖို့မလွယ်ပါဘူး။ အားလုံးစုပေါင်းပြီး ဝိုင်းဝန်းမြှင့်တင်ကြရမှာဖြစ်ပါတယ်။ အခုလို ဖိတ်ခေါ်ပြသတာကလည်း အဆင့်မြှင့်တင်ဖို့နဲ့ သိုင်းစွမ်းရည် ပြသဖို့အတွက်ရော အထောက်အကူ ဖြစ်စေနိုင်ပါလိမ့်မယ်” ဟု အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသောင်းထိုက်က ပြောကြားသည်။

ပြပွဲအတွင်း လက်ရေး၊ ဓားရေး၊ တုတ်ရေး၊ လှံရေးများကို တစ်ဦးချင်း၊ အဖွဲ့လိုက် ပြသခဲ့ကြပြီး အုတ်ခဲချပ်များကို ဦးခေါင်းဖြင့်ရွက်ကာ ငါးပေါင်တူများဖြင့် ထုခွဲခြင်း၊ တောတောင်များအတွင်း သွားလာရင်း သားရဲအန္တရာယ်ကြုံရသည့်အခါ ရှေးပညာရှင်များ အသုံးပြုခဲ့သော ကြိုးဒလက်ပညာ၊ ကိုင်းခုတ်ဓားပညာ၊ ကြိုးသိုင်းပညာ၊ ဓားစကြာ ပညာ၊ စွန်သိုင်း၊ မျောက်သိုင်းအစရှိသည့် မြန်မာ့ရိုးရာ ကျေးလက်သိုင်းပညာများကို လူငယ်ပညာရှင် ၄၄ ဦးက ပြသခဲ့ခြင်းဖြစ်သည်။

ထို့အပြင် တစ်ဦးချင်းမှသည် အဖွဲ့လိုက်ပြသရသော စိတ်ဓာတ်ယုံကြည်မှု၊ သီလစောင့်တည်နိုင်မှု၊ သမာဓိအားကောင်းမွန်မှုနှင့် ရိုးရာသိုင်းပညာကျွမ်းကျင်မှုကို ဝိဇ္ဇာပညာရပ်များဖြင့် ပေါင်းစပ်သော အင်းသိုင်းပြကွက်များဖြစ်သည့် လည်မျိုပေါ်တွင် အလေးချိန် ၇၂ ပိဿာ တင်ပြခြင်း၊ ရေအပြည့် ရေအိုးကို နှုတ်ခမ်းဖြင့်ကိုက်ကာ သိုင်းစွမ်းရည်ပြသခြင်း၊ ချွန်မြသော ဓားလှံများပေါ်တွင် လူများအဆင့်ဆင့် အိပ်ပြခြင်းနှင့် သံဆူးများအပေါ်တွင် မီးသိဒ္ဓိသိုင်းကစားပြသခြင်း၊ အခုအကာမပါရှိဘဲ ကိုယ်ခန္ဓာအနှံ့ ချွန်မြသောဓားအသွားဖြင့် မွှန်းခြင်း၊ မျက်ခမ်း၊ နားထင်၊ နှာခေါင်းများကိုထောက်ကာ ဓားရှည်များကို ညွတ်ကွေးသွားသည်အထိ အတွင်းအားဖြင့် သိုင်းစွမ်းပြသခြင်းနှင့် မီးသိဒ္ဓိသိုင်းပညာများ၊ မီးသိုင်း၊ မီးကွင်းပြကွက်များကို တင်ဆက်ခဲ့ကြသည်။

“အဓိကကတော့ ငါးပါးသီလဖြစ်ပါတယ်။ အရက်သေစာနဲ့ မူးယစ်ဆေးဝါးလုံးဝမသုံးစွဲပါဘူး။ ပုတီးစိပ်၊ တရားထိုင်ပြီး ရှေးဟောင်းကျင့်စဉ်တွေနဲ့ အင်းအစီအမံတွေကို ကာယအား၊ သိဒ္ဓိအားနဲ့ ပေါင်းစပ်သင်ကြားပေးပါတယ်။ ဓားတစ်လက်၊ တုတ်တစ်ချောင်းကိုင်နိုင်တဲ့ အရွယ်ကနေ တုတ်တစ်ချောင်း၊ ဓားတစ်လက်ကိုင်နိုင်သေးတဲ့ အရွယ်အထိ မည်သူမဆို သင်ယူတတ်မြောက်နိုင်တဲ့ မြန်မာ့ရိုးရာ အင်းသိုင်းပညာရပ်ဖြစ်ပါတယ်” ဟု အဖွဲ့၏ဘဏ္ဍာရေးမှူး ဦးခင်စိုးက ပြောပြသည်။

“ဝါသနာအပါဆုံးကတော့ လက်သိုင်းပညာရပ်ပါ။ ကိုယ်ခံပညာကို တတ်ထားရင် မိမိကိုယ်ကို ကာကွယ်နိုင်သလို၊ သူတစ်ပါးကိုလည်း ကူညီပေးနိုင်တယ်လို့ထင်ပါတယ်။ အသက် ၁၂ နှစ်အရွယ်ကစပြီး ကစားလာခဲ့ပါတယ်။ ကကွက်တိုင်းမှာ ကိုယ့်ကိုကိုယ်ယုံကြည်မှုလည်း အပြည့်ရှိပါတယ်။ ငါးပါးသီလကို လုံအောင်စောင့်ထိန်းပြီး စိတ်တည်ငြိမ်မှုကိုလည်း သမာဓိလေ့ကျင့်ခန်းတွေကနေ ရထားတယ်။ ဆရာသမားတွေရဲ့ ပညာကို အမွေရထားတယ်လို့ ယုံကြည်တဲ့အတွက် အင်းသိုင်းအကွက်တိုင်းဟာ အန္တရာယ်မဖြစ်ပါဘူး” ဟု အသက် ၁၉ နှစ်အရွယ်ရှိ အင်းသိုင်းပညာရှင် မသဲသဲမူက ပြောသည်။

၁၉၉၅ ခုနှစ် မလေးရှားနိုင်ငံတွင် ကျင်းပသော ၁၀ နိုင်ငံဖိတ်ခေါ် ရိုးရာအားကစားပြိုင်ပွဲအတွင်း နိုင်ငံတကာအဆင့် သွားရောက်ယှဉ်ပြိုင်ပြသခဲ့ဖူးပြီး ပထမဆုရရှိခဲ့ခြင်းသည် ပထမဆုံးနဲ့ ယခုအချိန်အထိ နောက်ဆုံးခရီးတစ်ခုဖြစ်ပြီး နိုင်ငံတော်မှ ပြန်လည်အားပေးကာ ယခုကဲ့သို့ ဖိတ်ခေါ်ပြသစေသည့်အတွက် များစွာအားတက်ကြောင်း၊ ဖေဖော်ဝါရီလတွင်ကျင်းပမည့် အမျိုးသားအားကစားပွဲတော် ဖွင့်ပွဲအခမ်းအနားအတွင်း ပြသခွင့်ရရှိရန်တင်ပြထားပြီး စင်ကာပူတွင်ကျင်းပမည့် အရှေ့တောင်အာရှအားကစားပွဲတော်ကြီးတွင်လည်း ပါဝင်ပြသခွင့်ရရှိရန် ကြိုးပမ်းလျက်ရှိကြောင်း စက္ကဗျူဟာ ပင်မသိဒ္ဓိစွမ်းအားကျင့်စဉ်အဖွဲ့မှ အတွင်းရေးမှူး ဦးကျော်ဝင်းက ပြောကြားသည်။

“ကျွန်တော်တို့ ပညာရပ်ကို စိတ်ဝင်စားပေးတာ ကျေးဇူးတင်လိုက်တာ။ အင်းသိုင်းက အခုခြေလှမ်းသစ်တွေ ပြန်စနေပါပြီ။ အားသစ်မာန်သစ်နဲ့ စနစ်သစ်တွေ ထုတ်ဖော်လို့ မြန်မာ့ရိုးရာ ရှေးဟောင်းပညာရပ်တွေကို တစ်နိုင်ငံလုံး သိရှိလာအောင် ကြိုးပမ်းသွားမယ်။ လူငယ်တွေအများကြီးပါဝင်ပူးပေါင်းလို့ ပိုမိုကောင်းမွန်တဲ့ ပြကွက်တွေ၊ သိုင်းပညာတွေကို ဖော်ထုတ်နိုင်ပြီး ကမ္ဘာကိုထိုးဖောက်နိုင်မယ်လို့ ယုံကြည်ရင်းဆက်လက်ကြိုးစားမယ်” ဟု မောင်စိုးထက်အောင်က မေးမြန်းချက်ကို ဖြေရင်း နောက်ဆုံး မီးကွင်းသိုင်းပြကွက်တင်ဆက်ရန် ယုံကြည်ချက်အပြည့်ဖြင့် ကွင်းအတွင်းသို့ လှမ်းထွက်သွားပါတော့သည်။

(မြန်မာ့အလင်း)

✻ *ကျောဖုံးမှ*

၄၆ မိနစ်တွင် တိုက်စစ်မှူး ဖိုဒေးက ရတနာပုံအတွက်အဖွင့်ကိုးသွင်းယူပေးပြီး မိနစ် ၇၀ နောက်ပိုင်းတွင် ရတနာပုံ တောက်လျှောက် ဖိကစားနိုင်ခဲ့ပြီး ၈၅ မိနစ်တွင် နန္ဒလင်းကျော်ချစ်၊ ၈၇ မိနစ် တွင် ဝါရင့်တိုက်စစ်မှူး ရန်ပိုင်တို့က သွင်းယူပေးခဲ့သည်။သုဝဏ္ဏကွင်း၌ မကွေးနှင့် ရခိုင်ပွဲတွင် မကွေးက တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရသည်။ အောင်ဆန်းကွင်း၌ ချင်းယူနိုက်တက်က မနောမြေကို တစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရသည်။

ရတနာပုံနှင့် နေပြည်တော် ယှဉ်ပြိုင်ကစားစဉ်။ ဓာတ်ပုံ-ဖိုးသော်ဇင်

နိုင်ငံတကာသတင်း

အီရတ်တွင်ရာဇီဒီ ၃၅၀ ပြန်လည်လွတ်မြောက်လာ

ဘဂ္ဂဒက် ဇန်နဝါရီ ၁၈

အစ္စလမ်မစ်နိုင်ငံ(အိုင်အက်စ်)စစ်သွေးကြွအုပ်စုက အီရတ်မြောက်ပိုင်းတွင် ရာဇီဒီဘာသာရေးအသိုက်အဝန်းအဖွဲ့ဝင် ၃၅၀ခန့်ကို ပြန်လွှတ်ပေးလိုက်သည်။ အဆိုပါ သက်ကြီးပိုင်းရာဇီဒီအဖွဲ့သည် အိုင်အက်စ်ထိန်းချုပ်သောဒေသမှ ထွက်ခွာလာခဲ့ရာ ကယ်ကွတ်မြို့အနီးတွင် ကာဒစ်တာဝန်ရှိသူများက လက်ခံခဲ့သည်ဟုဆိုသည်။ ယင်းတို့ကို မည်သည့်အတွက်ကြောင့် လွှတ်ပေးခဲ့သည်ကို ရှင်းရှင်းလင်းလင်း မသိရသေးဟုဆိုသည်။ အိုင်အက်စ်တို့က ပြီးခဲ့သည့်နှစ်အတွင်း အီရတ်ရှိ ရာဇီဒီလူနည်းစုများကို တိုက်ခိုက်ခဲ့သည်။ ထောင်နှင့်ချီသော ပြည်သူများအား ပြန်ပေးဆွဲခြင်း၊ သတ်ဖြတ်ခြင်းများ ပြုလုပ်ခဲ့သည်ဟု ဆိုသည်။

အဆိုပါ ရာဇီဒီအဖွဲ့ဝင်အားလုံးနီးပါးကို စနေနေ့က လွှတ်ပေးလိုက်ခြင်းဖြစ် ပြီး အများစုမှာ သက်ကြီးပိုင်းနှင့် ကျန်းမာရေး မကောင်းသူ များဖြစ်ကြောင်း ရိုက်တာက ပြောသည်။ ၄င်းလွှတ်ပေးလိုက်သူများတွင် နာမကျန်းဖြစ်နေသော နို့စို့အရွယ်ကလေးအချို့ပါဝင်ပြီး ကာဒစ်ပက်ရှ်မာဂါတပ်များကကျန်းမာရေး စောင့်ရှောက်ရေး စင်တာသို့ ဆေးကုသမှုခံယူနိုင်ရန် တိုက်ရိုက်ပို့ဆောင်ပေးခဲ့သည်။ ယင်းကုသရေးစင်တာသို့ ပို့ဆောင်ပေးခဲ့သူများအနက် အချို့မှာ ဒဏ်ရာရရှိသူများနှင့် မသန်စွမ်းသူများဖြစ်ပြီး အများစုမှာ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ထိခိုက်မှုများ ခံစားနေကြရကြောင်း ရာဇီဒီအခွင့်အရေး တက်ကြွလှုပ်ရှားသူ ခိုဒါဒ်ဒိုမိကအေအက်ဖ်ပီ သတင်းအေဂျင်စီသို့ ပြောသည်။ **(ဘီဘီစီ)**

အီဂျစ်၌ ကြက်ငှက်တုပ်ကွေးကူးစက်မှု သူနာပြုတစ်ဦးသေဆုံး

ကိုင်ရို ဇန်နဝါရီ ၁၈

အီဂျစ်တောင်ပိုင်း၌ H5N1 ကြက်ငှက်တုပ်ကွေးရောဂါကြောင့် အမျိုးသမီးတစ်ဦး သေဆုံးခဲ့သည်။ ယခုနှစ်အတွင်း အဆိုပါကူးစက်ရောဂါကြောင့် အီဂျစ်နိုင်ငံအတွင်း တတိယမြောက် သေဆုံးမှုဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောခဲ့သည်။

အသက် ၄၃ နှစ်အရွယ် အဆိုပါ အမျိုးသမီးသည် သူနာပြုတစ်ဦးဖြစ်ပြီး ၎င်းအလုပ်လုပ်ကိုင်နေသည့် ဆေးရုံ၌ ငါးရက်ကြာ ဆေးကုသခဲ့ပြီးနောက် သေဆုံးခဲ့ခြင်းဖြစ်သည်ဟု ဒေသကျန်းမာရေးဌာန အရာရှိတစ်ဦးက ဆိုသည်။

၎င်း၏နေအိမ်၌ ကြက်များ မွေးမြူထားခြင်းကြောင့် ရောဂါကူးစက်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

H5N1 ရောဂါကူးစက်မှုသည် အီဂျစ်နိုင်ငံ ပြည်သူများအကြား အလျင်အမြန် ပျံ့နှံ့လျက်ရှိရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၄ရက်မှ ဇန်နဝါရီ ၆ ရက်အတွင်း အီဂျစ်နိုင်ငံ၌ သေဆုံးသူလေးဦးအပါအဝင် ကူးစက်ခံရသူ ၁၈ ဦးရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတည်ပြုပြောကြားခဲ့သည်။

၂၀၁၄ ခုနှစ်အတွင်း မြောက်အာဖရိက၌ ဖျားနာမှုကြောင့် ၁၀ ဦးထက်မနည်း သေဆုံးခဲ့သည်။

အီဂျစ်၌ ယင်းရောဂါကူးစက်မှုကို နိုင်ငံတောင်ပိုင်းရှိ ဆင်းရဲနွမ်းပါးသော ကျေးလက်ဒေသများ၌ အများဆုံးတွေ့ရသည်။ အဆိုပါဒေသများ၌ အမျိုးသမီးများသည် နေအိမ်များ၌ ကြက်မွေးမြူထုတ်လုပ်ရေးပြုလုပ်ကြသည်။ ၂၀၀၃ ခုနှစ်က တွေ့ရှိခဲ့သော H5N1 ကြောင့် လူ ၄၀၀ ကျော် သေဆုံးခဲ့ရာ အများစုမှာ အရှေ့တောင်အာရှဒေသမှဖြစ်ကြသည်။

ကြက်ငှက်တုပ်ကွေး ရောဂါတစ်မျိုးဖြစ်သည့် H7N9 သည်လည်း ၂၀၁၃ ခုနှစ်က ပေါ်ထွက်ခဲ့ပြီး လူ ၁၇၀ ကျော်သေဆုံးစေခဲ့သည်။ **(ပရက်စ်တီဗွီ)**

ဖိလစ်ပိုင်အလယ်ပိုင်းရှိ မိသားစု ၂၀၀၀ ကျော် မုန်တိုင်းလွတ်ရာသို့ ရွှေ့ပြောင်း

မနီလာ ဇန်နဝါရီ ၁၈

မက္ခလာအပူပိုင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်းပြည်နယ်ခြောက်ခုရှိ အနည်းဆုံး မိသားစု ၂၀၀၀ ခန့်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးခဲ့ရကြောင်း နိုင်ငံ၏ သဘာဝဘေး အန္တရာယ် စီမံခန့်ခွဲရေးအေဂျင်စီက တနင်္ဂနွေနေ့က ပြောခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံ အလယ်ပိုင်း တက်ကလိုဘန်မြို့တွင် စနေနေ့ က လေပြင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် အသက် ၂၇ နှစ်အရွယ် လုပ်အားပေးတစ်ဦး ငြိမ်းစင်ပြိုလဲရာမှ ကျလာသော အသံချဲ့စက်နှင့် ထိခိုက်မိပြီး သေဆုံးခဲ့ရသည်ဟု ဖိလစ်ပိုင် သဘာဝဘေးအန္တရာယ်လျှော့ချရေးနှင့် စီမံခန့်ခွဲရေးကောင်စီ (NDRRMC)က ပြောသည်။

ရာသီဥတုဆိုးရွားမှုကြောင့် ပြည်တွင်း လေကြောင်းခရီးစဉ် ၂၆ ခုကို ဖျက်သိမ်းခဲ့ရသည်။ ထို့အပြင် ခရီးသည် ၁၁၆၀၀မှာ ရာသီဥတု ဆိုးရွားမှုကြောင့် ဒေသရှစ်ခုတို့တွင် သောင်တင်နေသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် အနည်းဆုံး ဒေသခြောက်ခုအထိ လျှပ်စစ်ဓာတ်အား ပြတ်တောက်ခဲ့သည်။ မုန်တိုင်းသည် တစ်နာရီလျှင် ၈၅ ကီလိုမီတာမှ ၁၀၀ ကီလိုမီတာအထိ တိုက်ခတ်ခဲ့ပြီးမြေနိမ့်ပိုင်းနှင့် တောင်တန်းဒေသများတွင် မြေပြိုမှုနှင့် ရေကြီးမှုများဖြစ် ပေါ်လာနိုင်သည့်အတွက်မုန်တိုင်းအန္တရာယ်သတိပေးချက်များ ထုတ်ပြန်ထားသည်။ **(ဆင်ဟွာ)**

ဗြိတိန်နိုင်ငံ၏ အသက်အကြီးဆုံး အမျိုးသမီး၏ (၁၁၂)နှစ်မြောက် မွေးနေ့ကျင်းပ

လန်ဒန် ဇန်နဝါရီ ၁၈

ဗြိတိန်နိုင်ငံ၏ အသက်အကြီးဆုံး အမျိုးသမီးတစ်ဦး၏ (၁၁၂) နှစ်မြောက် မွေးနေ့ကို ဇန်နဝါရီ ၁၈ ရက်က ကျင်းပခဲ့သည်။

ဂလက်ဒီဟူးပါးသည် အသက် ၁၁၄ နှစ်ရှိ အီသယ်လန်းသည် ကြာသ ပတေးနေ့က သေဆုံးခဲ့ပြီးနောက် နိုင်ငံ၏ အသက်ကြီးဆုံး လူသားဖြစ်လာခဲ့ သည်။

မြေးလေးဦးနှင့် မြစ်ခြောက်ဦးရှိသူ မစ္စ ဟူးပါးကို ရှိုက်ညီအစ်ကို၏ ပထမဆုံး လေယာဉ်ထီထွင်ခဲ့သည့်နှစ်က မွေးဖွားခဲ့ခြင်း ဖြစ်သည်။

မစ္စဟူးပါးကို အသက်ရှည်ရသည့်လျှို့ဝှက်ချက်ကို မေးသည့်အခါ ၎င်းသည် ငြိမ်နေသည်ထက် အမြဲလှုပ်လှုပ်ရှားရှား လုပ်ဆောင်နေလျက်ရှိကြောင်း၊ သို့သော်လည်း ယခုအခါ ယင်းကဲ့သို့ မလုပ်ဆောင်နိုင်တော့ကြောင်း ဖြေကြားခဲ့သည်။

၎င်းကို လန်ဒန်အရှေ့တောင်ပိုင်း ဒူးလ်ဝစ်ချ်၌ ၁၉၀၃ ခုနှစ် ဇန်နဝါရီ ၁၈ ရက်က မွေးဖွားခဲ့ပြီး

မွေးချင်း ခြောက်ဦးရှိရာ ယခုအခါ မစ္စ ဟူးပါးတစ်ဦးသာ ရှိတော့သည်။ ၎င်းသည် ၁၉၂၀ ခုနှစ်အတွင်း ကားငှားရမ်းခြင်းလုပ်ငန်း မလုပ်ကိုင်မီ စန္ဒရားဆရာတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့သည်။ **(ဘီဘီစီ)**

နိုင်ငံတကာသတင်းတိုများ

ကနေဒါရဲနှစ်ဦးအား ပစ်ခတ်ခဲ့သည်ဟု သံသယရှိသူ သေဆုံးလျက်တွေ့

အော့တဝါ ဇန်နဝါရီ ၁၈

ကနေဒါရဲအရာရှိနှစ်ဦးအား သေနတ်ဖြင့် ပစ်ခတ်ခဲ့သည်ဟု သံသယရှိသူတစ်ဦး၏ အလောင်းကို အစိုးရအရာရှိများက ကနေဒါနိုင်ငံအနောက်ပိုင်းရှိ အယ်ဗာတာပြည်နယ်၌ တွေ့ရှိခဲ့ရသည်ဟု သိရသည်။

အဆိုပါ သံသယရှိသူအား နောက်ယောင်ခံလိုက်ခဲ့ရာတွင် အယ်ကာတာအရှေ့ပိုင်း စိန့်အဲလ်ဘတ်မြို့ ကျေးလက်ဒေသရှိ နေအိမ်လွတ် တစ်လုံးတွင် သေဆုံးလျက်တွေ့ရှိရကြောင်း ကနေဒါတော်ဝင်မြင်းစီးရဲတပ်ဖွဲ့(အာရ်စီအမ်ပီ)က စနေနေ့က ပြောကြားခဲ့သည်။

မည်သို့ သေဆုံးရသည်ကိုမူ အာရ်စီအမ်ပီက ထုတ်ဖော်ပြောကြားခြင်း မပြုခဲ့ပေ။

ရဲတပ်ဖွဲ့က ၎င်းအားဖမ်းဆီးရန်ကြိုးပမ်းရာ၌ သေနတ်ဖြင့်ပစ်ခတ်ခဲ့ခြင်း မရှိသလို ၎င်းနှင့် စကားပြောဆိုခဲ့ခြင်းလည်း မရှိဟုဆိုသည်။ သေနတ်ပစ်ခံခဲ့ရသည့် ရဲအရာရှိနှစ်ဦးမှာ ဒဏ်ရာအပြင်းအထန်ရရှိခဲ့ပြီး တစ်ဦးမှာ အသက်ဆုံးရှုံးရဖွယ်ရှိသည်။

ရဲအရာရှိနှစ်ဦးသည် စနေနေ့ အစောပိုင်းက အယ်ဗာတာပြည်နယ် အက်ဒမန်တန်မြို့တွင် ခိုးယူသည်ဟု ယူဆရသည့်ယာဉ်တစ်စီးကို ပုံမှန်စစ်ဆေးမှုများ ဆောင်ရွက်နေစဉ်ပစ်ခတ်ခြင်းခံခဲ့ရသည်။ သံသယရှိသူကို ရဲများက ဖော်ထုတ်ခဲ့သော်လည်း အထောက်အထားခိုင်လုံခြင်း မရှိသေးပေ။ **(ပရက်စ်တီဗွီ)**

အကြမ်းဖက်မှုများပြုလုပ်ရန် အိုင်အက်စ်အိုင်အယ်လ်က တက်ဖရီအုပ်စုဝင် အမျိုးသမီးများ အသုံးပြု

လန်ဒန် ဇန်နဝါရီ ၁၈

ဆီးရီးယားနိုင်ငံရှိ အိုင်အက်စ်အိုင်အယ်လ် တက်ဖရီအကြမ်းဖက်အုပ်စုနှင့် အဆက်အသွယ်ရှိသော ဗြိတိန်အမျိုးသမီးအုပ်စုတစ်စုသည် ဗြိတိန်နိုင်ငံတွင် အကြမ်းဖက်မှုများပြုလုပ်ရန် အမျိုးသမီးများကို ပစ်မှတ်ထား ဆွဲဆောင်စည်းရုံးလျက်ရှိကြောင်း ဗြိတိန်သတင်းစာများက ဖော်ပြကြသည်။

ဆီးရီးယားနိုင်ငံ မြောက်ပိုင်းရှိ ဗြိတိန်နိုင်ငံသူ ၃၀ နီးပါးပါဝင်သော တက်ဖရီအုပ်စုသည် ဗြိတိန်နိုင်ငံတွင် အကြမ်းဖက်မှုများပြုလုပ်ရန် လှုံ့ဆော်လျက်ရှိကြောင်း လန်ဒန်ဘုရင့်ကောလိပ်ရှိ အပြည်ပြည်ဆိုင်ရာ အစွန်းရောက်လေ့လာရေးဗဟိုဌာန အိုင်စီအက်စ်အာက ဖော်ထုတ်ခဲ့ကြောင်း အော့ဆာဗာသတင်းစာက ပြောကြားသည်။

အစီရင်ခံစာအရ အိုင်စီအက်စ်အာက စောင့်ကြည့်လေ့လာနေသော အမျိုးသမီးလူမှုမီဒီယာစာရင်းများတွင် အိုင်အက်စ်အိုင်အယ်လ်အတွက် လူသစ်စုဆောင်းပေးမှုများ၊ ချာလီဟက်ဒိုမဂ္ဂဇင်းတိုက်ကို တိုက်ခိုက်မှုအပေါ်တွင် အားပေးချီးမြှောက်မှုများနှင့် အနောက်နိုင်ငံသားများကို ခေါင်းဖြတ်သတ်ဖြတ်မှုများနှင့် သွေးထွက်သံယိုမှုများကို အားပေးလျက်ရှိကြောင်း သိရသည်။

ထို့ပြင် အိုင်အက်စ်အိုင်အယ်လ်နှင့် ဆက်သွယ်ထားသော အနောက်တိုင်းအမျိုးသမီးများသည် ရုပ်သေးရုပ်မျှသာဖြစ်ပြီး တက်ဖရီစစ်သွေးကြွများနှင့် လက်ထပ်ကာ စစ်ပွဲနှင့်ကင်းဝေးသော နေရာတွင် ၎င်းတို့၏ ကလေးမွေးဖွားပေးရန်သာဖြစ်သည်ဟု အစီရင်ခံစာအရ သိရသည်။

သို့သော်လည်း ဗြိတိန်တစ်ဝန်းလုံးရှိရဲများသည် အကြမ်းဖက် တိုက်ခိုက်မှုများအတွက် ကြိုတင်ကာကွယ်မှုများ ပြုလုပ်လျက်ရှိပြီး ဂျာမနီ၊ ပြင်သစ်၊ ဘယ်လ်ဂျီယံနိုင်ငံများ၌ အကြမ်းဖက်သမားဟု ယူဆခံရသူများ အဖမ်းခံရပြီးနောက် ဥရောပတစ်ဝန်းလုံးတွင် ကြီးမားသည့် တပ်လှန့်နှိုးဆော်မှုများ ပြုလုပ်ထားသည်။ **(ပရက်စ်တီဗွီ)**

ပိုလ်တထောင်မြို့နယ် ပိုလ်ကလေးဈေးအနီးအော်ဟစ်ဆဲဆိုသူ လူငယ်လေးဦးနှင့် ရပ်ကွက်နေလူငယ်များ ခိုက်ရန်ဖြစ်ပွား

ရန်ကုန် ဇန်နဝါရီ ၁၈

အော်ဟစ်ဆဲဆိုသူ လူငယ်လေးဦးနှင့် ရပ်ကွက်နေလူငယ်များ ခိုက်ရန်ဖြစ်ပွားခဲ့ကြသော ဖြစ်စဉ် ပိုလ်တထောင်မြို့နယ် ပိုလ်ကလေးဈေးအနီး၌ ဇန်နဝါရီ ၁၇ ရက် နံနက်အစောပိုင်းက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၁၇ ရက် နံနက် ၁ နာရီက ပိုလ်တထောင်မြို့နယ်(၆)ရပ်ကွက်၊ (၄၃)လမ်း၊ အမှတ်(၂၅)(ပ)ထပ်တွင် ငှားရမ်းနေထိုင်သော ကျော်စွာလင်း(၂၃ နှစ်)၊ ဇစ်တာ(၂၄ နှစ်)၊ ထက်လင်း(၁၉ နှစ်)၊ အောင်သောင်းဦး(၂၃ နှစ်)တို့ လေးဦးမှာ ရပ်ကွက်အတွင်း အော်ဟစ်ဆဲဆိုခဲ့ကြသဖြင့် ရပ်ကွက်နေပြည်သူများ နိုးလာကြပြီး အုပ်ချုပ်ရေးမှူးဦးဇော်လင်း၊ ရပ်မိရပ်ဖ ဦးမြင့်အောင်နှင့် ဦးစိန်ဝင်းတို့အဖွဲ့မှ ဆဲဆိုခြင်းမပြုရန် တားမြစ်ခဲ့ရာ ၎င်းတို့လေးဦးမှ ဆဲဆိုကြိမ်းမောင်း၍ ဦးစိန်ဝင်းကို ဆောင့်တွန်းခဲ့သဖြင့်လဲကျခဲ့ပြီး ခါးနာကျင်ဒဏ်ရာ ရရှိခဲ့ကြောင်း၊ ၎င်းတို့လေးဦးမှ ထပ်မံအော်ဟစ်ဆဲဆို၍ ကုန်သည်လမ်းအတိုင်း ဆက်လက်ထွက်သွားခဲ့ကြရာ (၈)ရပ်ကွက်၊ (၄၁)လမ်းပေါ်အရောက် ရပ်ကွက်အတွင်းရှိ လူငယ်များက အော်ဟစ်ဆူညံခြင်းမပြုရန် တားမြစ်ခဲ့ရာမှ ကျော်စွာလင်းပါ လေးဦးနှင့် ခိုက်ရန်ဖြစ်ပွားခဲ့ကြသဖြင့် ပိုလ်တထောင်မြို့မရဲစခန်း လှည့်ကင်းအဖွဲ့က တွေ့ရှိထိန်းသိမ်းခဲ့ရကြောင်း သိရသည်။

အဆိုပါ ခိုက်ရန်ဖြစ်ပွားမှုကြောင့် ဇစ်တာ၊ ကျော်စွာလင်းနှင့်ထက်လင်းတို့သုံးဦးတွင် နာကျင်ဒဏ်ရာများ ရရှိကာ ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီးတွင် ပြင်ပလူနာအဖြစ် ဆေးကုသခဲ့ရပြီး အောင်သောင်းဦးမှာ ရန်ကုန်ဆေးရုံကြီးတွင် အတွင်းလူနာအဖြစ် ကုသမှုခံယူခဲ့ရသဖြင့် ၎င်းတို့အား ဒဏ်ရာများရရှိအောင် ပြုလုပ်သူများကို စုံစမ်းအရေးယူပေးရန် ထက်လင်းမှ တိုင်တန်းချက်အရ ပိုလ်တထောင်မြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ စုံစမ်းဆောင်ရွက်ခဲ့ကြောင်းနှင့်တစ်ဖက်မှလည်း ဦးစိန်ဝင်းတွင် ခါးနာကျင်ဒဏ်ရာများရရှိခဲ့သဖြင့် ကျော်စွာလင်းပါ လေးဦးတို့အား အရေးယူပေးရန် အမှတ်(၆)ရပ်ကွက် ရပ်မိရပ်ဖဖြစ်သည့် ဦးမြင့်အောင်က တိုင်တန်းချက်အရ ပိုလ်တထောင်မြို့မရဲစခန်းက အမှုဖွင့်လှစ်ကာ စုံစမ်းဆောင်ရွက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ စုံစမ်းရာ ရပ်ကွက်အတွင်း အော်ဟစ်ဆဲဆိုသူ ကျော်စွာလင်း၊ အောင်သောင်း၊ ထက်လင်း၊ ဇစ်တာနှင့်ဟိန်းတေဇာတို့မှာ(၄၃)လမ်း၊ အမှတ်(၂၅)၊ (ပ)ထပ်ရှိ ပိုင်ရှင်ကိုမျိုးထွေး၏နေအိမ်ခန်းကို ငှားရမ်းနေထိုင်သူ ဟိန်းရာဇာထွန်း၏အခန်းတွင် ဧည့်စာရင်းမတိုင်ဘဲ လာရောက်နေထိုင်ကြသူများဖြစ်ပြီး အရက်သောက်စား၍ ရပ်ကွက်အတွင်း အော်ဟစ်ဆဲဆိုရာမှ ခိုက်ရန်ဖြစ်ပွားခဲ့ကြပြီး အပြန်အလှန်အမှုဖွင့် တိုင်တန်းခဲ့ကြကြောင်း ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဇန်နဝါရီ ၁၈ ရက်က ထုတ်ပြန်သည်။

စိုးဝင်း(SP)

ပြည်တွင်းသတင်း

မော်တော်ယာဉ်ဖြင့် မက်သာအက်ဖီတမင်းများသယ်ဆောင်လာစဉ် ဖမ်းဆီးရမိ

နောင်ချို ဇန်နဝါရီ ၁၈

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စု (၂၄) လားရှိုး နောင်ချိုလှုပ်ရှားဆွယ်မှ ရဲအုပ်ဇော်လင်းကျော် ဦးစီးသောတပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့အေးရှားဝေါလ်တိုးဂိတ်အနီး မူးယစ်ရိပ်သာရှေ့တွင် သက်သေများနှင့်အတူ ဇန်နဝါရီ ၁၆ ရက် ည ၇ နာရီက သတင်းအရ စောင့်ဆိုင်းနေစဉ် ကျောက်မဲမြို့နယ် ပင်တိန်ကျေးရွာဘက်မှ နောင်ချိုမြို့ဘက်သို့ ယာဉ်မောင်းဘောဂ မောင်းနှင်လာပြီး ရှေ့ခန်းတွင် အိုက်ပီးလိုက်ပါလာသော 7B/--- မီးခိုးရောင်ပါဂျဲရိုး မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရာ ယာဉ်ရှေ့ခန်း အင်ဂျင်ညာဘက်ခြမ်းတွင် သိုဝှက်သယ်ဆောင်လာသော မက်သာအက်ဖီတမင်း(ICE) ဟုယူဆရသော အဖြူရောင်အခဲတစ်ကီလို ရှစ်ဂရမ်ခန့်ပါငါးထုပ်၊ ငါးကီလိုဂရမ်ခန့်၊ ၄၀၀ ဂရမ်ခန့်ပါတစ်ထုပ် စုစုပေါင်း ခြောက်ထုပ်၊ အလေးချိန် ၅ ဒသမ ၄ ကီလိုဂရမ်ခန့်အား ရှာဖွေသိမ်းဆည်းရမိသည်။ ယာဉ်မောင်းဘောဂနှင့် အိုက်ပီးတို့က ယာဉ်နှင့်မူးယစ် ဆေးဝါးများကို သယ်ဆောင်ခငွေကျပ် ၂၅၀၀၀ ရရှိပြီး ကျောက်မဲမြို့နယ် ပင်တိန်ကျေးရွာမှ နောင်ချိုမြို့နယ် အုမ္မသီးလမ်းခွဲသို့ ပို့ဆောင်ခိုင်း၍ သယ်ဆောင်လာခဲ့ကြောင်း ပြောပြသဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်လာကြသူများဖြစ်သည့် ဘောဂ(၄၂နှစ်) အမှတ် (၈၀) ပင်တိန်ကျေးရွာ ကျောက်မဲမြို့နယ် အိုက်ပီး(၃၈ နှစ်)တို့နှင့် မူးယစ်ဆေးဝါးသယ်ဆောင်ခိုင်းသူ အိုက်က(၃၅ နှစ်) ပင်တိန်ကျေးရွာ ကျောက်မဲမြို့နယ်စုံစမ်းဆဲသုံးဦးတို့ကို နောင်ချိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

(ဝဇ၁)

မင်းလှမြို့နယ် တရားမဝင် ရေနံတူးဖော်သည့်ရေနံတွင်းအနီး မီးလောင်မှုဖြစ်ပွား

မင်းလှ ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် ဒဟတ်ပင်ရေနံမှော် မြကင်းတောင်ခြေတွင် ဇန်နဝါရီ ၁၄ ရက် မွန်းလွဲ ၂ နာရီက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သတင်းအရ မင်းလှမြို့မြို့မရဲစခန်းမှ ရဲအုပ်အောင်မင်းထွေးနှင့်အဖွဲ့ အခင်းဖြစ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ မြကင်းတောင်ခြေတွင် တရားမဝင်ရေနံတူးဖော်နေသော ရေနံတွင်းမှ ကုလား(ခ)ဇော်ဝင်း(၄၁ နှစ်) ရေနံတူးလုပ်သား စံပြကျေးရွာ ပွင့်ဖြူမြို့နယ်နေသူက ရေနံတွင်းအနီးရှိ ရေနံစိမ်းကန်မှ ၎င်းပိုင်ယာဉ်အမှတ်စုံစမ်းဆဲ ဖောလ်ကားယာဉ်ပေါ်ရှိ ပီပါများအတွင်းသို့ ပွန်ဒါအင်ဂျင်စက်ဖြင့် စုပ်တင်စဉ် စက်၏အိတ်ဇောပေါ်သို့ ရေနံများ ဖိတ်စင်ကျရာမှ မီးလောင်ကျွမ်းမှု စတင်ဖြစ်ပွားကြောင်း၊ အဆိုပါမီးလောင်မှုကြောင့် အင်ဂျင်စက်နှင့် ရေနံစိမ်းတစ်ပီပါ၊ တန်ဖိုးငွေကျပ် ၁၆၀၀၀၀ ခန့် ဆုံးရှုံးခဲ့သဖြင့် တရားမဝင် ရေနံတူးဖော်လုပ်ကိုင်သူ ကုလား(ခ)ဇော်ဝင်းအား ရဲအုပ်အောင်မင်းထွေးက အမှုဖွင့်တိုင်တန်းခဲ့သဖြင့် မင်းလှမြို့မရဲစခန်းမှ နိုင်ငံတော်ပိုင် စီးပွားရေးကာကွယ်ရေး အက်ဥပဒေအရ အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ကျော်ဇေယျ

အမ်ပီသရီးဆောင်းဘောက်အားသွင်းရာမှ မီးလောင်မှုဖြစ်ပွား

မုဒုံ ဇန်နဝါရီ ၁၈

အိပ်ခန်းအပေါ်ထပ်တွင် MP 3 Song Box ကို တစ်ညလုံးမီးပလပ်ပေါက်ထိုး၍ အားသွင်းထားရာမှ အပူရှိန်လွန်ကဲပြီး မီးလောင်မှုဖြစ်ပွားခဲ့သော ဖြစ်စဉ်မုဒုံမြို့နယ် တော်ကူးကျေးရွာ ဗိုလ်ချုပ်လမ်းတွင် ဇန်နဝါရီ ၁၈ ရက် နံနက် ၄ နာရီခွဲက ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ မုဒုံမြို့နယ် တော်ကူးကျေးရွာ ဗိုလ်ချုပ်လမ်း (မ/၆၅)နေ ဦးသန်းထွန်း(၄၉ နှစ်)၏ နေအိမ်အပေါ်ထပ်တွင် MP3 Song Box ကို တစ်ညလုံး မီးပလပ်ပေါက်ထိုး၍ အားသွင်းထားရာမှ အပူရှိန်လွန်ကဲပြီး ဝိုင်ယာရှော့ခ်ဖြစ်ကာ နေအိမ်မီးလောင်ကျွမ်းခဲ့ကြောင်း သိရသည်။

မီးလောင်မှု ဖြစ်ပွားရာသို့ မုဒုံမြို့နယ် အုပ်ချုပ်ရေးမှူး ဦးမြင့်အောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူး ငွေသိန်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးမှူး ဦးမြင့်ဦးနှင့် သန္ဓေမီးသတ်တပ်ဖွဲ့ဝင်များ၊ မုဒုံမြို့နယ် မီးသတ်စခန်းမှ မီးသတ်ယာဉ်နှစ်စီး၊ ရေသယ်ယာဉ် တစ်စီး၊ ကမာဝက်မြို့မှ မီးသတ်ယာဉ် တစ်စီးနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျေးရွာ ပြည်သူများ စုပေါင်းဝိုင်းဝန်းငြိမ်းသတ်ခဲ့ရာ နံနက် ၄နာရီ ၄၅ မိနစ်တွင် မီးကိုထိန်းနိုင်ခဲ့ပြီး နံနက် ၅ နာရီတွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ မီးပေါ့ဆမှုကြောင့် နေအိမ်တစ်လုံး မီးလောင်ကျွမ်းဆုံးရှုံးစေခဲ့သူ ဦးသန်းထွန်း(၄၉ နှစ်)ကို မုဒုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၁၀၈)

လားရှိုးမြို့တွင် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၈

ဇန်နဝါရီ ၁၆ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် လားရှိုးမြို့အဝင် ဟိုပိတ်အေးရှားဝေါလ်တိုးဂိတ်တွင် သိန်းနီမြို့မှ လားရှိုးမြို့ဘက်သို့ အားဝေ(ခ)သားဝေ မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ထိုင်ခုံအတွင်း အံဝှက်ပြုလုပ်၍ သိုဝှက်သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀၀၀ သိမ်းဆည်းရမိသဖြင့် အားဝေ(ခ)သားဝေ(၂၃ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

(မူးယစ်ဗဟို)

ကျိုင်းတုံမြို့နယ် ယန်းကျိမ်ကျေးရွာအုပ်စု တင်ထက်ကျေးရွာ၌ လူမနေသည့်အိမ် မီးလောင်မှုဖြစ်

ကျိုင်းတုံ ဇန်နဝါရီ ၁၈

ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံ-မိုင်းလားသွား လမ်းဘေး ယန်းကျိမ်ကျေးရွာအုပ်စု တင်ထက်ကျေးရွာ မိုင်တိုင်အမှတ် (၉/၁) အနီးရှိ ပေ (၃၀ × ၂၀) အုတ်ညှပ်၊ ပျဉ်ကာ၊ သွပ်မိုးနှစ်ထပ်အိမ် တစ်လုံး ဇန်နဝါရီ ၁၆ ရက် ညနေက မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ နေအိမ်ပိုင်ရှင် ဦးစိုင်းလုံသည် ခရီးလွန်လျက်ရှိပြီး ညနေ ၅ နာရီ ၄၅ မိနစ်က အိမ်၏ အနောက်ဘက် အမှိုက်ပုံမှ တစ်ဆင့် ကူးစက်မီးလောင်ခဲ့ခြင်း ဖြစ်သည်။

မီးလောင်မှု ဖြစ်ပွားရာသို့ ကျိုင်းတုံ မီးသတ်တပ်ဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်သူနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ကျိုင်းတုံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ရွှေ၊ မြို့နယ် အုပ်ချုပ်ရေးမှူးအဖွဲ့တို့ မီးလောင်ရာသို့ရောက်ရှိခဲ့ပြီး မီးငြိမ်းသတ်ခြင်း၊ ခရီးသွားယာဉ်ပိတ်ဆို့မှု မဖြစ်စေရေးတို့ ဆောင်ရွက်ခဲ့ရာ ညနေ ၆နာရီမိနစ် ၂၀ တွင် မီးလောင်မှုအရှိန်ရပ်တန့်၍ ပတ်ဝန်းကျင်မီးကူးစက်နိုင်မှုအခြေအနေကို ထိန်းနိုင်ခဲ့ပြီး ညနေ ၆ နာရီခွဲတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။

ဖြစ်စဉ်၌လူ၊ တိရစ္ဆာန်၊ သီးနှံတို့ ဆုံးရှုံးမှုမရှိကြောင်း သိရသည်။ အချိန်မီ မီးငြိမ်းသတ်နိုင်မှုနှင့်ပတ်သက်၍ "ကျွန်တော်တို့ ယန်းကျိမ်အုပ်စုဟာ ကျိုင်းတုံရဲ့ စပါးကျီတစ်ခုပါ။ အခုလို ရိတ်သိမ်းပြီးချိန်မှာ အိမ်တိုင်းမှာ ဆန်စပါးရှိတယ်။ တစ်အိမ်နဲ့ တစ်အိမ်အလှမ်းဝေးပေမယ့်မီးဆိုတာ ပြောလို့မရဘူး။ ကြားထဲမှာလည်း မီးလောင်လွယ်တဲ့ ကိုင်းတောတွေရှိပါတယ်။ သို့ပေမယ့် ကျိုင်းတုံမြို့ပေါ်က မီးသတ်တပ်ဖွဲ့တွေနဲ့ တာဝန်ရှိသူတွေ အချိန်မီရောက်လာလို့ကျေးဇူးတင်ပါတယ်"ဟုကျေးရွာအုပ်ချုပ်ရေးမှူးက ပြောသည်။ **မောင်မောင်နိုင်(iprd)**

Y.E.S. Since 1994
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)
International English Language Centre

Basic Spoken English
Mon to Thurs-7:30-9:30am 12,26 Jan
Mon to Thurs-10:00-12:00am 12 Jan,9 Feb
Mon to Thurs 1:00-3:00pm 12,26 Jan,9 Feb
Sat & Sun - 12:30-3:30 pm 24 Jan
Sat & Sun - 3:45-6:45 pm 24 Jan
Mon to Thurs-5:30-7:00pm 26 Jan

Pre-Intermediate English
Mon to Thurs 1:00-3:00pm 12 Jan
Mon to Thurs-5:00-7:00pm 19 Jan
Mon to Thurs-10:30-12:30 am 26 Jan

Grammar Foundation Course
Mon to Thurs - 1:00-2:30 pm 12 Jan
Sat & Sun - 9:00-12:00 am 24 Jan
Mon to Thurs-3:30-5:00pm 26 Jan

Intermediate English
Mon to Thurs 1:00-3:00pm 12 Jan

Structure & Written Expression
Mon to Thurs-4:00-5:30-7:00 pm 19 Jan
Sat & Sun - 3:30-6:30 pm 24 Jan

Vocabulary Enrichment Course
Sat & Sun - 10:00-12:00 am 24 Jan

Basic Writing Course
Sat & Sun - 3:45 - 6:15 pm 17 Jan
Mon to Thurs - 10:00 - 12:00am 19 Jan
Mon to Thurs - 3:00 - 4:30pm 19 Jan

Academic Writing Course
Sat & Sun - 5:00 - 7:00 pm 10 Jan

SAT Mon to Thurs -3:30-5:00pm 12 Jan
TOEFL Mon to Thurs-5:30-7:00pm 12 Jan
IELTS(Speaking), IELTS(Test Practice), API

No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 246910

ဥပဒေရေးရာ

ပြည်သူများအနေဖြင့် ဥပဒေရေးရာများကို ပိုမိုသိရှိနားလည်စေရန်အတွက် သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း၏ အများပြည်သူဝန်ဆောင်မှုစံနှုန်းနှင့်ကိုက်ညီသည့် ဥပဒေဆိုင်ရာ ဆောင်းပါးများကို အခါအားလျော်စွာ ဖော်ပြသွားမည်ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ဥပဒေရေးရာ စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့်ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။

လိုနေသော ကွက်လပ်လေးများ (၂)

သက်နိုင်ညွှန့်

မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေး၊ ဥပဒေပြုရေးစနစ်များကို ပြုပြင်ပြောင်းလဲခဲ့သည်မှာ သုံးနှစ်ကျော်ခဲ့ပြီဖြစ်ကြောင်း၊ ထိုသုံးနှစ်တာကာလအတွင်း ပြည်ထောင်စုလွှတ်တော်၏ ဥပဒေပြုရေးလုပ်ငန်းစဉ်များ၏ အသီးအပွင့်များကို ပြည်သူများ အတိုင်းအတာတစ်ခုအထိ ခံစားနေရပြီဖြစ်ကြောင်း၊ ထိုသို့ခံစားရသည့်အလျောက် ပြည်သူများက ဒီမိုကရေစီအခွင့်အရေးများ ရရှိခံစားနိုင်အောင် စွမ်းဆောင်ပေးမည့် ဥပဒေသစ်များကို ပိုမိုမျှော်လင့်လျက်ရှိကြောင်း၊ သို့ဖြစ်ရာ ဥပဒေအမျိုးအစားများအလိုက် အချိန်အခါနှင့်အညီ ဦးစားပေးဆွေးနွေးပြဋ္ဌာန်းပေးခြင်းဖြင့် ပြည်သူများ လိုအပ်နေသည့် ကွက်လပ်များကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်ချက်ဖြင့် **“လိုနေသော ကွက်လပ်လေးများ”** ဆိုသည့် ခေါင်းစဉ်ဖြင့် ၁၉-၁၂-၂၀၁၄ ရက်နေ့က မြန်မာ့အလင်းသတင်းစာတွင် ကျွန်တော်ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့ပါသည်။

ယခုအခါ လွှတ်တော်အစည်းအဝေးများ ပြန်လည်ကျင်းပတော့မည်ဖြစ်ကြောင်း သိရပါသည်။ အညီ ဥပဒေအမျိုးအစားများအလိုက် ဥပဒေ ၁၃၃ ခုကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်းဖြစ်ပါသည်။ ထိုဒီမိုကရေစီ အခွင့်အရေးများ၏ အကျိုးဆက်အဖြစ်လည်းကောင်း၊ ပြည်သူများ၏ လိုအပ်ချက်အဖြစ်လည်းကောင်း ဥပဒေသစ်များ ဆက်လက် ပြဋ္ဌာန်းပေးနိုင်ရန်လည်း မျှော်လင့်လျက်ရှိပါသည်။

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ပုဒ်မ (၉၅) မှ (၁၀၇)အထိပြဋ္ဌာန်းထားရှိမှုများတွင် **ပြည်ထောင်စုလွှတ်တော်သည် ဥပဒေပြုခြင်း၊ ဥပဒေတင်သွင်းခြင်းနှင့် ဥပဒေအဖြစ် ထုတ်ပြန်ကြေညာခြင်းများ ဆောင်ရွက်ခွင့်ရှိ**ကြောင်း ဖော်ပြပါရှိသည်။

ကျွန်တော် လက်လှမ်းမီသမျှ လေ့လာခဲ့ရာ ပြည်ထောင်စုလွှတ်တော်က ၂၀၁၁ ခုနှစ် ဧပြီလမှ ၂၀၁၄ ခုနှစ် ဒီဇင်ဘာလ ၁၃ ရက်နေ့အထိ ဥပဒေကြမ်း (၁၇၆) ခု တင်သွင်းခဲ့မှုအနက် (၁၃၃)ခုကို ပြဋ္ဌာန်းပေးနိုင်ခဲ့ပြီး ဥပဒေကြမ်း(၄၃)ခုမှာ ဆောင်ရွက်ဆဲဖြစ်ကြောင်း အောက်ပါဇယားဖြင့် လေ့လာနိုင်ပါသည်-

၂၀၁၁ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း ဥပဒေများ ပြဋ္ဌာန်းနိုင်မှုနှင့် ဆောင်ရွက်မှုအခြေအနေ

စဉ်	ခုနှစ်	တင်ပြသည့် ဥပဒေကြမ်း	ပြဋ္ဌာန်းပြီး ဥပဒေ	လွှတ်တော်တွင်ဆွေးနွေး ဆောင်ရွက်ဆဲ ဥပဒေကြမ်း
၁	၂၀၁၁	၁၅	၁၅	-
၂	၂၀၁၂	၃၀	၂၄	၃
၃	၂၀၁၃	၄၇	၃၇	၇
၄	၂၀၁၄	၈၄	၅၇	၃၃
စုစုပေါင်း		၁၇၆	၁၃၃	၄၃

လွှတ်တော်များ၏ ဥပဒေပြုရေးတာဝန် ကြိုးပမ်းဆောင်ရွက်မှုကို ထိုနိုင်ငံ၏ ဥပဒေအဖြစ် အတည်ပြုထုတ်ပြန်နိုင်မှုများကို ကြည့်လျှင် သိနိုင်ပါသည်။ ပြည်ထောင်စုလွှတ်တော်သည် ပထမအကြိမ်လွှတ်တော်ပုံမှန် အစည်းအဝေးကာလအတွင်း အချိန်အခါနှင့်

အဆိုပါ ပြဋ္ဌာန်းပြီးသော ဥပဒေများတွင် ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်ဥပဒေ၊ တောင်သူလယ်သမားအခွင့်အရေးကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးဥပဒေ စသည့်အခြေအနေ အချိန်အခါနှင့် ဆီလျော်ညီညွတ်သည့် ဥပဒေများပါဝင်သကဲ့သို့ ပြုစုဆဲ ဥပဒေကြမ်းများတွင်လည်း လွှတ်တော်ကိုယ်စားလှယ်တာဝန်မှ ပြန်လည်ရုပ်သိမ်းခြင်းဆိုင်ရာ ဥပဒေကြမ်း၊ မြန်မာ့သတ္တုတွင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း၊ မတရားအသင်းများ အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း၊ ရာဇဝတ်ကျင့်ထုံးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းစသည့် ပြည်သူများ လက်ငင်းရရှိခံစားနိုင်မည့် ဥပဒေသစ်များ ပါဝင်နေသဖြင့် အမြန်ပြဋ္ဌာန်းပေးနိုင်ရန် ပြည်သူများက ပိုမိုမျှော်လင့်လျက်ရှိကြခြင်းဖြစ်ပါသည်။

သို့ဖြစ်ရာ လွှတ်တော်များသည် နိုင်ငံနှင့် ပြည်သူတို့၏ အနာဂတ်အတွက် ဥပဒေသစ်များ ပိုမိုပြဋ္ဌာန်းပေးခြင်းကို အခြေအနေနှင့် အချိန်အခါအလျောက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ပေးကြပါရန် စေတနာရှေ့ထား ရေးသားအပ်ပါသည်။

ဥပဒေ အမျိုးအစားများ အလိုက် အချိန်အခါနှင့် အညီ ဦးစားပေးဆွေးနွေး ပြဋ္ဌာန်း ပေးခြင်းဖြင့် ပြည်သူများ လိုအပ်နေသည့် ကွက်လပ်များ ကို ဖြည့်ဆည်းပေးနိုင်ရန် ရည်ရွယ်

ဒါနအစုစုမျှဝေခြင်းနှင့် တရားပွဲ ဟံသာရိပ်မွန်အိမ်ရာ၌ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကမာရွတ်မြို့နယ် ဥပဏ္ဏမ္ဘကဓမ္မာရုံ ဝေယျာဝစ္စအဖွဲ့မှကြီးမှူး၍ အမှတ်(၄) ရပ်ကွက် ဟံသာရိပ်မွန်အိမ်ရာ မိသားစုများ၏ (၂၅) ကြိမ်မြောက် ဒါနအစုစုအမျှဝေခြင်းနှင့် ဓမ္မပူဇာသဘင်ကို ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ဓမ္မပူဇာသဘင်တွင် ဒေါက်တာအရှင်ပညောဘာသ(ပန်းပျိုးလက်ဆရာတော်)၊ ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိ သာရ (အောင်ဆန်းဆရာတော်)၊ အရှင်ဇာနေယျ (မြစိမ်းတောင်ဆရာတော်)၊ ဘဒ္ဒန္တပညာဝရ(ဓမ္မဒူတ-သိမ်ဇရပ်)၊ ဘဒ္ဒန္တကောသလ္လ (မြေပုံဆရာတော်)၊ ဘဒ္ဒန္တပညာဝံသ (ဝါးခယ်မဆရာတော်)နှင့် ဒေါက်တာဘဒ္ဒန္တကောဝိဒ (မဖ္ဖိမဂုဏ်ရည်ဆရာတော်)တို့က ဇန်နဝါရီ ၂၅ ရက်မှ ၃၁ ရက်အထိ ခုနစ်ရက်တိုင်အောင် တရားရေအေးတိုက်ကျွေးခြင်းကို လည်းကောင်း၊ ဇန်နဝါရီ ၂၄ ရက် ညနေ ၃ နာရီတွင် မြို့နယ်အတွင်း ကျောင်းတိုက် ၁၃ ကျောင်းမှ ပင့်သံဃာ ၂၅၆ ပါးတို့ကို ရပ်ကွက်လုံးကျွတ် ဆွမ်းဆန်တော်လောင်းလှူခြင်းကိုလည်းကောင်း ပြုလုပ်မည်ဖြစ်သည်။

ဥပဏ္ဏမ္ဘကဓမ္မာရုံ ဝေယျာဝစ္စအဖွဲ့အနေဖြင့် ၂၀၁၄ ခုနှစ်အတွင်း ဆောင်ရွက်ခဲ့သော မြတ်လေးရုံဘုန်းတော်ကြီးသင်ကျောင်း၊ ရှင်ပြု၊ ရဟန်းခံ၊ ရိုးရာထမနဲအလှူပွဲ၊ နွေရာသီကျောင်းပိတ်ရက် အခြေခံယဉ်ကျေးမှု ဗုဒ္ဓဘာသာသင်တန်း၊ အသံမစဲမဟာပဋ္ဌာန်းပူဇော်ပွဲ၊ ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ တနင်္ဂနွေ၊ တနင်္လာ ဝါတွင်း ဝါပ အရုဏ်ဆွမ်းလောင်းလှူပွဲ၊ ဆွမ်းဆန်တော်လောင်းလှူပွဲနှင့် ဓမ္မပူဇာတရားအလှူခုနစ်ညတို့ စုပေါင်းကာ ဒါနအစုစုကို ရေစက်ချအမျှဝေကြမည်ဖြစ်သည်။

ခင်မောင်သော်(ကမာရွတ်)

ပျဉ်းမနားမြို့ ယုဇနဈေးတွင် ဇန်နဝါရီ ၁၄ ရက်က မီးငြိမ်းသတ်နည်း သရုပ်ပြလေ့ကျင့်မှုပြုလုပ်ရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကျော်ခိုင်ထွန်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဈေးတာဝန်ခံ ဦးသိန်းဝင်းနိုင်နှင့် ဈေးမိ ဈေးဖများ၊ ဈေးသူ ဈေးသားများကို လက်တွေ့ သရုပ်ပြသစဉ်။

ကိုကိုရှုပ

မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာစီမံကိန်းတိုက်ခန်းများ ပြင်ဆင်မွမ်းမံမှုလုပ်ငန်း မန္တလေးမြို့တော်ဝန်ကြည့်ရှု

မန္တလေး ဇန်နဝါရီ ၁၈

မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ ရောင်းချပေးလျက်ရှိသော မြရည်နန္ဒာ တန်ဖိုးနည်းအိမ်ရာ စီမံကိန်းရှိ တိုက်ခန်းများ၏ ကျန်ရှိသည့် တိုက်ခန်းများအား သက်ပြည့်၊ နှစ်ပြည့် အငြိမ်းစားဝန်ထမ်းများ၊ လက်ရှိတာဝန်ထမ်းဆောင်ဆဲ နိုင်ငံ့ဝန်ထမ်းများ (ဝန်ထမ်းလုပ်သက် ၂၅ နှစ်အထက်ရှိသည့်သူများ)နှင့် တိုင်းပြည်အတွက် အသက်စွန့်လွှတ်ခဲ့ရသူများ၏ မိသားစုများနှင့် ကိုယ်အင်္ဂါစွန့်လွှတ်ခဲ့ရသူများကို ရောင်းချရန် ဇန်နဝါရီ ၁၂ ရက်မှ ၃၀ ရက်အထိ လျှောက်လွှာများကို မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီက ခေါ်ယူခဲ့ကြောင်း သိရသည်။

စည်ပင်သာယာရေး ဝန်ကြီး မြို့တော်ဝန် ဦးအောင်မောင်းနှင့်အဖွဲ့သည် တန်ဖိုးနည်းအိမ်ရာ တိုက်ခန်းများ၌ ရေရရှိရေးအတွက် ရေမီတာများတပ်ဆင်ပြီးစီးမှု၊ လျှပ်စစ်မီးရရှိမှု၊ တိုက်ခန်းများ၏ အဝင်အထွက်လမ်းများကောင်းမွန်စေရန် အခြေခံမြေသားများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်နှင့် ခရိုင်တရားရုံးများ၊ မြို့နယ်တရားရုံးများလုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ဇန်နဝါရီ ၁၇ ရက် နံနက် ၁၀ နာရီက တိုင်းဒေသကြီး တရားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးဝင်းဆွေက အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ် တရားသူကြီးများက မိမိတို့ရုံးဌာနအလိုက် တရားစီရင်ရေးဆိုင်ရာကိစ္စရပ်နှင့် စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြသည်။ ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုပါ အခမ်းအနားသို့ တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးများ၊ တိုင်းဒေသကြီး တရားရေးဦးစီးမှူး၊ ခရိုင်တရားသူကြီးများနှင့် မြို့နယ်တရားသူကြီးများ တက်ရောက်ကြကြောင်း သိရသည်။

(သတင်းစဉ်)

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် စက်စက်ယိုဆည်ရေသောက်စနစ်ဖြင့် ဧက ၉၀၀ အဆင့်မြင့် တောင်သူပညာပေးစိုက်ကွင်းမှ ထွက်ရှိသော အော်ဂဲနစ် ဟင်းသီးဟင်းရွက်သစ်သီးဝလံများကို ဇန်နဝါရီ ၆ ရက်က စတင်၍ အဆိုပါ စိုက်ကွင်းမုခ်ဦးဘေးရှိ ရာဇဌာနီ လမ်းမကြီးဘေးတွင် အများပြည်သူများ အဆင်ပြေစွာ ဝယ်ယူစားသုံးနိုင်ရန် ဝန်ထမ်းများ ကိုယ်တိုင်ရောင်းချပေးလျက်ရှိစဉ်။

ကိုပေါက်(ဥတ္တရာမြေ)

ပြည်တွင်းသတင်း

နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်နှင့် e-Visa စနစ် လုပ်ငန်းဆောင်ရွက်မှုရှင်းလင်းတင်ပြခြင်း အခမ်းအနားကျင်းပ

နေပြည်တော် ဇန်နဝါရီ ၁၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံတွင် နိုင်ငံခြားသားအမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) နှင့် အွန်လိုင်းစနစ်ဖြင့် ဗီဇာလျှောက်ထားသည့် e-Visa စနစ်လုပ်ငန်းဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခြင်းအခမ်းအနားကို ဇန်နဝါရီ ၁၃ ရက်က အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ အမြဲနေထိုင်ခွင့်လျှောက်လွှာများ တောင်းခံမှုနှင့် လျှောက်လွှာများပြန်လည်လက်ခံရေး စီစဉ်ဆောင်ရွက်ထားရှိမှုများ၊ နည်းပညာဆိုင်ရာ စက်ကိရိယာများ တပ်ဆင်ထားရှိမှုအခြေအနေများ၊ e-Visa စနစ်အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုနိုင်ငံအလိုက် လျှောက်ထားမှုနှင့် ဝင်ရောက်မှုအခြေအနေ၊ Call Center သို့ ဆက်သွယ်မေးမြန်းမှုနှင့် ပြန်လည်ဖြေကြားမှု၊ လျှောက်လွှာများ ငြင်းပယ်ရခြင်းအကြောင်းအရင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အစီအစဉ်များ၊ လုပ်ငန်းဆိုင်ရာ အခက်အခဲများကို ဆွေးနွေးတင်ပြကြပြီး ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်အတွက် လိုအပ်သော စာရွက်စာတမ်းများနှင့် နည်းပညာစက်ကိရိယာများ အချိန်မီပြီးစီးအောင်ဆောင်ရွက်ရေး၊ ဗဟိုကော်မတီအစည်းအဝေးကျင်းပနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ထားရှိရေး၊ e-Visa လျှောက်လွှာ ငြင်းပယ်မှုပပျောက်နိုင်ရေးအတွက် လုပ်ငန်းစဉ်များကို လျှောက်ထားသူများ ရှင်းရှင်းလင်းလင်းနှင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်နိုင်စေရေးအတွက် စီစဉ်ဆောင်ရွက်ရေး၊ လူဝင်မှုကြီးကြပ်ရေး လုပ်ငန်းများဖြစ်၍ လုပ်ငန်းတစ်ခုနှင့်တစ်ခု နည်းပညာစက်ကိရိယာများ ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးမှာကြားသည်။

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ်ကို ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၅ ရက်တွင် ပညာပေးကာလအဖြစ် စတင်သတ်မှတ်ခဲ့ပြီး လျှောက်ထားလိုသူများအတွက် လျှောက်လွှာများကို ဒီဇင်ဘာ ၂၄ ရက်ကစတင်၍ အခမဲ့ဖြန့်ဝေပေးခဲ့ရာ ယခုနှစ် ဇန်နဝါရီ ၁၃ ရက်အထိ လုပ်ငန်းကျွမ်းကျင်ပညာရှင်အတွက် ၂၀ စောင်၊ စီးပွားရေးရင်းနှီးမြှုပ်နှံလိုသူအတွက် ၂၇ စောင်၊ မြန်မာနိုင်ငံသား ဟောင်းများအတွက် အစောင် ၁၅၀ ၊ မြန်မာနိုင်ငံသားနှင့် သွေးစပ်သူနိုင်ငံခြားသားအတွက် ၇၈ စောင် စုစုပေါင်းလျှောက်လွှာ ၂၇၆ စောင် ထုတ်ပေးခဲ့ပြီး ယင်းလျှောက်လွှာများကို ဇန်နဝါရီ ၂၉ ရက်တွင် စတင်လက်ခံဆောင်ရွက်သွားမည်ဖြစ်သည်။

ကမ္ဘာလှည့် ခရီးသွားနိုင်ငံခြားသားများအား ရန်ကုန်၊ မန္တလေး-နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်များမှ e-Visa စနစ်ဖြင့် ၂၀၁၄ ခုနှစ်စက်တင်ဘာ ၁ ရက်မှစတင်၍ ဝင်ရောက်ခွင့်ပြုခဲ့ရာ ယခုအခါ နိုင်ငံပေါင်း ၁၀၀ အထိ ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း၊ မြန်မာနိုင်ငံတွင် နိုင်ငံခြားသား အမြဲနေထိုင်ခွင့်စနစ် (Permanent Residence System) နှင့် ပတ်သက်၍ www.mip.gov.mm Website တွင် လည်းကောင်း၊ e-Visa စနစ်နှင့်ပတ်သက်၍ http://evisa.moip. gov.mm Bolt sport တွင် လည်းကောင်း ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

မြန်မာရေလုပ်သား ၁၅၀ ဦး ဒုတိယအသုတ်အဖြစ် အမိနိုင်ငံသို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၈

အိန္ဒိယသမ္မတနိုင်ငံ ပို့ဘလဲယားမြို့၌ ထိန်းသိမ်းထားသည့် မြန်မာရေမျောလုပ်သားများအား နိုင်ငံတော်အစိုးရက အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်းလိုင်းဖြင့် ခေါ်ယူလျက်ရှိရာ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဒုတိယအသုတ် မြန်မာရေလုပ်သား ၁၅၀ ထပ်မံရောက်ရှိကြသည်။ **(အပေါ်ပုံ)**

ယနေ့ ထပ်မံရောက်ရှိလာသည့် ရေမျောလုပ်သားများအား ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး၊ မြန်မာနိုင်ငံပင်လယ်ငါးဖမ်းလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့မှ ကိုယ်စားလှယ်များနှင့် ရေလုပ်သားများ၏ မိသားစုဝင်များက လေဆိပ်၌ ဝမ်းပန်းတသာ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တာဝန်ရှိသူများက ပြန်လည်ရောက်ရှိလာသည့် ရေလုပ်သားများအား ထောက်ပံ့ငွေ၊ အဝတ်အထည်နှင့် အသုံးအဆောင်ပစ္စည်းများကို ပေးအပ်ပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့၏အစီအစဉ်ဖြင့် ရေလုပ်သားများအား နေရပ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်ပေးကြသည်။

ယနေ့ အမိမြန်မာပြည်သို့ ပြန်လည်ရောက်ရှိလာသည့် ရေမျောလုပ်သား ၁၅၀ သည် ရန်ကုန်တိုင်းဒေသကြီးမှတစ်ဦး၊ ဧရာဝတီတိုင်းဒေသကြီးမှ ၁၃၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်ဦးနှင့် ရခိုင်ပြည်နယ်မှ ၁၁ ဦးတို့ဖြစ်ပြီး ယင်းရေလုပ်သားများသည် အိန္ဒိယရေပိုင်နက်အတွင်း တရားမဝင်ရောက်ရှိခဲ့သဖြင့် အိန္ဒိယဥပဒေအရ ပြစ်ဒဏ်ကျခံခဲ့ပြီး မြန်မာနိုင်ငံသားဖြစ်ကြောင်း အတည်ပြုချက်ရရှိပြီးသူများ ဖြစ်သည်။

အိန္ဒိယသမ္မတနိုင်ငံ ပို့ဘလဲယားမြို့၌ ထိန်းသိမ်းထားသော ကျန်ရှိနေသေးသည့် မြန်မာရေလုပ်သားများအား ဇန်နဝါရီ ၁၉ ရက်တွင် ဆက်လက် ခေါ်ယူသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

မိုးလေဝသ အခြေအနေ

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။

ကေအိုင်အေ(ကချင်)အဖွဲ့က ဒေသခံပြည်သူများ နေထိုင်လျက်ရှိသည့် နေရာများနှင့်တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီး

နေပြည်တော် ဇန်နဝါရီ ၁၈

ကချင်ပြည်နယ် မိုးကောင်းမြို့နယ် လုံးခင်းနယ်မြေရဲစခန်းဝင်းအတွင်းသို့ ဇန်နဝါရီ ၁၅ ရက် ညနေ ၆ နာရီခွဲခန့်တွင် ကေအိုင်အေ(ကချင်)အဖွဲ့ဝင်တစ်ဦးက ဆိုင်ကယ်စီးနင်း၍ လက်ပစ်ဗုံးတစ်လုံးဖြင့် အလစ်အငိုက်ပစ်သွင်းထွက်ပြေးသွားခဲ့ရာ ရဲတပ်ကြပ်ကူရှင်ဖုန်းဆားရ်၏ ဇနီးဖြစ်သူ ဒေါ်နန်းဆိုင် (၅၂ နှစ်)၊ သားဖြစ်သူ ဆခေါင်ဝမ်ဖုန်းဆားရ် (၂၃ နှစ်)၊ တူဖြစ်သူ ဖုန်တီအောင် ၁၈ နှစ်နှင့် ရဲတပ်ကြပ်စောထွန်းအောင်၏ဇနီးဖြစ်သူ ဒေါ်ခိုင်ဇာနည်မြင့် (၃၇ နှစ်)တို့တွင် ဗုံးစထိမှန်ဒဏ်ရာများ အသီးသီးရရှိခဲ့သည်။

ထို့အတူ မွန်းလွဲ ၂ နာရီခန့်တွင် ဖားကန့်မြို့နယ် လုံးခင်းကျေးရွာအုပ်စု သာယာကုန်းကျေးရွာအနီးရှိ ဂျိတ်ပါဝါကျောက်မျက် တူးဖော်ရေးကုမ္ပဏီဝင်းအတွင်းရှိ ဂိတ်တဲကို ကေအိုင်အေ(ကချင်)အဖွဲ့ဝင်တစ်ဦးက ဆိုင်ကယ်စီးနင်းရောက်ရှိလာပြီး လက်ပစ်ဗုံးနှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သော်လည်း ပေါက်ကွဲမှုမဖြစ်ခဲ့သဖြင့် တပ်မတော်စစ်ကြောင်းက သွားရောက်ရှင်းလင်းခဲ့ပြီး အဆိုပါလက်ပစ်ဗုံးနှစ်လုံးအား ဖောက်ခွဲဖျက်ဆီးခဲ့သည်။

အလားတူ ဇန်နဝါရီ ၁၆ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက် စည်ပင်သာယာပန်းခြံထောင့်ရှိ အမှိုက်ပုံးအနီး၌ မော်ဝမ်းရပ်ကွက်ဘက်မှ မြို့မရပ်ကွက်ဘက်သို့မောင်းနှင်လာသည့်ဆိုင်ကယ်ပေါ်မှ ကေအိုင်အေ (ကချင်) အဖွဲ့ဝင်တစ်ဦးက မိုင်းတစ်လုံးအား ပစ်ပေါက်ခဲ့ရာ အမှိုက်ပုံးပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ညနေ ၆ နာရီ မိနစ် ၄၀ ခန့်တွင်လည်း ဖားကန့်မြို့ မြို့မရပ်ကွက်ရှိ ဥရုရတနာကျောက်စိမ်းတံတားထိပ်၌ လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသည့် ရဲတပ်ဖွဲ့ဝင်များအား ငှက်ပျောတောရပ်ကွက်ဘက်မှ မြို့မရပ်ကွက်ဘက်သို့ ကေအိုင်အေ (ကချင်) အဖွဲ့ဝင်နှစ် ဦးမောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်မှမိုင်းတစ်လုံးကို ပစ်ပေါက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်များလုံခြုံရေးဆောင်ရွက်နေသည့် အနီးကတ္တရာလမ်းပေါ်သို့ ကျရောက်ပေါက်ကွဲခဲ့သည်။

ထို့အတူ ဇန်နဝါရီ ၁၇ ရက် ညနေ ၆ နာရီ ၃၅ မိနစ်ခန့်တွင် ဖားကန့်မြို့ ငှက်ပျောတောရပ်ကွက်ရှိ ဖားကန့်မြို့မရဲစခန်း ခြံစည်းရိုးရှေ့ ကားလမ်းဘေးရေမြောင်းအနီး (ရဲစခန်းဝင်ပေါက်၏ ဝဲဘက်)၌ ကေအိုင်အေ(ကချင်)အဖွဲ့က ထောင်ထားသည့် မိုင်းတစ်လုံးပေါက်ကွဲခဲ့သဖြင့် ရဲစခန်းရှေ့ခြံစည်းရိုးအတွင်း စိုက်ထူထားသည့် ဗီနိုင်းဆိုင်းဘုတ်များပျက်စီးသွားခဲ့သည်။

အလားတူ ည ၇ နာရီခွဲခန့်က ဖားကန့်မြို့နယ် လုံးခင်းကျေးရွာရှိ ကျောက်စိမ်းတူးဖော်ရေးဌာန (လုံးခင်း)ရုံးဝင်း အုတ်တံတိုင်းရှေ့အား လုံးခင်းဘက်မှ အေးချမ်းသာယာရပ်ကွက်ဘက်သို့ ကေအိုင်အေ (ကချင်) အဖွဲ့ဝင်နှစ်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ပေါ်မှ မိုင်းတစ်လုံးအား ပစ်ပေါက်ခဲ့ရာ ပေါက်ကွဲမှုဖြစ်ပွားခဲ့သော်လည်း ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့ပြင် မိုးကောင်းမြို့နယ်(၈)မိုင်လမ်းဆုံ၏ အနောက်မြောက်ဘက် တစ်မိုင် သုံးဖာလုံခန့်အကွာ မိုးကောင်း-ဖားကန့်သွား ကားလမ်း မိုင်တိုင်အမှတ်(၉/၃)ရှိ တံတားအမှတ်(၁/၁၀) အရှည်ပေ ၆၀၊ အကျယ် ၁၂ ပေရှိ ဘေလီသံပေါင်တံတား (ပါဟုတ်ချောင်းကူးတံတား) အား ဇန်နဝါရီ ၁၇ ရက် ညနေ ၃ နာရီခန့်ကလည်းကောင်း၊ အဆိုပါတံတား၏ အနောက်မြောက်ဘက် လေးဖာလုံခန့်အကွာ မိုင်တိုင်အမှတ် (၉/၇) ရှိ တံတားအမှတ် (၂/၁၀) အရှည်ပေ ၃၀၊ အကျယ် ၁၂ ပေရှိ ဘေလီသစ်သားတံတား (၁၀ မိုင်ချောင်းကူးတံတား)အား ညနေ ၄ နာရီခွဲကလည်းကောင်း ကေအိုင်အေ (ကချင်) အဖွဲ့က မီးရှို့ဖျက်ဆီးခဲ့သဖြင့် တံတားများ မီးလောင်ပျက်စီးခဲ့သည်။

(အပေါ်ယာပုံ)

အလားတူ ညနေ ၃ နာရီခွဲခန့်တွင် အဆိုပါကားလမ်းပေါ်ရှိ ခွန်ဆိုင်ဇွပ်ကျေးရွာအဝင်မှ အရှည်ပေ ၂၀၊ အကျယ် ၁၂ ပေရှိ သစ်သားတံတားအား လည်းကောင်း၊ နမ့်ခိုင်ကျေးရွာအနီးမှ အရှည် ၂၀ ပေ၊ အကျယ် ၁၄ ပေရှိ ကွန်ကရစ်တံတားနှင့် အရှည် ၂၄ ပေ၊ အကျယ် ၁၇ ပေရှိ ကွန်ကရစ်တံတားနှစ်စင်းအား ညနေ ၅ နာရီခန့်တွင်လည်းကောင်း၊ ကေအိုင်အေ (ကချင်)အဖွဲ့က အောင်မြင့်ကြိုင်ကုမ္ပဏီပိုင် ဘက်ဟိုးယာဉ်မောင်းအား ခြိမ်းခြောက်၍ ဖျက်ဆီးခိုင်းခဲ့သဖြင့် တံတားများ ပျက်စီးသွားပြီး မိုးကောင်း-ဖားကန့် သွားလာလျက်ရှိသော မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခြင်းမပြုနိုင်ဘဲ သွားလာမှုပြတ်တောက်ခဲ့ကြောင်း သိရသည်။

ကေအိုင်အေ(ကချင်) အဖွဲ့အနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ဒေသခံပြည်သူများနေထိုင်လျက်ရှိသည့် နေရာများနှင့် တံတားများအား မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခြင်းများ ပြုလုပ်လျက်ရှိသဖြင့် ဒေသခံပြည်သူများ အထိတ်တလန့်ဖြစ်လျက်ရှိကြောင်း သိရသည်။

(မြဝတီ)

ကေအိုင်အေ(ကချင်)အဖွဲ့၏ အမာခံတစ်ဦးအား မိုင်းနှင့်ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် ဇန်နဝါရီ ၁၈- ကချင်ပြည်နယ် ဖားကန့် မြို့နယ် ဆိပ်မူကျေးရွာတံတားတွင် ဇန်နဝါရီ ၁၅ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆိုင်ကယ်များအား ရပ်တန့်စစ်ဆေးမှုများ ဆောင်ရွက်စဉ် ည ၉ နာရီခန့်တွင် ဆိုင်းတောင်ကျေးရွာဘက်မှ ဖားကန့်ဘက်သို့ မောင်းနှင်လာသည့်ဆိုင်ကယ်တစ်စီးကို ရပ်တန့်စစ်ဆေးရာ ကေအိုင်အေ(ကချင်) အဖွဲ့၏အမာခံတစ်ဦးဖြစ်သူ နော်မိုင်(၂၂ နှစ်)(ဘ)ဦးတန်ဂျာ၊ ဖားကန့်မြို့နယ် ဆိုင်းတောင်ကျေးရွာနေသူနှင့်အတူ ဆိုင်ကယ်ရှေ့ခွကြားတွင် တင်ဆောင်လာသည့် ဆာလာအိတ်အတွင်းမှ တိပ်အဝါဖြင့် ပတ်ထားသည့် ရီမုတ်မိုင်းနှစ်လုံး၊ ရီမုတ်တစ်ခုနှင့် အဆိုပါမိုင်းများတွင် တပ်ဆင်အသုံးပြုမည့်ဓာတ်ခဲများကို သိမ်းဆည်းရမိခဲ့သည်။

အဆိုပါ ကေအိုင်အေ(ကချင်)အဖွဲ့၏ အမာခံနော်မိုင်ကို စစ်ဆေးမေးမြန်းချက်အရ ရှင်းလင်းရှာဖွေရာ ဆိပ်မူတံတား၏ မီတာ ၁၀၀ ခန့်အကွာတွင် အနက်ရောင်ပလတ်စတစ်အိတ်တစ်လုံးကို တွေ့ရှိရပြီး အဆိုပါအိတ်အတွင်းမှ ပွိုင့် ၃၂ ပစ္စတိုတစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ကျည်လေးတောင့်နှင့် လက်ပစ်ဗုံးတစ်လုံးတို့ကို ရှာဖွေသိမ်းဆည်းရမိခဲ့ကြောင်း သတင်းရရှိသည်။

(မြဝတီ)

ပြည်တွင်းသတင်း

● ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီးများနှင့် ဧည့်ပရိသတ်များက စိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို ပင့်ဆောင်လျက် စေတီတော်အား လက်ယာရစ် လှည့်လည်ပူဇော်ကြပြီး ရွှေထီးတော်ဘုံအဆင့်ဆင့် ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို မင်္ဂလာရထားပျံဖြင့် ထုံးတမ်းအစဉ်အလာများနှင့်အညီ အစီအစဉ်အတိုင်းတင်လှူပူဇော်ကြသည်။

မင်္ဂလာအချိန်တွင် မန္တလေးမြို့ငွေတောင်ကျောင်းတိုက် ဆရာတော်အမှူးပြုတော်မူသော ဆရာတော်၊ သံဃာတော်များက ဇယမင်္ဂလာ အောင်ဂါထာတို့ကို သုံးကြိမ်ရွတ်ဆိုပူဇော်ကြသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားကို အဆိုပါ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ မန္တလေးမြို့ ငွေတောင်ကျောင်းတိုက် ဆရာတော် အမှူးပြုသော ဆရာတော်၊ သံဃာတော်များက ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းတော်မူကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့်အဖွဲ့ဝင်များသည် မန္တလေးမြို့ ငွေတောင်ကျောင်းတိုက်ဆရာတော်အမှူးပြုသော ဆရာတော်၊ သံဃာတော်များအား ဓမ္မာရုံသစ်၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

မဟာဇေယျသုခလောက ချမ်းသာ စေတီတော်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနား

မဟာဇေယျသုခ လောကချမ်းသာစေတီတော် ဌာပနာတော်သွင်း၊ရွှေထီးတော်တင်အခမ်းအနားတွင် စိန်ဖူးတော်နှင့် ငှက်မြတ်နားတော်အား မင်္ဂလာရထားပျံဖြင့် တင်လှူပူဇော်စဉ်။ (သတင်းစဉ်)

ပထမနေ့အစီအစဉ်များကို ယမန်နေ့နံနက် ၈ နာရီခွဲက အဆိုပါ စေတီတော် ပရိဝုဏ်အတွင်းရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပခဲ့ပြီး ဌာပနာတော်သွင်းခြင်းကို ထုံးတမ်းအစဉ်အလာများနှင့်အညီပြုလုပ်ခဲ့ကြသည်။

ယနေ့ ရွှေထီးတော်တင်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနား ကျင်းပခဲ့သည့် မဟာဇေယျ သုခလောကချမ်းသာ စေတီတော်သည် ဉာဏ်တော်အမြင့် ၈၁ ပေရှိကြောင်းနှင့် မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် နွားထိုးကြီးမြို့နယ် ရွာကြီးကျေးရွာ အုပ်စုလုံးတောကျေးရွာ၌ တည်ရှိပြီး ပို့ဆောင်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်ဇနီးတို့က ဦးဆောင်၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများ၏ လှူဒါန်းမှုတို့ဖြင့် တည်ထားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

❒ ကျောဖုံးမှ

အမျိုးသားငှက်အဖြစ် ဒေါင်းစိမ်း၊ ဥဒေါင်း (Green Peafowl) ကို ရွေးချယ်ရန်အတွက် ဇီဝမျိုးစုံမျိုးကွဲ ထိန်းသိမ်းရေးဆောင်ရွက်နေသည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပညာရှင်များ၊ သတ္တဗေဒဌာနမှ ဆရာ ဆရာမများက လျာထားပြီး သစ်တောဦးစီးဌာန၊ သဘာဝပတ်ဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနသို့ တင်ပြပြီး အတည်ပြုချက်ရရှိအောင် ဆောင်ရွက်ထားကြောင်း၊ ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ အကြံပေးပုဂ္ဂိုလ် ဦးသိန်းအောင်က ပြောကြားသည်။

"ဘာကြောင့် ဒေါင်းစိမ်းကို ရွေးချယ်ဖို့ ဆုံးဖြတ်ခဲ့ကြသလဲဆိုတော့ ရှေးမြန်မာမင်းများ လက်ထက်ကတည်းက ငွေဒင်္ဂါးပြားတွေမှာ ဒေါင်းတံဆိပ်ရိုက်နှိပ်ကြတယ်။

"အခုအချိန်မှာလည်းဒေါင်းစိမ်းက မြန်မာနိုင်ငံမှာ မျိုးသုဉ်းမှုအန္တရာယ်ရှိတဲ့ ငှက်မျိုးမှာပါဝင်နေတယ်။

"မြန်မာနိုင်ငံကကောင်းမွန်တဲ့ ဂေဟာစနစ်နဲ့ သဘာဝအလှအပတွေ ကျန်ရှိနေသေးတဲ့အတွက် ဇီဝမျိုးစုံမျိုးကွဲတွေ မပျောက်ပျက်စေဖို့ ဒေသအချို့မှာ တောရိုင်းတိရစ္ဆာန် မျိုးစိတ်တွေမှီခိုပြီး အသက်မွေးဝမ်းကျောင်းပြုတဲ့ သူတွေကို ပညာပေးလုပ်ငန်းတွေ လုပ်ပြီး အသက်မွေးဝမ်းကျောင်းနည်းလမ်းတွေရှာဖွေပေးနိုင်အောင် ဖန်တီးပေးဖို့လိုအပ်ပါတယ်" ဟု နိုင်ငံတကာတွင် ဇီဝမျိုးစုံမျိုးကွဲထိန်းသိမ်းရေးနှင့်ပတ်သက်သည့် သုတေသနပညာရှင် ဒေါက်တာ ဂျွန်ဆေးက ပြောကြားသည်။

စာအုပ်စာပေ လှူ့မိတ်ဆွေ

အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဒေသနေပြည်သူလူထုများ ပူးပေါင်းပါဝင်ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဇန်နဝါရီ ၁၈

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်း၊ ဒုတိယဝန်ကြီး ဦးအောင်ထူး၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁၆ ရက် နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် ကျောက်ဖြူမြို့ နဂါးကျောင်း ပရိယတ္တိစာသင်တိုက်သို့ ရောက်ရှိကြပြီး ကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာ ပဏ္ဍိတ စက္ကိန္ဒာဘိဝံသအမှူးပြုသည့် ဆရာတော်သံဃာတော်များအား သွားရောက်ဖူးမြော်ကြသည်။

ယင်းနောက် ကျောင်းတိုက်ပဓာန နာယကဆရာတော်အား ပြည်ထောင်စုဝန်ကြီးက ကျောက်ဖြူဒေသအတွင်း ဝန်ကြီးဌာနနှင့်ကုမ္ပဏီများ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသော စီမံကိန်းများနှင့်သက်ဆိုင်ရာကုမ္ပဏီများက ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝ အထောက်အကူပြု လုပ်ငန်းများ၊ ဒေသအလိုက် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်း လျှောက်ထားပြီး စီမံကိန်းများ အောင်မြင်ချောမွေ့စွာ ဆောင်ရွက်နိုင်ရေးနှင့် တည်တံ့ခိုင်မြဲရေးတို့အတွက် လိုအပ်သလို စောင့်ရှောက်ချီးမြှင့်နိုင်ပါရန် ဆရာတော်သံဃာတော်များထံ ဆည်းကပ်အပ်နှံပါကြောင်းနှင့်ကျောက်ဖြူဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဝန်ကြီးဌာနအနေဖြင့် အစွမ်းကုန်ဆက်လက်ပံ့ပိုး ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် လျှောက်ထားသည်။

ထို့နောက်ပြည်နယ်ဝန်ကြီးချုပ် ပြည်နယ်အစိုးရအနေဖြင့် အမျိုးသားအကျိုးစီးပွားကို ဦးထိပ်ပန်ဆင်လျက် ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်လာစေရန် ဆောင်ရွက်နေသည့်လုပ်ငန်းဆိုင်ရာများနှင့် အနာဂတ်တွင် ပြည်နယ်တစ်ခုလုံး ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရေး လက်တွဲညီညီပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်စေရေးဆိုင်ရာများကိုလည်းကောင်း ရှင်းလင်းလျှောက်ထားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်ဧည့်ပရိသတ်များက ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဆရာတော်သံဃာတော်များကို နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် တာဝန်ရှိသူများနှင့်အတူ ကျောက်ဖြူမြို့မှ ရွှေကမ်းလွန်သဘာဝ ဓာတ်ငွေ့တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းခွင်သို့ရောက်ရှိကြရာ အစည်းအဝေးခန်းမ၌ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်းမှ မစ္စတာ အက်စ်ဘီဘိုဂျိုးက သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နေမှု အခြေအနေများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး စီမံကိန်းတွင် တာဝန်ထမ်းဆောင်လျက်ရှိသည့် မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ဝန်ထမ်းများနှင့် ကော်ပိုရေးရှင်းမှ ဝန်ထမ်းများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးကာ ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

အလားတူ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် ဇန်နဝါရီ ၁၇ ရက် နံနက်ပိုင်းတွင် အရှေ့တောင်အာရှ ပိုက်လိုင်းကုမ္ပဏီမှ ပြင်ဆင်တည်ဆောက်ထားရှိသည့် ဆိပ်ခံတံတားများ တည်ဆောက်ထားရှိမှု၊ ရေနံစိမ်းတင်ပို့ပေးမည့် ရေနံပိုက်လိုင်းများ တည်ဆောက်ထားရှိမှုနှင့် စက်ကိရိယာပစ္စည်းများ တပ်ဆင်အသုံးပြုမည့် အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ ကုမ္ပဏီဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များသည် မဒဲကျွန်းရှိ ပြိန်ရွာ ဘုန်းတော်ကြီးကျောင်းသို့ ရောက်ရှိပြီး ကျောင်းထိုင်ဆရာတော် ဓမ္မသာရမထေရ်အား ဖူးမြော်ကန်တော့ကာ လှူဖွယ်ဝတ္ထုပစ္စည်းများ လှူဒါန်းကြသည်။

ယင်းနောက် ကျေးရွာပြည်သူလူထုနှင့်တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများသည် ဒေသနေပြည်သူများအတွက် လူမှုစီးပွားဘဝနှင့် သဘာဝပတ်ဝန်းကျင်တို့အား ထိခိုက်မှုမရှိစေဘဲ မူလ

ပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင် ကျောက်ဖြူမြို့ မဒဲကျွန်း ပြိန်ရွာ၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံစဉ်။ (သတင်းစဉ်)

နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင် ရွှေပြား စတင်ကပ်လှူပူဇော် ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်နိုင်ရေး ဒုတိယအကြိမ်အလှူတော်ငွေပေးအပ်

နေပြည်တော် ဇန်နဝါရီ ၁၈

နေပြည်တော် ဥပ္ပါတသန္တိကုန်းတော်၌ တည်ထားကိုးကွယ်သော ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြား စတင်ကပ်လှူပူဇော်ခြင်းအခမ်းအနားနှင့် ရွှေစင်ရွှေပြားနှင့် လုံးတော်ပြည့်ရွှေဆေးသင်္ကန်းတော်ကပ်လှူပူဇော်ရေးအတွက် ဒုတိယအကြိမ် အလှူတော်ငွေပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါစေတီတော်မြတ်ကြီး၏ အာရုံခံတန်ဆောင်း၌ ကျင်းပသည်။

အလှူတော်ငွေ ပေးအပ်ပွဲ အခမ်းအနားသို့ နိုင်ငံတော်သြဝါဒါစရိယ နေပြည်တော် ပျဉ်းမနားမြို့ မဟာဝိသုတာရာမ စျေးကုန်းကျောင်းတိုက် ပဓာန နာယကဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တကဝိသာရ အရှင်သူမြတ် အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူပြီး ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်နှင့် တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော် ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ ဌာနဆိုင်ရာအကြီးအကဲများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့ စျေးကုန်း ကျောင်းတိုက်ပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြကာ ဆရာတော် သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူတော်မူကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင်ရွှေပြားနှင့်လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်ရေးနှင့် စပ်လျဉ်း၍ သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော် အရှင်သူမြတ်များထံ ရွှေစင်ရွှေပြားများနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အလှူငွေပေးအပ်ပွဲအခမ်းအနားကို ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဌာနများ၊ ရုံးအဖွဲ့အစည်း၊ ဦးစီးဌာန အလှူရှင် ၆၂ ဦးတို့က အလေးချိန်တစ်ကျပ်သားရှိ ရွှေစင် ရွှေပြား ၁၂၃ ချပ်၊ တပ်မတော် (ကြည်း၊ ရေ၊ လေ) အလှူရှင်မိသားစုတို့က အလေးချိန်တစ်ကျပ်သားရှိ ရွှေစင်ရွှေပြား ၁၃ ချပ်၊ နေပြည်တော်ရှိ ကုမ္ပဏီငါးခုနှင့် ဟိုတယ်တစ်ခုတို့မှ အလေးချိန်တစ်ကျပ်သားရှိ ရွှေစင် ရွှေပြား ၁၀၉ချပ်၊ စေတနာရှင် အလှူရှင် ၆၅ ဦးမှအလေးချိန် တစ်ကျပ်သားရှိ ရွှေစင်ရွှေပြား ၆၄ ချပ်၊ စုစုပေါင်း အလေးချိန်တစ်ကျပ်သားရှိ ရွှေစင်ရွှေပြား ၃၀၉ ချပ်နှင့် ရွှေဆေးသင်္ကန်းတော်လှူဒါန်းငွေကျပ် ၂၂၂ ဒသမ ၅၃ သိန်း၊ စုစုပေါင်း ရွှေစင်ရွှေပြားနှင့် ရွှေဆေးသင်္ကန်းတော်အလှူငွေကျပ် ၂၃၈၅ ဒသမ ၅၃ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး **(အောက်ပုံ)**နှင့် တာဝန်ရှိသူများက လက်ခံကြပြီး အလှူရှင်များထံ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထို့နောက် နိုင်ငံတော်သြဝါဒါစရိယ စျေးကုန်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဧည့်သည်တော်များက ရွှေစင် ရွှေပြားများကို ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး မြောက်ဘက်အရပ်မျက်နှာ ရွှေစင် ရွှေပြား အမှတ်(၈၁)မှစ၍ ရွှေစင် ရွှေပြား ၃၃ ချပ်အား ဇန်နဝါရီ ၁၈ ရက်မှ စတင်ကာ ကပ်လှူတပ်ဆင်ပူဇော်ခဲ့ကြသည်။

စေတနာရှင် အလှူရှင်များအနေဖြင့် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအား ရွှေစင် ရွှေပြားနှင့် လုံးတော်ပြည့် ရွှေဆေးသင်္ကန်းတော် ကပ်လှူပူဇော်နိုင်ရန် နေပြည်တော် ကောင်စီဝင် ဦးသန်းဌေး ဖုန်း-၀၉-၄၉၂၃၆-၄၄၄၊ ၀၆၇-၅၅၀၂၀၂၊ နေပြည်တော်ကောင်စီဝင် ဦးကံချွန် ဖုန်း-၀၆၇-၄၁၄၂၀၅၊ ဂေါပကအဖွဲ့ဝင် ဦးထွန်းကြည် ဖုန်း-၀၆၇-၂၅၉၄၃၊ ၂၂၀၂၀ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

✱ ရွှေဖုံးမှ

ဆက်သွယ်သွားလာနိုင်ပြီ ဖြစ်သည်။

အဆိုပါ ဘိုကလေးမြစ်ကူးတံတားတည်ဆောက်ဖွင့်လှစ်နိုင်ခြင်း မော်လမြိုင်ကျွန်းမြို့နယ် ကျွဲခြံရေကျော်မြစ်ကူးတံတား ရေလယ်တိုင်တည်ဆောက်မှု လုပ်ငန်းများ ပြီးစီးနေပြီး မကြာမီ ကျွဲခြံရေကျော်မြစ်ကူးတံတား တည်ဆောက်ပြီးစီးသွားပါက မော်လမြိုင်ကျွန်းမြို့မှ မော်လမြိုင်ကျွန်း-မအူပင်-ရန်ကုန် အဝေးပြေးမော်တော်ကားလမ်းနှင့် မော်လမြိုင်ကျွန်း-ဘိုကလေး-ဒလအဝေးပြေး မော်တော်ကားလမ်းနှစ်သွယ်မှ ရန်ကုန်မြို့သို့ နေ့ချင်းပြန်ခရီးသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဘိဓမ္မာစာအောင်ဆုနှင်းပွဲနှင့် အခြေခံပဋ္ဌာန်းသင်တန်း ကျင်းပဖွင့်လှစ်မည်

နေပြည်တော် ဇန်နဝါရီ ၁၈

၂၀၁၃ ခုနှစ် ဒီဇင်ဘာလတွင် သာသနာရေးဝန်ကြီးဌာနကကျင်းပခဲ့သော အဘိဓမ္မာ၊ အဘိဓမ္မာဂုဏ်ထူးဆောင်နှင့် ဝိသုဒ္ဓိမဂ်စာမေးပွဲများကို ဖြေဆိုအောင်မြင်ခဲ့သောပုဂ္ဂိုလ်များအတွက် ဓမ္မဗျူဟာသာသနမာမကအဖွဲ့၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်း(နေပြည်တော်) စာအောင်ဆုနှင်းပွဲကို ဇန်နဝါရီ ၂၄ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် အထက(၅) ၌ ကျင်းပမည်ဖြစ်ကြောင်းနှင့် ဓမ္မဗျူဟာသာသနမာမကအဖွဲ့၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဓမ္မစာပေသင်တန်းကျောင်းများ၏သင်တန်းမှူး ၊ ဓမ္မဗျူဟာ ဒေါ်ခင်လှတင်(မဟာသဒ္ဓမ္မဇောတိကဓဇ)က ဇန်နဝါရီ ၂၅ ရက် နံနက် ၉ နာရီမှစ၍ ညနေ ၄ နာရီခွဲအထိ “အခြေခံပဋ္ဌာန်း” သင်တန်းကို အဆိုပါကျောင်း၌ သင်တန်းပို့ချပေးမည်ဖြစ်ရာ မည်သူမဆို ဓမ္မဗျူဟာသာသနမာမကအဖွဲ့ (နေပြည်တော်) ဖုန်း-၀၉-၄၉၂၂၂၆၇၇၊ ၀၉-၄၄၈၅၅၅၆၆၆၊ ၀၉-၄၂၀၇၁၂၈၂၂၊ ၀၉-၄၉၂၅၂၁၆၇၀ တို့ထံသို့ ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**

လူငယ်စိတ်ဓာတ်မြှင့် စာပေဟောပြောမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ကလျာဏလူငယ်များ သာရေး၊ နာရေးကူညီမှုနှင့် အောက်ဆီဂျင် အခမဲ့ကုသိုလ်မိသားစုက စီစဉ်ကျင်းပသည့် “လူငယ်နှင့်ပရဟိတ” လူငယ်စိတ်ဓာတ်မြှင့်စာပေဟောပြောပွဲကို ဇန်နဝါရီ ၂၀ ရက် ညနေ ၆ နာရီတွင် ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် အမှတ်(၁၀) ရပ်ကွက် ၅၁ လမ်းအထက်၌ စာပေပညာရှင်များက ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။ **ကိုချစ်**

မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာနိုင်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာမည်။

(မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန)

အသက်မွေးဝမ်းကျောင်းများဖြစ်သည့် စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းများအပေါ်အခြေခံသည့် အနာဂတ်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေးနှင့် ဆက်သွယ်ရေးကဏ္ဍများ ပိုမိုတိုးတက်ကောင်းမွန်စေအောင် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ ယင်းသို့ ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အနေဖြင့် ဒေသနေပြည်သူများ၏ စားဝတ်နေရေး အခြေခံအဆောက်အအုံများတွင် အထောက်အကူဖြစ်စေရန် ရည်ရွယ်ဆောင်ရွက်ပေးခြင်းပင်ဖြစ်ပါကြောင်းနှင့် စီမံကိန်းလုပ်ငန်းခွင်စတင်မည်ဆိုပါကလည်း ဒေသနေပြည်သူလူထု၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှု များစွာလိုအပ်မည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ဒေသနေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အမျိုးသားရေးစိတ်၊ အမျိုးသားရေးအမြင်ဖြင့် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ဒေသအကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံး တက်ညီလက်ညီပူးပေါင်းဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံတကာနှင့် ရင်ပေါင်တန်းယှဉ်နိုင်မည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်လာစေရန် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထူးက မဒေးကျွန်းပေါ်ရှိဒေသနေပြည်သူများ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များကိုအကောင်အထည်ဖော် လုပ်ဆောင်ပေးနေမှုအခြေအနေများ၊ ပြည်နယ်အတွင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာ အခြေအနေများ၊ နိုင်ငံတော်အနေဖြင့် ရရှိနိုင်မည့် ဝင်ငွေအခွန်နှင့် အကျိုးအမြတ်ဆိုင်ရာများအပေါ် ပွင့်လင်းမြင်သာမှုရှိစွာ အသေးစိတ်ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက မဒေးကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများအလိုက် တာဝန်ရှိသူများထံ လျှပ်စစ်မီတာအလုံးရေ ၇၀၃ လုံးနှင့် ရေလုပ်ငန်းသုံး ငါးဖမ်းပိုက်အစုံ ၁၀၀ စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၀၀ ကို ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် ဒေသနေပြည်သူများက မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့်စပ်လျဉ်းသည့် လိုအပ်ချက်များ၊ အကူအညီများကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ဖြည့်စွက်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

ညောင်လေးပင် ဇန်နဝါရီ ၁၈

လက်မှုလယ်ယာမှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲရောက်ရှိနေချိန်တွင် တောင်သူများအနေဖြင့် လယ်ယာသုံးစက်ကိရိယာများ ကျွမ်းကျင်စွာ မောင်းနှင်ကိုင်တွယ်အသုံးပြုတတ်ရန်လိုအပ်ပါ၍ လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၏ အမိကတာဝန်ကြီး သုံးရပ်အနက်မှ လေ့ကျင့်နည်း ပညာသင်ကြားရေး (Train & Education)အရ လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှု (အခြေခံ)သင်တန်း (၁/ ၂၀၁၅)ကို ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပြွန်တန်ဆာမြို့ စိုက်ပျိုးရေးပညာပေးစခန်း၌ ဇန်နဝါရီ ၁၂ ရက် နံနက်က ကျင်းပခဲ့သည်။ သင်တန်းဖွင့်ပွဲတွင် ပဲခူးခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သောင်းက အမှာစကားပြောကြားပြီး မြို့နယ်ဦးစီးမှူး ဦးကျော်မင်းဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ သင်တန်းသားများအား သင်တန်းနှင့်ပတ်သက်၍ ကိစ္စရပ်များကို ပြောကြားသည်။

သင်တန်းသို့ ညောင်လေးပင်မြို့နယ်အတွင်းရှိ လယ်ယာသုံးစက်ကိရိယာကိုင်တွယ် မောင်းနှင်ရန်ကျွမ်းကျင်မှုမရှိသေးသော လယ်ယာလုပ်ငန်း လုပ်ကိုင်နေသူများထဲမှ သင်တန်းသား ၃၀ တက်ရောက်ခဲ့ကြပြီး သင်တန်းတွင် မြို့နယ်ဦးစီးမှူး ဦးကျော်မင်းဦးနှင့် ကျွမ်းကျင်ဝန်ထမ်းများက ဘာသာရပ်များအလိုက် စနစ်တကျ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းကို ဇန်နဝါရီ ၁၂ ရက်မှ ၂၃ ရက်အထိ ၁၂ ရက်ကြာမည်ဖြစ်ကြောင်း သိရသည်။

နေလင်း(ညောင်လေးပင်)

ဖြူး-ဘန်းလောင်ကျေးလက်ဖွံ့ဖြိုးရေး ကျောက်လမ်းမှ ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်

ဖြူး ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဖြူး-ဘန်းလောင်ကျေးလက်ဖွံ့ဖြိုးရေးကျောက်ခင်းလမ်းမှ ကတ္တရာလမ်းအဖြစ် အရှည် ၂ မိုင် ၇ ဖာလုံ၊ အကျယ် ၁၂ ပေရှိလမ်းကို ဖြူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရန်ပုံငွေဖြင့် ကျေးလက်လမ်းတံတားများအဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိရာ Aroma Rose ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသည့်လမ်းလုပ်ငန်းများကို ပဲခူးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသိန်းလွင်၊ ခရိုင်ဦးစီးမှူး ဦးအောင်သန်းလွင်၊ မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်မျိုးနှင့်အဖွဲ့က ဇန်နဝါရီ ၁၇ ရက် မွန်းလွဲပိုင်းက သွားရောက်စစ်ဆေးကြည့်ရှုကြသည်။ **(၁၁၃)**

ကြော်ငြာနှုန်းထားများ ၁-၂-၂၀၁၅ ရက်နေ့မှစတင်၍ လျှော့ချဝန်ဆောင်မှုပေးမည်

ကြေးမုံသတင်းစာကို ၁-၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း၊ မြန်မာ့အလင်းသတင်းစာကို ၄-၁-၂၀၁၅ ရက်နေ့တွင်လည်းကောင်း ရောင်စုံသတင်းစာ ၃၂ မျက်နှာအဖြစ် ပြောင်းလဲထုတ်ဝေလျက်ရှိပါသည်။ ထိုသို့ ရောင်စုံစာမျက်နှာများအဖြစ် ပြောင်းလဲထုတ်ဝေမှုနှင့်အတူ ၁-၂-၂၀၁၅ ရက်နေ့မှစတင်၍ ကြော်ငြာနှုန်းထားများကို အောက်ပါအတိုင်း လျှော့ချသတ်မှတ်၍ ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပါသည်-

စဉ်	ကြော်ငြာအမျိုးအစား	ရောင်စုံကြော်ငြာ		အဖြူအမည်းကြော်ငြာ	
		လက်ရှိ နှုန်းထား	လျှော့ချမည့် နှုန်းထား	လက်ရှိ နှုန်းထား	
၁	ဌာနဆိုင်ရာကြော်ငြာ (၁ လက်မ × ၁ ကော်လံ) ၃၀" နှင့် အထက် စီးပွားရေးနှုန်းထားအတိုင်း	၁၂၀၀၀	၁၀၀၀၀	၉၀၀၀	၇၅၀၀
၂	လူမှုရေးကြော်ငြာ (၁ လက်မ × ၁ ကော်လံ)	၁၂၀၀၀	၁၀၀၀၀	၉၀၀၀	၇၅၀၀
၃	စီးပွားရေးကြော်ငြာ (ရှေ့-စာမျက်နှာ) (၁ လက်မ × ၁ ကော်လံ) (နောက်-စာမျက်နှာ) (၁ လက်မ ×၁ ကော်လံ) [(အတွင်းစာမျက်နှာများ)(၁ လက်မ × ၁ ကော်လံ) (၁"×၂၀. ၅ လက်မ)အထိ (၂၁"×၄၀. ၅လက်မ)အထိ (၄၁"×၆၀. ၅လက်မ)အထိ (၆၁"× ၈၁ လက်မ)အထိ]	၃၅၀၀၀ ၂၅၀၀၀ ၁၅၀၀၀ ၁၇၀၀၀ ၁၉၀၀၀ ၂၁၅၀၀	၃၅၀၀၀ ၂၅၀၀၀ ၁၂၀၀၀ ၁၄၀၀၀ ၁၆၀၀၀ ၁၈၅၀၀	 ၁၁၅၀၀ ၁၃၀၀၀ ၁၄၅၀၀ ၁၆၀၀၀	 ၁၀၀၀၀ ၁၁၅၀၀ ၁၃၀၀၀ ၁၄၅၀၀

ယခင်နှုန်းထားအတိုင်း ပြောင်းလဲမှုမရှိသောကြော်ငြာများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

စဉ်	ကြော်ငြာအမျိုးအစား	ရောင်စုံ	အဖြူ/အမည်း	မှတ်ချက်
၁	သုတ၊ ရသဆိုင်ရာစာအုပ်ကြော်ငြာ (ဂျာနယ်/မဂ္ဂဇင်းကြော်ငြာများမပါ) (၁ လက်မ × ၁ ကော်လံ)	၆၀၀၀	၄၅၀၀	၁-၁၂-၂၀၁၄ ရက်မှစ၍ ထက်ဝက် လျှော့ချခဲ့သည့် နှုန်းထားအတိုင်းဖြစ်ပါသည်။
၂	နာရေးကြော်ငြာ (၁ လက်မ × ၁ ကော်လံ)	၃၀၀၀	၃၀၀၀	

ကြော်ငြာနှုန်းထားများ လျှော့ချသတ်မှတ်ပြီး ဝန်ဆောင်မှုပေးမည့်အစီအစဉ်အား ကြော်ငြာရှင်များသိရှိနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက မြန်မာ့အလင်းသတင်းစာတိုက်သို့ ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း လေးစားစွာ အသိပေးအပ်ပါသည်။

မြန်မာ့အလင်းသတင်းစာတိုက်

ပြည်တွင်းသတင်း

ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ စုဥ္စဘွဲ့နှင်းသဘင်ကျင်းပ

ပျဉ်းမနား ဇန်နဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ပျဉ်းမနားမြို့ မင်္ဂလာဗျူဟာ သာသနာ့ဗိမာန်တော်ကြီး၌ ယနေ့မွန်းလွဲ ၁ နာရီက စုဥ္စဘွဲ့နှင်းသဘင် ကျင်းပသည်။

အခမ်းအနားတွင် ၁၃၇၅ ခုနှစ် (၂၀၁၄) ပါဠိပထမပြန်စာမေးပွဲအောင် သံဃာတော်အရှင်သူမြတ်များဖြစ်သည့် ပထမကြီးတန်းအောင် နှစ်ပါး၊ ပထမလတ်တန်းအောင် ရှစ်ပါး၊ ပထမငယ်တန်းအောင် အပါး ၂၀ စုစုပေါင်း အပါး ၃၀ ကို အောင်လက်မှတ်နှင့်ဆုတော်ငွေများ ဆက်ကပ်လှူဒါန်း၍ ၁၃၇၆ ခုနှစ် ခရစ်နှစ် ၂၀၁၅ ခုနှစ်တွင် ပါဠိပထမပြန်စာမေးပွဲကြီးအား ဧပြီ ၁ ရက်မှ ၇ ရက်အထိ ကျင်းပပြီး ဖြေဆိုမည့်စာဖြေသံဃာ ၄၂၂ ပါးအတွက် ဆွမ်းစရိတ်ဆက်ကပ်ရေး၊ အချိုရည်နှင့် အအေးများ ဝေယျာဝစ္စ၊ ကုသိုလ်ရေးကိစ္စများကို မြို့နယ်သာသနာ့နုဂ္ဂဟအသင်းက ဦးဆောင်ကာ ရပ်မိရပ်ဖများနှင့် ပူးပေါင်း၍ စီစဉ်ထားကြောင်း သိရသည်။

အခမ်းအနားသို့ ဒက္ခိဏခရိုင် အုပ်ချုပ်ရေးမှူး ဦးဇော်လွင်ဦး၊ ပျဉ်းမနားမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အသင်းတာဝန်ရှိသူများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့နှင့်NGO အဖွဲ့အစည်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုမျိုး(ရွှေပေါက်ကံ့)**

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၁၉-၁-၂၀၁၅ (တနင်္လာနေ့)

၆း၀၀	- လွင်မိုးခရီးသွားနေသည် (မြိတ်ကျွန်းစုများဆီသို့) (အပိုင်း-၈)
၆း၂၅	- ဝတ်မှုံတေးဂီတအဖွဲ့ဖျော်ဖြေခန်း(အပိုင်း-၂)
၆း၄၅	- နိုင်ငံခြားဇာတ်လမ်းတွဲ "ဒဏ္ဍာရီထဲကတေးကဗျာ" (အပိုင်း-၁၃)
၇း၁၀	- ဝတ်စားဆင်ယင်မှုပြပွဲ
၇း၃၀	- နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၂၅)
၈း၁၅	- နိုင်ငံခြားဇာတ်လမ်းတွဲ "ခေတ်တစ်ခေတ်ရဲ့ကြေးမုံသွင်" (အပိုင်း-၂၆)
၉း၀၀	- တေးဂီတအစီအစဉ် (စတီရီယို)
၉း၂၀	- ပြည်သူ့နီတိ"လမ်းပြကြယ်"
၉း၄၅	- China In Myanmar Cultural Show
၁၀း၀၀	- မြန်မာဗီဒီယို ဇာတ်လမ်း "တဒင်္ဂ" လူမင်း၊ မို့မို့မြင့်အောင်၊ မေသက်ခိုင်

လယ်ယာကဏ္ဍမြှင့်တင်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင် အကောင်အထည်ဖော်ရေးလုပ်ငန်းများ ရှမ်းပြည်နယ်အတွင်း ကွင်းဆင်းဆောင်ရွက်

နေပြည်တော် ဇန်နဝါရီ ၁၈

နယ်စပ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး သက်နိုင်ဝင်းသည် ဇန်နဝါရီ ၁၇ ရက် နေ့လယ်ပိုင်းက ရှမ်းပြည်နယ် ကလောမြို့သို့ရောက်ရှိကြပြီး ကလောမြို့ မြို့နယ်ခန်းမတွင် ရှမ်းပြည်နယ် အစိုးရအဖွဲ့အဖွဲ့ဝင်ဝန်ကြီးများ၊ ဓနုနှင့်ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှ တာဝန်ရှိသူများ၊ ကလော၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်းမြို့နယ်များမှ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုကော်မတီ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီများမှ ကော်မတီဝင်များ၊ ရပ်မိရပ်ဖများ၊ ဒေသခံတောင်သူလယ်သမားများ စုစုပေါင်း အင်အား ၃၅၀ နှင့် တွေ့ဆုံ၍ လယ်ယာကဏ္ဍ မြှင့်တင်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင် အကောင်အထည်ဖော်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် နိုင်ငံတော်အနေဖြင့် လယ်ယာကဏ္ဍ မြှင့်တင်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝ မြှင့်တင်အကောင်အထည်ဖော်ရေးလုပ်ငန်းစဉ် ကိုးရပ်ဖြစ်သည့် လယ်မဲ့ယာမဲ့များအတွက် လယ်ယာမြေဖော်ထုတ်ရေး၊ ကျေးရွာသစ်ထူထောင်ရေး၊ မြို့ပြအိမ်မဲ့ယာမဲ့များအတွက် အငှားအိမ်ရာ၊ အရစ်ကျအိမ်ရာစနစ်များ၊ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ မြေယာအမှုအခင်းပြဿနာများ ဖြေရှင်းရေး၊ စိုက်ခင်းကြီးများ၊ မွေးမြူရေးလုပ်ငန်းများ၊ စက်မှုလက်မှုနှင့် အခြားအခြေခံအဆောက်အအုံ ရင်းနှီးမြှုပ်နှံမှုအရှိန်အဟုန်မြှင့်တင်ဆောင်ရွက်ခြင်းဖြင့် ဆင်းရဲမှုလျှော့ချရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်များဖန်တီးရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးတို့ကို စနစ်တကျစီမံအကောင်အထည်ဖော်သွားရေး၊ တောင်သူလယ်သမားများအတွက် မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်ဖြန့်ဖြူးရေး၊ စက်မှုလယ်ယာကူးပြောင်းနိုင်ရန် သမဝါယမစနစ်၊ ပုဂ္ဂလိကလုပ်ငန်း၊ အငှားဝန်ဆောင်မှုလုပ်ငန်းစနစ်၊ အရစ်ကျရောင်းချသည့်စနစ်များဖြင့် ဆောင်ရွက်ပေးရေး၊ မွေးမြူရေး၊ သားငါးထုတ်လုပ်ရေး၊ သစ်တောထွက်ပစ္စည်းများအား ရေရှည်ဖွံ့ဖြိုးတိုးတက်စေမည့် အစီအမံဖြင့် ဒေသအလိုက် လုပ်ငန်းအဖွဲ့များဖွဲ့စည်း၍ ဇုန်နယ်များ သတ်မှတ်ပြီး ထုတ်လုပ်မှုမြှင့်တင် အားပေးဆောင်ရွက်ရေး၊ ဘဏ်လုပ်ငန်းအဖွဲ့အစည်းများ၊ ငွေချေးလုပ်ငန်းများ၊ သမဝါယမအသင်းအဖွဲ့များ အဆင့်မြှင့်တင်ရေး၊ စိုက်ပျိုးမွေးမြူရေး၊ အသေးစားအလတ်စား ကုန်ထုတ်လုပ်ငန်းများအတွက်ဈေးကွက်ရရှိရေးနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရရှိရေး၊ ပို့ကုန်မြှင့်တင်ရေးစီမံဆောင်ရွက်ရေး ကိစ္စရပ်များနှင့် စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းပြောကြားပြီး ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်နယ်အစိုးရတို့ ညှိနှိုင်း၍ လုပ်ငန်းအချိန်ဇယား (Work Schedule and Time Schedule) ရေးဆွဲလျက် မြေပြင်၌ ထိရောက်သော အကျိုးရလဒ်ရအောင် ထိထိရောက်ရောက် ကွင်းဆင်းဆောင်ရွက်သွားရန်၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်အရ အသုံးစာရင်းတွင် အချိန်မီဖြည့်စွက်ရန် လိုအပ်သည်များကို ညှိနှိုင်းတွက်ချက် တင်ပြသွားရန်နှင့် ပြည်ထောင်စုဝန်ကြီးဌာနများ၊ ပြည်နယ်အစိုးရ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် ဒေသခံပြည်သူများအနေဖြင့် လုပ်ငန်းအောင်မြင်ရေး စဉ်ဆက်မပြတ် ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အစိုးရအဖွဲ့၊ စိုက်ပျိုးရေးနှင့်မွေးမြူရေးဝန်ကြီး ဦးစိုင်းဆာလူက ရှမ်းပြည်နယ်အတွင်း ကဏ္ဍအလိုက် ဆောင်ရွက်ထားရှိမှုများနှင့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြခဲ့ပြီး ကလော၊ ပင်းတယ၊ ရွာငံ၊ ပင်လောင်းမြို့နယ် အထောက်အကူပြုကော်မတီသုံးရပ်မှ တာဝန်ရှိသူများ၊ ဒေသခံတောင်သူလယ်သမားများက လယ်ယာကဏ္ဍမြှင့်တင်ရေးနှင့် တောင်သူလယ်သမားများ၏ လူမှုစီးပွားဘဝမြှင့်တင်ရေးအတွက် လိုအပ်ချက်များ တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်မြို့ပြအမွေအနှစ်များ ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်

ဝင်းဝင်း

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့၏ အနာဂတ်သည် မြန်မာနိုင်ငံ၏ အနာဂတ်ဖြစ်သည့်အတွက် ရန်ကုန်မြို့၏ သမိုင်းဝင်မြို့ပြအမွေအနှစ်များ ဆက်လက်ထိန်းသိမ်းရေးကို အစိုးရအပိုင်းကလည်း တတ်နိုင်သလောက် ကူညီသွားမည်ဖြစ်ကြောင်း သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ယနေ့ ပြောကြားလိုက်သည်။

ဇန်နဝါရီ ၁၅ ရက်မှ ၁၇ ရက်အထိ World Mounments Fund နှင့် ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့(Yangon Heritage Trust –YHT) တို့ ပူးပေါင်းကျင်းပသည့် ရန်ကုန်မြို့ပြ ရေရှည်တည်တံ့သည့် ဖွံ့ဖြိုးတိုးတက်မှုဖိုရမ် ပိတ်ပွဲအခမ်းအနားတွင် ယခုကဲ့သို့ ပြောကြားလိုက်ခြင်းဖြစ်သည်။

ရန်ကုန်မြို့သည် အခြားမြို့များထက် စီးပွားရေး၊ပညာသင်ကြားရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းတို့ စုစည်းရာဖြစ်သည့်အတွက် နှစ်စဉ်အခြေချနေထိုင်မှု တိုးတက်လျက်ရှိရာ လာမည့် ၂၀၄၀ ပြည့်နှစ်ဝန်းကျင်တွင် လူဦးရေ ၁၀ သန်းခန့် နေထိုင်သည့် မီဂါစီးတီးမြို့ကြီး တစ်မြို့အဖြစ်လည်း ပညာရှင်များက ခန့်မှန်းထားကြသည်။

လွန်ခဲ့သည့်နှစ် ၁၀၀ ခန့်က အာရှတစ်လွှားတွင် ထိပ်တန်းစီးပွားရေးမြို့တစ်ခုဖြစ်ခဲ့ပြီး ကမ္ဘာ့အရပ်ရပ်မှ လာရောက်အခြေချနေထိုင်ခဲ့ကြသော ရန်ကုန်မြို့သည် သမိုင်းဝင် မြို့ပြအမွေအနှစ်၊ မြို့ပြရှုခင်းများ ယခုတိုင် ကျန်ရှိနေသေးသည်။ အဆိုပါ မြို့ပြအမွေအနှစ်များ ထိန်းသိမ်းရေးသည် နိုင်ငံတော်အတွက် တစ်ဖက်တစ်လမ်းမှ ဝင်ငွေရှာဖွေပေးနေသည့် ခရီးသွားလုပ်ငန်းများကို အကြောင်းအကျိုးချိတ်ဆက်လျက်လည်း ရှိသည်။

"ရန်ကုန်မြို့အတွက် မြို့ပြအမွေအနှစ် ထိန်းသိမ်းရေးက အရေးကြီးတယ်လို့ ပြောချင်ပါတယ်။ မြို့ပြယဉ်ကျေးမှု၊ မြန်မာ့ဗိသုကာလက်ရာတွေကို မမေ့အောင် ဆက်လက်ထိန်းသိမ်းဖို့ လိုသလို ရွှေတိဂုံဘုရားနဲ့ ကမ်းနားလမ်းတစ်လျှောက်ကိုလည်း ထိန်းသိမ်းဖို့ အရေးကြီးပါတယ်။ ဆက်လက်လုပ်ဆောင်ကြပါ။ အစိုးရကလည်း တတ်နိုင်သလောက်ကူညီသွားမှာဖြစ်ပါတယ်" ဟု ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ဆက်လက်ပြောကြားသည်။

အဆိုပါ ဖိုရမ်ကာလအတွင်း ပြည်တွင်း ပြည်ပပညာရှင်များ၏ ဆွေးနွေးမှုများအပေါ် အားနည်းချက်၊ အားသာချက်နှင့် စိန်ခေါ်မှုများကို World Monuments Fund မှ Erica Avrami က သုံးသပ်သည်။

"ဘိုးဘွားပိုင် အမွေအနှစ်တွေကို စီးပွားရေးဆိုင်ရာအကျိုးစီးပွားအတွက် တိမ်မြုပ်ကွယ်ပျောက်သွားတာမျိုးမဖြစ်စေချင်ပါဘူး။ ရန်ကုန်မြို့မှာ မြစ်တွေ သုံး၊ လေးစင်းရှိနေတယ်။ အဲဒါတွေကို မြစ်ပြင်အလှရှုခင်းခံစားလို့ရတဲ့ ပြည်သူတွေ အပန်းဖြေတဲ့ နေရာမျိုးဖြစ်အောင် လုပ်ဆောင်ဖို့လိုသလို ကန်တော်ကြီး သဘာဝရေပြင်ကိုလည်း သန့်ရှင်းသာယာလှပအောင် ဝိုင်းဝန်းထိန်းသိမ်းကြဖို့လိုပါတယ် " ဟု ရန်ကုန်မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဒါရိုက်တာ ဒေါ်မို့မို့လွင်က ပြောသည်။

မြို့ပြအမွေအနှစ် ထိန်းသိမ်းစောင့်ရှောက်ရေးဇုန်အတွင်း ခေတ်မီ အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်ခြင်းသည် ယဉ်ကျေးမှုအမွေအနှစ်များ မွမ်းထုံရာ ရန်ကုန်မြို့ပြ၏ ကြန်အင်လက္ခဏာကို ထိခိုက်စေကြောင်း မြို့ပြဆိုင်ရာ ပညာရှင်များနှင့် မြို့ခံပြည်သူအချို့ကလည်း သုံးသပ်ကြသည်။

"ထောက်ကြန့်က ဝင်လာရင် ရွှေတိဂုံဘုရားကို ဖူးရတယ်။ ပင်လယ်ဘက်ကဝင်လာပြီး သန်လျင်ဘက်က ကြည့်ရင်လည်း ဖူးတွေ့နိုင်ရမယ်။ ရွှေတိဂုံဘုရားပတ်ဝန်းကျင်မှာ အထပ်မြင့်တွေ ပိတ်ပြီး ဆောက်လိုက်မယ်ဆိုရင် မြို့ပြကြန်အင်လက္ခဏာတွေ ပျက်စီးသွားနိုင်တယ် "ဟု အဆိုပါဖိုရမ်အပြီးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအကြံပေးမြို့ပြစီမံခန့်ခွဲမှုဆိုင်ရာ ကျွမ်းကျင်သူ ဒေါက်တာကျော်လတ်က ဆိုသည်။

ဖိုရမ်ကို ပူးပေါင်းကျင်းပသည့် World Monuments Fund သည် ကမ္ဘာပေါ်ရှိ အဖွဲ့အစည်းအမျိုးမျိုးနှင့်ပူးပေါင်း၍ ယဉ်ကျေးမှု အမွေအနှစ်များထိန်းသိမ်းရန်နှင့် ၎င်းတို့၏ အရေးပါမှုကိုအများပြည်သူသိရှိနားလည်ရန် ကြိုးပမ်းလျက်ရှိသည်။ အမွေအနှစ်နေရာများ ဆက်လက်တည်တံ့စေရန်၊ အကျိုးခံစားခွင့်ရှိစေရန်၊ ဘုံအမွေအနှစ်များကိုထိန်းသိမ်းသည့် အတတ်ပညာများတိုးတက်ရှင်သန်လာစေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်း၏ အကျိုးကျေးဇူးကိုကမ္ဘာပေါ်ရှိ လူသားများအားလုံးမျှဝေခံစားနိုင်ရန် အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ရန်ကုန်မြို့ပြအမွေအနှစ်ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့သည် ၂၀၁၂ ခုနှစ်က စတင်ထူထောင်ခဲ့ပြီး မြို့ပြအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရာတွင် ကူညီခြင်း၊ စီမံခန့်ခွဲရေးဆိုင်ရာ မူဝါဒများချမှတ်ရာတွင် အကြံပေးခြင်း၊ သင်တန်းများနှင့် အများပြည်သူ အသိပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

နိုဘယ်မြန်မာစာပေပွဲတော်တွင် စာပေနိုဘယ်ဆုရစာရေးဆရာများ၏စာပေလက်ရာစာအုပ် ၁၀၀ အား စာပေပွဲတော်အမှတ်တရအဖြစ် ဘာသာပြန်ဆိုထုတ်ဝေ

အင်တာဗျူး – မိုးသူဇာစိုး၊ ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ – ဖိုးထောင်

မြန်မာစာရေးဆရာများ၊ ကဗျာဆရာများ၊ စာနယ်ဇင်းအယ်ဒီတာများ၊ ပန်းချီဆရာများ၊ ကာတွန်းဆရာများ၊ စာနယ်ဇင်း ထုတ်ဝေဖြန့်ချိသူများ၊ အနုပညာရှင်များ၊ သဘင်ဂီတပညာ

စာရေးဆရာဖေမြင့်(နိုဘယ်မြန်မာစာပေပွဲတော်ကျင်းပရေးကော်မတီဥက္ကဋ္ဌ)

ရှင်များစုစည်း၍ ပထမဆုံးအကြိမ်ပြုလုပ်သည့် နိုဘယ်မြန်မာစာပေပွဲတော်ကို ရန်ကုန်မြို့ အမျိုးသားပြဇာတ်ရုံတွင် ဇန်နဝါရီ ၁၇ ရက် နံနက် ၈ နာရီက ပထမဆုံးနေ့ဖွင့်ပွဲအဖြစ် စတင်နိုင်ခဲ့သည်။ နိုဘယ်မြန်မာစာပေပွဲတော်သည် မြန်မာစာရေးဆရာများ ပါဝင်သည့်ပြဇာတ်ကို ပြန်လည်အသက်သွင်းနိုင်ခဲ့ပြီး စာပေနိုဘယ်ဆုရ စာရေးဆရာများ၏ စာပေလက်ရာစာအုပ် ၁၀၀ အား ဘာသာပြန် ထုတ်ဝေဖြန့်ချိနိုင်သည်အထိ မှတ်တိုင်သစ်တစ်ခု စိုက်ထူနိုင်ခဲ့သည်။ အဆိုပါပွဲတော်ဖြစ်မြောက်ရေးတွင် ပါဝင်သူများနှင့် ပွဲတော်သို့ တက်ရောက်လာသူများအား မြန်မာ့သတင်းစဉ်(ပြည်တွင်း)မှ တွေ့ဆုံမေးမြန်းခဲ့သည်။

စာရေးဆရာဖေမြင့်(နိုဘယ်မြန်မာစာပေပွဲတော်ကျင်းပရေး ကော်မတီဥက္ကဋ္ဌ)

ဒီပွဲအောင်မြင်စွာ ပြီးစီးသွားခဲ့ရင် နောက်နှစ်မှာ ဒီလိုပွဲတော်မျိုးကို ဆက်ပြီးကျင်းပမယ်။ ဒီနှစ်မှာတော့ ငြိမ်းချမ်းရေးနဲ့ စာပေကို ဆက်စပ်ထားတယ်။ နောင်နှစ်တွေမှာတော့ ကလေးတွေ စာဖတ်ဝါသနာကို ငယ်စဉ်ကတည်းကနေ ကိန်းအောင်းလာအောင်လို့ ကလေးစာပေပွဲတော် ပုံစံမျိုးကျင်းပမယ်လို့ စိတ်ကူးထားတယ်။ ဒီနှစ်မှာ ထူးခြားချက်က နိုဘယ်မြန်မာ စာပေပွဲတော်ကို အကြောင်းပြုပြီး နိုဘယ်ဆုရစာပေပညာရှင်တွေရဲ့ စာပေလက်ရာအုပ်ရေ ၁၀၀ ကို ဘာသာပြန်ဆိုပြီး များများစားစား စုစည်းထုတ်ဝေနိုင်ခဲ့တာဟာ ထာဝရတည်ရှိပြီး ကျန်ခဲ့မယ့်ပွဲတော်ရဲ့ အမှတ်တရတစ်ခုပါ။ နိုဘယ်ဆုရ စာပေလက်ရာတွေကို ဒီသုံးလ လောက်အတွင်းမှာ ဘာသာပြန်ဆရာတွေက ပြန်လက်စစာတွေကို မြန်မြန်ဆန်ဆန် ဘာသာပြန်ဆိုကြပြီး ပုံနှိပ်

ဦးအောင်မင်း (သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး)

ထုတ်ဝေသူတွေကလည်း မြန်မြန်ဆန်ဆန် ထုတ်ဝေကြတဲ့အတွက် မထင်မှတ်ဘဲနဲ့ စာအုပ်ရေ ၁၀၀ အထိဖြစ်သွားတယ်ဆိုတာ ပထမဆုံးအကြိမ်ပါပဲ။

ဦးအောင်မင်း
(သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး)

နိုဘယ်မြန်မာစာပေပွဲတော်လို့ ခေါင်းစဉ်တပ်ပြီး မြန်မာနိုင်ငံမှာ ပထမဦးဆုံးအကြိမ် ကျင်းပတဲ့ပွဲတော်ပေါ့။ စာပေနဲ့ပတ်သက်ရင် နိုင်ငံတကာမှာက နိုဘယ်ဆုလောက်ရမှ ထင်ရှားကျော်ကြားပြောင်မြောက်တယ်။ အဆင့်မြင့်တယ်လို့ သတ်မှတ်တယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာလည်း သမိုင်းအဆက်ဆက် ထင်ရှားကျော်ကြားတဲ့ စာပေပညာရှင်ကြီးတွေ ရှိခဲ့ပါတယ်။ ဒီပွဲတော်ကို နိုဘယ်စာပေရွေးချယ်တဲ့အဖွဲ့တွေလည်း လာတယ်။ နိုဘယ်ဆုစာပေဆုကို ဘယ်ပုံဘယ်နည်းရွေးချယ်ကြတယ် ဆိုတာကိုလည်း ကျွန်တော်တို့ရဲ့ စာပေပညာရှင်တွေနဲ့အတူ ဆွေးနွေးခွင့်ရကြမယ်။ သိခွင့်ရမယ်။ ဒီလိုပွဲမျိုးကို တစ်နှစ်ကို တစ်ခါလောက်ကျင်းပဖို့ ကျွန်တော်တို့ ပွဲဖြစ်မြောက်ရေးကော်မတီနဲ့ တိုင်ပင်ထားတယ်။ စာပေပညာရှင်တွေ တစ်နေရာတည်းမှာ သတ်သတ်မှတ်မှတ်စုစည်းနိုင်အောင် House of Literature (စာပေသမားများအတွက် အိမ်ဂေဟာ) လိုမျိုး ဖြစ်လာခဲ့ရင် နောင်တစ်နေ့တစ်ချိန်မှာ ကျွန်တော်တို့ မြန်မာနိုင်ငံက စာပေပညာရှင်ကြီးတွေလည်း နိုဘယ်ဆုရမယ်လို့ ကျွန်တော်ယုံကြည်ပါတယ်။

စည်သူဒေါက်တာသော်ကောင်း
(အမျိုးသားစာပေဆုရွေးချယ်ရေး ကော်မတီဥက္ကဋ္ဌ)

ဒီနေ့ပွဲကို ပထမဆုံး ကျင်းပပေးမယ့် ခမ်းခမ်းနားနားနဲ့ စာရေးဆရာ

စည်သူဒေါက်တာသော်ကောင်း

တွေလည်းတော်တော်များများ တက်ရောက်ကြတာတွေ့ရတယ်။ နိုဘယ်စာပေဆုရပုဂ္ဂိုလ်တွေရဲ့ စာအုပ်တွေကို မြန်မာလို ဘာသာပြန်တာတွေဒီပွဲတော်မှာ တော်တော်များများတွေ့ပါတယ်။ မြန်မာစာပေလက်ရာတွေကိုလည်း အင်္ဂလိပ်ဘာသာနဲ့ ပြန်နိုင်ရင် နိုဘယ်ဆုရဖို့ ပိုပြီးတော့ နီးစပ်တယ်ပေါ့။ အာရှတိုက်မှာ ပထမဆုံး နိုဘယ်ဆုရတဲ့ တဂိုးရဲ့ စာပေတွေဆိုရင် တော်တော်များများ အင်္ဂလိပ်လိုပြန်ဆိုထားတာပါ။ နောက်ပိုင်းမှာ အင်္ဂလိပ်လိုပြန်ဆို ရေးသားနိုင်ပြီး ကမ္ဘာကို ထိုးဖောက်နိုင်ရင် ပိုပြီး အကျိုးရှိမယ်။ သူတို့စာပေတွေကိုလည်း မြန်မာလိုပြန်ဆို၊ မြန်မာစာပေကိုလည်း အင်္ဂလိပ်လို ဘာသာပြန်ဆိုနိုင်ရင်တော့ နှစ်ဦးနှစ်ဖက် အကျိုးဖြစ်ထွန်းမှာပါ။ ပွဲတော်ရည်ရွယ်ချက်က အလွန်ကောင်းပါတယ်။ ဒီလိုမျိုးပွဲတွေ နှစ်စဉ် ကျင်းပနိုင်ပါစေလို့ ဆန္ဒပြုပါတယ်။

စာရေးဆရာ နေဝင်းမြင့်

မန္တလေးကနေ ကျွန်တော်တို့ စာရေးဆရာအယောက် ၂၀ ဒီပွဲကို တက်တယ်။ အခုလုပ်တဲ့ပွဲက နိုင်ငံတကာစာပေနဲ့ မြန်မာစာပေကို ပေါင်းကူးပေးတဲ့အစီအစဉ်လို့ ပြောရမှာပေါ့။ အရင်တုန်းက မြန်မာနိုင်ငံက စာပေလောကသားတွေအနေနဲ့ နှစ်ပေါင်းများစွာ နိုင်ငံတကာနဲ့ အဆက်အဆံမရှိခဲ့ဘူး။ ဒီလိုပွဲတော်ကျင်းပဖြစ်တော့ နိုင်ငံတကာနဲ့ အဆက်အဆံရှိလာတယ်။ မြန်မာ့စာပေလောကဟာ ဒီလိုပွဲတော်တွေကြောင့် ကမ္ဘာ့စာပေမျက်နှာစာမှာ ကျွန်တော်တို့စာပေဟာ နေရာရလာနိုင်တယ်။

ဦးစိုးဝင်းငြိမ်း
(သတင်းဓာတ်ပုံပြပွဲတာဝန်ခံ၊ နိုဘယ်မြန်မာစာပေပွဲတော်)

အခုလို ခမ်းနားတဲ့ နိုဘယ်-မြန်မာစာပေပွဲတော် ပြုလုပ်နိုင်တာဟာ စာပေလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ဖက်တစ်လမ်းက အထောက်အကူဖြစ်စေမှာပါ။ ကျွန်တော်ကတော့ graphic design နဲ့ သတင်းဓာတ်ပုံပြပွဲကို တာဝန်ယူထားပါတယ်။ ဒီပွဲမှာ ပြသထားတဲ့ သတင်းဓာတ်ပုံတွေမှာ စစ်ဘေးဒဏ်ခံရတဲ့ ပြည်သူတွေရဲ့ဘဝကို ထင်ဟပ်စေတဲ့ ဓာတ်ပုံအများစုကို ပြသထားတာပေါ့။

ဦးခင်မောင်ဝင်း ဒီမိုကရက်တစ်မြန်မာ့အသံ (DVB ရုပ်သံ)

ပိုစတာတွေကတော့ ငြိမ်းချမ်းရေးကို ဖော်ညွှန်းတဲ့ graphic design ပိုစတာတွေကို ပြသထားပါတယ်။ အဓိကတော့ ငြိမ်းချမ်းရေးကို ရည်ညွှန်းပါတယ်။ မြန်မာနိုင်ငံမှာက ပြည်တွင်းငြိမ်းချမ်းရေးကို ရရှိအောင် မလုပ်ဆောင်နိုင်သေးတဲ့အတွက် ပြည်သူတွေ ဒုက္ခတွေ ရောက်ရတာပါ။ အဲဒီအတွက် စာပေဘက်ကနေ အနုပညာရှင်တွေက ဖော်ထုတ်ကြပါ။ ကျွန်တော်ကတော့ ကျွန်တော့်ဓာတ်ပုံပညာနဲ့ ငြိမ်းချမ်းရေးကိုပဲ တစ်လျှောက်လုံး လုပ်လာခဲ့တာပါ။ နောင်လည်းလုပ်သွားမှာပါ။

ဦးခင်မောင်ဝင်း
ဒီမိုကရက်တစ်မြန်မာ့အသံ
(DVB ရုပ်သံ)
နိုဘယ်မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီ (အတွင်းရေးမှူး)

စာရေးဆရာဖေမြင့်တို့က မြန်မာနိုင်ငံမှာစာပေနဲ့ ငြိမ်းချမ်းရေးပွဲတော်တစ်ခုလုပ်ချင်တယ်လို့ ကျွန်တော်တို့ကို နော်ဝေနိုင်ငံက ငွေကြေးထောက်ပံ့ပေးနေတဲ့ အဖွဲ့အစည်းတစ်ခုကို ပြောတယ်။ နော်ဝေဘက်ကလည်း စိတ်ဝင်စားတဲ့အတွက် မြန်မာနိုင်ငံစာရေးဆရာတွေနဲ့ ပူးပေါင်းလုပ်ဆောင်ဖြစ်တာပါ။ ကျွန်တော်တို့ DVB အနေနဲ့က ပြည်ပမှာရှိတဲ့ အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်ပေးရတဲ့တာဝန်ကို ယူပေးထားတယ်။ ဆရာဖေမြင့်တို့ကတော့ ပြည်တွင်းမှာရှိတဲ့ စီစဉ်ရတဲ့ကိစ္စတွေအားလုံးကို တာဝန်ယူတာပေါ့။ ငြိမ်းချမ်းရေးစာပေနဲ့ ဆုရခဲ့တဲ့ နိုဘယ်ဆုရှင်တွေကို ဖိတ်ဖို့ကြိုးစားပေးမယ့် ပွဲတော်ကျင်းပဖို့ ပြင်ဆင်ချိန်ကနည်းတဲ့အတွက် ဖိတ်ဖို့ အချိန်မမီလိုက်ဘူး။ ငြိမ်းချမ်းရေး နိုဘယ်ဆုပေးတဲ့ ကော်မတီဝင်ဖြစ်တဲ့ နော်ဝေနိုင်ငံက ကိုယ်စားလှယ်ကတော့ ဒီပွဲကို တက်ရောက်စကားပြောကြားမှာပါ။

ဒီပွဲကို မြန်မာစာရေးဆရာတွေ ဦးဆောင်လုပ်တယ်။ စာပေနိုဘယ်ဆုရထားတဲ့ ပညာရှင်တွေရဲ့ စာအုပ်ပေါင်း ၁၀၀ ကျော်ကို ပုံနှိပ်ထုတ်ဝေခဲ့တယ်။ ဒါကြောင့် မြန်မာစာဖတ်ပရိသတ်အတွက် နိုင်ငံတကာက ကမ္ဘာ့အဆင့်မီစာပေတွေကို ဖတ်ရှုခွင့်ရမှာပေါ့။ မြန်မာစာပေတွေကိုလည်း ဒီနည်းနဲ့ တိုးတက်မြင့်တင်အောင် လုပ်လို့ရပါတယ်။

စာရေးဆရာဟိန်းလတ်

စာရေးဆရာဟိန်းလတ်
(နိုဘယ်မြန်မာစာပေပွဲတော် ကျင်းပရေးကော်မတီဝင်)

စာပေဆိုင်ရာ နိုဘယ်ဆုမှာ ကမ္ဘာမှာအမြင့်ဆုံးဆုပါ။ ကမ္ဘာမှာ နိုဘယ်ဆုရတဲ့ စာရေးဆရာတွေ မြန်မာဘာသာပြန်ဆို ရေးထားတဲ့ စာအုပ်တွေထုတ်ဝေရာမှာ ဒီနှစ် နိုဘယ်ဆုရတဲ့ "ကျွန်မမာလာလာ" နိုဘယ်ဆုရ အိန္ဒိယစာဆိုတော်ရာဘင်ဒရာနတ်တဂိုးရဲ့ " တဂိုးအတွေး တဂိုးအရေး" နိုဘယ်ဆုရ စာရေးဆရာများနှင့် သူတို့၏ စာများဆိုပြီး ကျွန်တော်က သုံးအုပ်ပါဝင်ရေးသားထားတယ်။ နိုဘယ်ဆုရ စာရေးဆရာတွေရဲ့ လက်ရာတွေဟာ ဘယ်လောက် အဆင့်အတန်းရှိတယ်ဆိုတာ မြန်မာပရိသတ်က ဒီပွဲတော်မှာ ထင်ထင်ရှားရှားတွေ့မြင်သွားနိုင်ပါတယ်။ ဒီစာပေပွဲတော်မှာ ကျွန်တော်က ကမ္ဘာ့ဂန္ထဝင်စာပေနဲ့ ခေတ်သစ်စာပေတွေထဲမှာ မြန်မာဘာသာနဲ့ထုတ်ဝေသင့်တဲ့ စာအုပ်များအကြောင်းကို စာတမ်းတစ်ခုဖတ်ပါမယ်။ စာပေဆွေးနွေးပွဲမှာတော့ ဘာသာပြန် ရသစာပေထွန်းကားအောင် ဆွေးနွေးကြမှာပါ။ နိုဘယ်ဆုရခဲ့တဲ့ စာပေလက်ရာမွန်တွေကို မြန်မာစာပေနဲ့ နှိုင်းယှဉ်ကြပါမယ်။

အာရှမှာ ဂျပန်၊ တရုတ်၊ အိန္ဒိယတို့က နိုဘယ်ဆုရပြီးဖြစ်ပါတယ်။ မြန်မာစာပေလက်ရာမွန်တွေမှာ နိုဘယ်ဆုနဲ့ ထိုက်တန်တဲ့စာပေတွေရှိပြီး မြန်မာနိုင်ငံမရသေးတာ မြန်မာစာပေလက်ရာတွေကို အင်္ဂလိပ်ဘာသာအဖြစ် မပြန်ဆိုရသေးလို့ပါ။

စာရေးဆရာမ စံပယ်ဖြူနု
(စာရေးဆရာများတင်ဆက်သည့် မဟာဆန်ချင်သူ ပြဇာတ်၏ သရုပ်ဆောင်တစ်ဦး)

ပွဲတော်စတင်မယ်ဆိုတဲ့ အစီအစဉ်ကို ပွဲဖြစ်မြောက်ရေးကော်မတီက စီစဉ်နေတုန်းက သိရုံပဲသိခဲ့ရတာ။ နောက်တော့ စာရေးဆရာတွေ ကပြတဲ့ မဟာဆန်ချင်သူ ပြဇာတ်မှာ မယ်မှုန်နေရာကနေ သရုပ်ဆောင်

စာရေးဆရာ နေဝင်းမြင့်

ပေးမယ့် သရုပ်ဆောင်တစ်ဦးလိုနေတယ်ဆိုပြီး ဆရာမ မိချမ်းဝေက ဝင်ရောက်သရုပ်ဆောင်ဖို့ တိုက်တွန်းတယ်။ သရုပ်ဆောင်အလုပ်က ကျွန်မတို့အတွက် အစိမ်းသက်သက်ပါပဲ။ လူအများရှေ့မှာ သရုပ်ဆောင်ဖို့ဆိုတာ တကယ်တမ်းခက်ခဲပါတယ်။ မဟာဆန်ချင်သူပြဇာတ်မှာ မယ်မှုန်က အဓိကဇာတ်ဆောင်တစ်ဦးဖြစ်တဲ့ သူဌေးကြီးဦးရွှေနှောင်းရဲ့ တူမနေရာကနေ ပါဝင်ခွင့်ရတယ်။ သက်တမ်းနုသေးတဲ့ ကျွန်မလိုစာရေးသူတစ်ယောက်အနေနဲ့ ကျွန်မဘဝမှာ ပထမဆုံးကြုံတွေ့ရတဲ့ စာပေပွဲကြီးတစ်ခုပါ။ ကမ္ဘာ့စာပေလောကကို မြန်မာစာပေဝင်ရောက်ဖို့ ပထမခြေလှမ်းလည်းဖြစ်နိုင်ပါတယ်။ ဒီပွဲကို တက်ရောက်ဖို့ ကျွန်မ ကချင်ပြည်နယ်က လာရောက်တာပါ။

(ကျေးဇူးတင်ပါတယ်)

နိုဘယ်မြန်မာစာပေပွဲတော်ကို ဇန်နဝါရီ ၁၇ ရက်မှ ၁၉ ရက်အထိ ကျင်းပသွားမည်ဖြစ်ကာ စာပေဟောပြောပွဲများ၊ ကာတွန်းပြပွဲများ၊ အပြန်အလှန်စာပေဆွေးနွေးမည့် အစီအစဉ်များ၊ ကဗျာရွတ်ခြင်းအစီအစဉ်များ၊ စာအုပ်အရောင်းပြပွဲများ၊ နိုဘယ်- မြန်မာပွဲတော်အထိမ်းအမှတ် လက်ဆောင်ပစ္စည်းရောင်းချခြင်း အစီအစဉ်များကို အမျိုးသားပြဇာတ်ရုံပြင်ပတွင် စည်ကားသိုက်မြိုက်စွာ လုပ်ဆောင်မည်ဖြစ်ပြီး ပြဇာတ်ခန်းမအဝင်တွင် ဆရာကြီးသခင်ကိုယ်တော်မှိုင်း၏ ငြိမ်းချမ်းရေးလှုပ်ရှားမှုဓာတ်ပုံများ၊ စာပေနိုဘယ်ဆုရ ပုဂ္ဂိုလ်တို့၏ ဓာတ်ပုံများနှင့် ၎င်းတို့ထုတ်ဝေခဲ့သည့် နိုဘယ်ဆုရစာအုပ်များကို မူရင်းအင်္ဂလိပ်ဘာသာအပြင် မြန်မာဘာသာဖြင့်ပါ ပြသထားသည်။

မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)
♦ သင်ဖတ်နေသော သတင်းများသည် မှားယွင်းသောဖော်ပြချက်တွေလား?
♦ သင်ဖတ်နေသော သတင်းများသည် မခိုင်မာသောကိုးကားချက်တွေ ထည့်သွင်းထားသလား?
♦ မီဒီယာမှာဖော်ပြမှုကြောင့် သင့်၏သိက္ခာထိခိုက်နေပါသလား?
စာဖတ်သူများက နစ်နာမှုနှင့် မကျေနပ်မှု တစ်စုံတစ်ရာရှိပါက သက်ဆိုင်ရာ သတင်းဌာန (သို့မဟုတ်) မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)ထံသို့ တိုက်ရိုက်တိုင်ကြားနိုင်ပါသည်။
မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)
အမှတ်(၉၀၂)၊ ၉-လွှာ၊ ယုဇနတာဝါ၊ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၄၄၈၀၂၆၃၂၆
အီးမေးလ် mmpresscouncil@gmail.com

မိုးလေဝသ အခြေအနေ

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။
နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအထက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ရွာမည်။

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

မြို့ကြီးနှစ်မြို့၌ဖြစ်သော ယာဉ်မတော်တဆမှု တစ်နိုင်ငံလုံး၏ထက်ဝက်ခန့်ရှိ

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံ၏ ယာဉ်မတော်တဆမှုကို တွက်ဆကြည့်မည်ဆိုလျှင် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် ဖြစ်ပွားခဲ့သည့် ယာဉ်မတော်တဆမှုများကြောင့် ထိခိုက်ဒဏ်ရာရသေဆုံးမှုများမှာ တစ်နိုင်ငံလုံးအတိုင်းအတာ၏ ထက်ဝက်ခန့်ရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ခင်က ဇန်နဝါရီ ၁၈ ရက် နံနက်ပိုင်းက သူနာပြုတက္ကသိုလ်၌ ကျင်းပသော တိုင်းဒေသကြီး ယာဉ်စည်း ကမ်းထိန်းသိမ်းရေး ကြီးကြပ်မှုကော်မတီ ဆဋ္ဌမအကြိမ်မြောက် ယာဉ်တိုက်မှုကြောင့် သေဆုံး၊ ဒဏ်ရာရသူများ အမှတ်တရနေ့နှင့် ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားတွင် ပြောကြားသည်။

"ယာဉ်စီးရေတွေတိုးလာတာနဲ့အမျှ ယာဉ်တိုက်မှုတွေကြောင့် ထိခိုက်ဒဏ်ရာရမှု၊ အသက်ဆုံးရှုံးမှုတွေဟာလည်း တိုးတိုးပြီးဖြစ်ပွားလာတာတွေ့ရပါတယ်။ နေ့စဉ် လမ်းအသုံးပြုသူ ပြည်သူတွေဟာ လမ်းလျှောက်လို့တစ်မျိုး၊ ကားစီးလို့တစ်ဖုံ၊ စက်ဘီး ဆိုင်ကယ်စီးလို့ တစ်သွယ် လုပ်ငန်းခွင်၊ ရုံး၊ ကျောင်းသွားနေကြပြီး အချိန်တန်အိမ်ပြန်မရောက်ကြဘဲ ယာဉ်မတော်တဆမှုကြောင့် မိသားစုများအတွင်း ကြေကွဲဖွယ်ရာဖြစ်ရပ်များ တွေ့မြင်ကြားသိနေရပါတယ်" ဟု ဦးအောင်ခင်က ပြောသည်။

ပြီးခဲ့သည့် ၂၀၁၄ ခုနှစ် ရန်ကုန်တိုင်းဒေသကြီးအတွင်း ခြေကျင်လမ်းလျှောက်သူများ၊ စက်ဘီးစီးသူများနှင့်အနေးယာဉ်များအပါအဝင် ယာဉ်မတော်တဆမှုပေါင်း ၂၉၃၅ မှုဖြစ်ပွားခဲ့ရာ သေဆုံးသူ ၅၆၄ ဦးရှိပြီး ၄၁၁၁ ဦးထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း တိုင်းဒေသကြီး ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြေညာချက်ထုတ်ပြန်ထားသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ ထုတ်ပြန်ချက်အရ ကမ္ဘာတစ်ဝန်း ယာဉ်မတော်တဆမှုကြောင့် နှစ်စဉ် လူပေါင်း ၁ ဒသမ ၂ သန်းခန့် သေဆုံးနေရပြီး ဒဏ်ရာရသူ သန်း ၅၀ ကျော်ရှိကြောင်း၊ နေ့စဉ် ပျမ်းမျှလူပေါင်း ၃၀၀၀ ကျော် သေဆုံးနေရကြောင်း သိရသည်။

တိုင်းဒေသကြီးအတွင်း၌လည်း ပြီးခဲ့သည့် ၂၀၁၄ ခုနှစ်က လစဉ်ယာဉ်မတော်တဆမှု ၂၀၀ ကျော် ဖြစ်ပွားခဲ့ပြီး ဒဏ်ရာရသူ ၂၀၀ မှ ၃၀၀ ကြားရှိကာ သေဆုံးသူပျမ်းမျှ ၄၀ အထက်ရှိကြောင်း သက်ဆိုင်ရာ ထုတ်ပြန်ချက်အရ သိရသည်။

ထိုသို့ ယာဉ်မတော်တဆမှုများဖြစ်ပွားနေမှုအပေါ် ပြည်သူအများ သတိပြုလိုက်နာစေရန် ကမ္ဘာ့နိုင်ငံများနည်းတူ မြန်မာနိုင်ငံတွင်လည်း ၂၀၀၉ ခုနှစ်မှ စတင်ကာ ယာဉ်မတော်တဆမှုကြောင့် သေဆုံးဒဏ်ရာရသူများ အမှတ်တရနေ့ (World Day of Rememberance to Road Traffic Victims) ကို နှစ်စဉ်ကျင်းပလာခဲ့ရာ ယခုအခါ ဆဋ္ဌမအကြိမ်ရှိသွားပြီဖြစ်သည်။ **မြင့်မောင်စိုး**

ရေတာရှည်မြို့နယ် နွေစပါးစိုက်တောင်သူများ စက်ကိရိယာများပိုမိုသုံးစွဲလာ

ရေတာရှည် ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် ဆွာချောင်းရေလှောင်တမံရေပေးဝေမှုဖြင့် ဇန်နဝါရီ ဒုတိယအပတ်မှ စတင်ကာ နွေစပါးများစိုက်ပျိုးလျက်ရှိရာ လယ်ယာသုံးစက်ပစ္စည်းများ ပိုမိုသုံးစွဲလျက်ရှိကြောင်းသိရသည်။ ကျွဲ/နွား ဈေးနှုန်းမြင့်တက်ခြင်း၊ လယ်ယာလုပ်သားရှားပါး၍ လုပ်အားခမြင့်တက်ခြင်းများကြောင့် စက်ပစ္စည်းများကို ပိုမိုသုံးစွဲလာခြင်းဖြစ်ကာ စက်ကိရိယာသုံးစွဲခြင်းဖြင့် အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်မည်ဖြစ်သည်။ "မနှစ်ကထက်စာရင် ဒီနှစ်မှာ တောင်သူတွေ စက်ကိရိယာဝယ်ယူတာ အတော်များတယ်၊ သမဝါယမနဲ့ချိတ်ဆက်ပြီး ဝယ်ယူတာရှိသလို အပြင်ကလည်း အရစ်ကျ ဝယ်ယူတာတွေလည်းရှိတယ်၊ နောက်ဆိုရင် ကျွန်တော်တို့ ဂျပန်ကနေသွင်းတဲ့ မစ်ဆူဘီရှီထွန်စက်တွေဖြန့်ဖြူးရောင်းချဖို့ရှိတယ်၊ ငွေကျပ်သိန်း ၂၅၀ ကို အရစ်ကျနဲ့ ရောင်းပေးမှာပါ"ဟု ရီရှင်းလယ်ယာသုံး စက်ပစ္စည်းရောင်းဝယ်ရေးကုမ္ပဏီမှ အရောင်းဆိုင်တာဝန်ခံ ဦးအေးနိုင်က ပြောပြသည်။ လယ်ယာစိုက်ပျိုးရေး လုပ်ငန်းခွင်တွင် အလုပ်သမားရှားပါးမှုတွင် ဒေသရွှေ့ပြောင်းလုပ်သား ထွက်ခွာမှုများမှာ အများဆုံးဖြစ်ပြီး ကျွဲ/နွား ဈေးနှုန်းမှာလည်း ယခင်ကထက် ဈေးနှုန်း မြင့်တက်လျက်ရှိသည့်အတွက် စက်ကိရိယာများကို တောင်သူများအနေဖြင့် ကြိုးပမ်းဝယ်ယူသုံးစွဲလာခြင်းဖြစ်ကြောင်း တောင်သူတစ်ဦးက ပြောပြသည်။

"ကျွဲ/နွား ဈေးက တစ်ရှဉ်းကို ငွေကျပ် ၁၅ သိန်း၊ ၁၆ သိန်းလောက်ပေးမှ သင့်တာရမှာ၊ နောက် အစားအစာ ကျန်းမာရေးကိုလည်း ဂရုစိုက်ရသေးတယ်။ စက်ကျတော့ ဒါတွေမလိုဘူးလေ။ အချိန်တိုအတွင်း လုပ်ငန်းပြီးစီးနိုင်တော့ စက်ကိရိယာတွေပဲ ဝယ်ကြတာ သဘာဝကျပါတယ်"ဟု အထက်ပါတောင်သူကပင် ဆက်လက်၍ပြောသည်။ ရေတာရှည်မြို့နယ်တွင် နွေစပါးစိုက်ဧက ၂၈၀၀၀ ကျော်ရှိပြီး စိုက်ဧကအလိုက် တင်း ၈၀ ကျော်မှ ၁၃၀ အထိ ထွက်နှုန်းကောင်းမွန်သည့်အတွက် တောင်သူများအနေဖြင့် အထူးပင်အားထည့်ကာ စိုက်ပျိုးလျက်ရှိသည်ကို တွေ့ရသည်။

ကိုလွင်(ဆွာ)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၈-၁-၂၀၁၅

ရွှေဈေးနှုန်း(အောင်သမာဓိ)			
ရန်ကုန်	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၇၀၀၀
ရန်ကုန်	၁၅ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၄၆၆၀၀
မန္တလေး	၁၆ ပဲရည်	တစ်ကျပ်သား	ကျပ် ၆၈၇၇၀၀

စက်သုံးဆီဈေးနှုန်း (Max/ Newday စက်သုံးဆီအရောင်းဆိုင်)		
ဓာတ်ဆီ	တစ်လီတာ	ကျပ် ၈၀၀
ဒီဇယ်	တစ်လီတာ	ကျပ် ၇၅၀
အောက်တိန်း ၉၂	တစ်လီတာ	ကျပ် ၅၉၀
အောက်တိန်း ၉၅	တစ်လီတာ	ကျပ် ၆၈၀
ပရီမီယံဒီဇယ်	တစ်လီတာ	ကျပ် ၇၆၀

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)			
၁။	ငါးကြင်း	တစ်ပိဿာ	၃၂၀၀-၃၅၀၀
၂။	ငါးမြစ်ချင်း	တစ်ပိဿာ	၂၇၀၀-၃၀၀၀
၃။	ငါးရံ့	တစ်ပိဿာ	၅၅၀၀-၇၀၀၀
၄။	ငါးဖယ်	တစ်ပိဿာ	၁၂၀၀၀-၁၅၀၀၀
၅။	ပုစွန် (ကျော့)	တစ်ပိဿာ	၄၅၀၀-၇၅၀၀
၆။	ပုစွန်တုပ်	တစ်ပိဿာ	၉၀၀၀-၁၇၀၀၀
၇။	ငါးသားလောက်	တစ်ပိဿာ	၆၀၀၀-၇၅၀၀
၈။	ကြက်	တစ်ပိဿာ	၆၀၀၀-၁၅၀၀၀
၉။	ဝက်	တစ်ပိဿာ	၇၅၀၀-၉၀၀၀
၁၀။	အမဲ	တစ်ပိဿာ	၈၀၀၀-၉၀၀၀
၁၁။	ဆိတ်	တစ်ပိဿာ	၁၂၀၀၀-၁၇၀၀၀
၁၂။	ဘဲ	တစ်ပိဿာ	၇၀၀၀-၁၀၀၀၀

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး(သိမ်ဖြူငွေလဲကောင်တာ)		
အမေရိကန်	တစ်ဒေါ်လာ	၁၀၂၆-၁၀၃၃
ဥရောပ	တစ်ယူရို	၁၁၈၁-၁၁၉၉
စင်ကာပူ	တစ်ဒေါ်လာ	၇၆၇-၇၇၉
ထိုင်း	တစ်ဘတ်	၃၀-၃၀.၂
အိန္ဒိယ	တစ်ရူပီး	၁၆-၁၆.၅၇၆
တရုတ်	တစ်ယွမ်	၁၆၅-၁၇၀
မလေးရှား	တစ်ရင်းဂစ်	၃၂၀-၃၂၂

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှအပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။

ပဲခူးမြို့နယ် မဲခံကျေးရွာအုပ်စု ရှမ်းစုကြီးကျေးရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းတင်နှင့် တာဝန်ရှိသူများ တက်ရောက်ဖွင့်လှစ်ပေးစဉ်။

(မြို့နယ် ပြန်/ဆက်)

လူကုန်ကူးမှုတွန်းလှန်မှ လူသားဘဝလုံခြုံရ

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်ကွက်၊ ဗဟိုလမ်း၊ အမှတ် ၁၇၊ အကွက်အမှတ် ၄၅၊ ဦးပိုင်အမှတ် ၂၇၊ ဧရိယာ ၀ ဒသမ ၁၂၀ဧကရှိ ဂရန်မြေနှင့် အဆောက်အအုံအား ကန့်ကွက်တားမြစ်ချက်ကို အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ် ၅/၁၁နေ ဦးသိန်းအောင်(ဘ) ဦးခွင် ၁၀/မလမ(နိုင်)၁၃၃၃၃၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ကျွန်ုပ်၏အမှုသည် ဦးသိန်းအောင်သည် အထက်ဖော်ပြပါမြေနှင့် အဆောက်အအုံ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်ညွန့် ၁၀/မလမ(နိုင်)၀၅၁၅၉၈၏သားသမီးလေးဦးအနက် တတိယမြောက်သားအရင်းဖြစ်ပါသည်။ ကျွန်ုပ်အမှုသည်၏မိခင်မှာ အသက်(၉၀)ကျော်ပြီး ကျန်းမာရေးချို့ယွင်းနေချိန်ဖြစ်ပါ၍ ဖော်ပြပါမြေနှင့် အဆောက်အအုံအား ရောင်းချရန်ကိစ္စဆောင်ရွက်နိုင်ခြင်းမရှိပါ။ မိသားစုပိုင်ပစ္စည်းရပ်ဖြစ်ပြီး ကျွန်ုပ်အမှုသည် ဦးသိန်းအောင်မှလည်း တရားဝင် ပိုင်ဆိုင်ခွင့်ရှိသူဖြစ်၍ ကျွန်ုပ်အမှုသည် သိရှိခွင့်ပြုခြင်းမရှိပါဘဲ မျက်ကွယ်၌ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်းစသည့် မည်သည့်တစ်နည်းနည်းနှင့်မှ လွှဲပြောင်းခြင်းမပြုပါရန် တားမြစ်ကန့်ကွက်ပါသည်။

ထိုသို့ တားမြစ်ကန့်ကွက်ထားချက်ကို ကျူးလွန်ဖောက်ဖျက်၍ ရောင်းဝယ်ခြင်းကိစ္စအပါအဝင် လွှဲပြောင်းမှုတစ်ရပ်ရပ်ပြုလုပ်ခဲ့ပါက ပြုလုပ်သူအား ဥပဒေအရ ထိရောက်စွာအရေးယူပေးပါရန် ကျွန်ုပ်အမှုသည်မှ လွှဲအပ်ညွှန်ကြားထားပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သန်းမြင့်(၂၂၃၃) B.A(Eco), D.A, H.G.P

အထက်တန်းရှေ့နေ

အမှတ် ၄၈၊ ပထမထပ်(A)၊ လမ်း ၉၀၊ ကန်/နောက်ရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၀၄၂၄၄၃

အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသည့် ညောင်ရွှေမြို့၊ မင်္ဂလာရပ်၊ (၃) အကွက်၊ ဆေးရုံလမ်းနေ (ဘ)ဦးခင်မောင်မြင့်၊ (မိ)ဒေါ်မြင့်မြင့်ရွှေတို့၏သားသမီးအရင်းများဖြစ်ကြသော (၁)ဒေါ်အေးမြင့်သူ ၁၃/ညရန(နိုင်)၀၀၄၉၉၈၊ (၂)ဦးအောင်မြင့်ဦး ၁၃/ညရန(နိုင်)၀၀၆၁၉၁၊ (၃)ဦးကောင်းမြတ်သူ ၁၃/ညရန(နိုင်)၀၀၉၄၇၂၊ (၄)ဦးအောင်မျိုးမြတ် ၁၃/ညရန(နိုင်)၀၆၁၁၀၅၊ (၅)ဒေါ်နှင်းဆုဝေ ၁၃/ညရန(နိုင်) ၀၅၉၀၈၀တို့နှင့် ညောင်ရွှေမြို့၊ ကံသာရပ်(၁)အကွက်နေ ဦးချယ်၏သား ဦးဘိုးအောင်(ခ)ဦးတိုးအောင်မြင့် ၁၃/ညရန(နိုင်)၀၂၆၄၀၉တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ညောင်ရွှေမြို့၊ မင်္ဂလာရပ်(၃)အကွက်၊ အမှတ်(၂၂)၊ ဦးပိုင်အမှတ်(၆၇-စ)၊ မြေကွက်အမှတ်(၉၀/၁၂၂)၊ မြေဧရိယာ ၀ ဒသမ၁၁၆ ဧကရှိ အိမ်ရာမြေကွက်မှာ ညောင်ရွှေမြို့နယ် မြေစာရင်းဦးစီးဌာနတွင် ၂၁-၁၀-၂၀၀၉ရက်ကပင် ဒေါ်ခင်စိန်မြ၊ ဦးဘိုးအောင်၊ ဒေါ်မြင့်မြင့်ရွှေအမည်ဖြင့် အမည်ပေါက်အိမ်ရာမြေကွက်ဖြစ်ပါသည်။ ဒေါ်မြင့်မြင့်ရွှေမှာ ၃-၆-၂၀၁၃ ရက်တွင် ကွယ်လွန်ခဲ့ပြီး ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဒေါ်အေးမြင့်သူ၊ ဦးအောင်မြင့်ဦး၊ ဦးကောင်းမြတ်သူ၊ ဦးအောင်မျိုးမြတ်၊ ဒေါ်နှင်းဆုဝေတို့မှာ ဒေါ်မြင့်မြင့်ရွှေ၏ သားသမီးအရင်းများဖြစ်ကြ၍ အထက်ပါအိမ်ရာမြေကွက်ပေါ်တွင် အမွေသက်ဆိုင်သူများဖြစ်ကြပါသည်။ မြေကွက်တွင် အမည်ပေါက်သူတစ်ဦးဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေ ဦးဘိုးအောင်မှာလည်း သက်ရှိထင်ရှားရှိပါသည်။ သို့ဖြစ်ပါ၍ အမွေဆိုင်များဖြစ်သည့် ကျွန်ုပ်၏မိတ်ဆွေတို့ သဘောတူညီသိရှိခြင်းမရှိဘဲ ဒေါ်ခင်စိန်မြ၊ ဒေါ်မြင့်မြင့်ရွှေ၊ ဦးဘိုးအောင်တို့ သုံးဦးစလုံး၏ အမည်မှ လွှဲ၍ ပြန်လည်ပြင်ဆင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ တစ်ဦးတည်း၏အမည်ပြောင်းလဲခြင်း၊ အခြားနည်းဖြင့် စီမံခန့်ခွဲလွှဲပြောင်းခြင်းများမပြုလုပ်ရန် သတိပေးတားမြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

(၁)ဦးဘိုးအောင်(ခ)ဦးတိုးအောင်မြင့်၊ (၂)ဒေါ်အေးမြင့်သူ၊ (၃)ဦးအောင်မြင့်ဦး၊ (၄)ဦးကောင်းမြတ်သူ၊ (၅)ဦးအောင်မျိုးမြတ်၊ (၆)ဒေါ်နှင်းဆုဝေ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ

ဒေါ်အေးအေးဝင်း(LL.B)

တရားလွှတ်တော်ရှေ့နေ(စဉ်-၆၁၂၁)

အမှတ်(၁၆၆)၊ ကံသာရပ်၊ ညောင်ရွှေမြို့

အများသိစေရန်ကြေညာခြင်း

မူဆယ်မြို့ ကောင်းမူးတုံရပ်ကွက်နေ ဦးစိုင်းဟန်သိန်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်။

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက်အမှတ်CC၊ မြနန္ဒာရပ်ကွက်၊ဦးပိုင်အမှတ်(၃၀-၃၁)၊ မြေယာအမှတ် (၃၀-၃၁)၊ မြေဧရိယာ ၀ဒသမ၁၂၀ ဧကအား ဂရန်အမည်ပေါက်သူ ဦးဝင်းမော်၏ အထွေထွေကိုယ်စားလှယ် ဒေါ်ခင်စန်းတင့်ထံမှ ဝယ်ယူထားသော ဦးစိုင်းဟန်သိန်းနိုင်မှ အရောင်းအဝယ်စာချုပ်အား ချုပ်ဆိုမှတ်ပုံတင်ပြီး ဂရန်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်သောစာရွက်စာတမ်းမူရင်းများ၊ တရားရုံးတားဝရမ်းအမိန့်ဒီကရီမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ဖြစ်စေ၊ ဦးစိုင်းဟန်သိန်းနိုင်ထံသို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးစိုင်းဟန်သိန်းနိုင်မှ အရောင်းအဝယ်စာချုပ်အား မှတ်ပုံတင်ပြီး ဂရန်အမည်ပြောင်းလျှောက်ထားမည့်ကိစ္စအား ဥပဒေ နှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဦးစိုင်းဟန်သိန်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ခင်သာ LL.B

တရားလွှတ်တော်ရှေ့နေ

အမှတ် ၁၂၈၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့၊

ဖုန်း-၀၉-၂၀၄၅၈၇၅၊ ၀၉-၄၀၂၅၀၇၇၈၆၊ ၀၈၅-၂၃၂၄၁

သက်ဆိုင်သူများသိစေရန်ကြေညာချက်

၁။ ကျိုင်းတုံမြို့၊ တောင်ကြီးလမ်း၊ ဝေါ်ခုတ်မြို့ကွက်သစ်တွင် မြေကွက်ချထားခြင်းခံရသူများအနက် မြေကွက်အမှတ် (B-၂၅၀)နှင့် (B-၂၅၁) မြေကွက်နှစ်ကွက်သည် မြေပေးမိန့်ပေးစဉ်က စည်းကမ်းချက်များအတိုင်း ခြောက်လအတွင်း မြေငှားဂရန် လျှောက်ထားခြင်း၊ နေအိမ်ဆောက်လုပ်ခြင်း၊ ခြံစည်းရိုးစနစ်တကျကာရံခြင်းမရှိသည်ကို စိစစ်တွေ့ရှိရပါသည်။

၂။ သို့ဖြစ်ပါ၍ မြေကွက်ရရှိသူများအနေဖြင့် သတင်းစာ ကြေညာပါသည့်ရက်မှစ၍ ရက်ပေါင်း(၃၀)အတွင်း ဤရုံးသို့ လာရောက်ဆက်သွယ်ရန်နှင့် သတ်မှတ်ရက်အတွင်း ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက ရှေးဦးမြေပေးမိန့်အား ပြန်လည်ရုပ်သိမ်း၍ အစားထိုးပြန်လည်ချထားပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန

ကျိုင်းတုံမြို့

နိုင်ငံတကာအားကစားနှင့် ကြော်ငြာ

စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ်စပြီ

မိုးမြင့်လင်းလက်

စပိန်ဘုရင့်ဖလား ကွာတားဖိုင်နယ် ပထမအကျော့ ပွဲစဉ်တွေကို ဇန်နဝါရီ ၂၂ ရက်မှာ စတင်ယှဉ်ပြိုင်တော့မှာဖြစ်ပါတယ်။ အသင်းကြီးတွေ တန်ဖိုးထားပြီး ရယူပိုင်ဆိုင်လိုမှုပြင်းပြနေတဲ့ စပိန်ဘုရင့်ဖလားကို ကွာတားဖိုင်နယ်မှာ ဘာစီလိုနာနဲ့ အက်သလက်တီကိုတို့ ထိပ်တိုက်ဆုံတွေ့နေတာမို့ စိတ်လှုပ်ရှားစရာကောင်းနေတာတော့ အမှန်ပါပဲ။ ဒီနှစ်သင်းမှာ တစ်သင်းကျန်ရစ်ခဲ့ရတော့မှာမို့ ဘယ်အသင်းဖြစ်သွားမလဲဆိုတာ အဖြေညှိဖို့ လိုအပ်လာခဲ့ပြီဖြစ်ပါတယ်။

ဘာစီလိုနာနှင့် အက်သလက်တီကို

လာလီဂါမှာခြေစွာပြီး တိုက်စစ်အထက်မြက်ဆုံးဖြစ်တဲ့ ရီးရဲမက်ဒရစ်ကိုပြိုင်ပွဲက ထွက်ခွာစေခဲ့တဲ့ အက်သလက်တီကိုဟာ ကွာတားဖိုင်နယ်မှာတော့ ဘာစီလိုနာနဲ့ တွေ့ကြပြီဖြစ်ပါတယ်။ အက်သလက်တီကိုတို့က တစ်ဦးချင်းရော အသင်းလိုက်ပါ အကောင်းဆုံးပုံစံ ရရှိနေတဲ့အတွက် ဘာစီလိုနာနဲ့ နောက်ဆုံးသုံးပွဲကစားခဲ့တဲ့ရလဒ်ကိုကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ ဒါပေမယ့် ဘာစီလိုနာကွင်းမှာ နောက်ဆုံးငါးပွဲ လာရောက်ကစားခဲ့တဲ့ အက်သလက်တီကိုရဲ့ ခြေစွမ်းကိုကြည့်ရင် နိုင်ပွဲတစ်ပွဲမှ မရခဲ့ပါဘူး။ ဒါပေမယ့် ဘာစီလိုနာရဲ့ အိမ်ကွင်းအားထုတ်မှုကပြိုင်ဘက်တွေကို ရလဒ်ဆိုးရွားစေတာမို့ အခုပွဲမှာလည်း အိမ်ရှင်တို့ရဲ့ အိမ်ကွင်းရလဒ် ထုတ်ဖော်စွမ်းဆောင်မှုက အသိအမှတ်ပြုစရာဖြစ်လာမှာပါ။

မာလာဂါနှင့် ဘီလ်ဘာအို

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ပွဲရလဒ်ကိုကြည့်ရင်တော့ မာလာဂါတို့က အိမ်ကွင်းမှာ တစ်ဂိုး-ဂိုးမရှိနဲ့ နိုင်ပွဲရထားပါတယ်။ လာလီဂါမှာတော့ မာလာဂါက တန်းစီဇယား သတ္တမနေရာမှာ တည်ရှိနေပြီး ရလဒ်ကောင်းတွေလည်း ရရှိနေပါတယ်။ ဘီလ်ဘာအိုတို့ ပထမအကျော့ဒီပွဲမှာ သရေရရင်ပဲ ကျေနပ်ရမှာပါ။

ဗီလာရီးရဲနှင့် ဂီတာဖေး

ဗီလာရီးရဲဟာ ဂီတာဖေးကို အနိုင်ကစားနိုင်တဲ့ ခြေစွမ်းရှိပြီး လက်ရှိခြေစွမ်းပိုင်းအရလည်း အသာစီးရယူကစားပါလိမ့်မယ်။ ဗီလာရီးရဲတို့က အစဉ်အလာအရ အိမ်ကွင်းမှာ အသာစီးရယူခဲ့တာဖြစ်ပြီး ဂီတာဖေးရဲ့လတ်တလော စွမ်းဆောင်ရည်တွေကလည်း ကျဆင်းနေတာမို့ အိမ်ရှင်ရဲ့အားထုတ်မှုကို အသိအမှတ်ပြုပေးရမှာ ဖြစ်ပါတယ်။

အက်စ်ပန်ညိုနှင့် ဆီဗီလာ

ဆီဗီလာရဲ့ ကစားအားက တဖြည်းဖြည်းကောင်းမွန်လာပါတယ်။ အက်စ်ပန်ညိုနဲ့ဆုံတိုင်းလည်း ဆီဗီလာတို့ နိုင်ပွဲရအောင် ကစားနိုင်ခဲ့ပြီး အမှတ်ပြည့် ရယူနိုင်ခဲ့တာများပါတယ်။ ဒါပေမယ့် ဗလင်စီယာကို အနိုင်ယူကျော်ဖြတ်ခဲ့တဲ့ အက်စ်ပန်ညိုရဲ့ ကစားအားက အထင်သေးလို့မရတာကြောင့် ဆီဗီလာတို့ပေါ့ဆလို့မရပါဘူး။ ဒါပေမယ့်ပွဲတိုင်း အလေးအနက်ထား ကစားတတ်တဲ့ ဆီဗီလာတို့အတွက် ပထမအကျော့မှာ ရလဒ်ကောင်းဖို့အတွက် ခြေကုန်ထုတ်မယ့်ပွဲလို့ ထင်ပါတယ်။

ကောင်းမြတ်သူ

ချယ်လ်ဆီးငါးမှတ်အသာဖြင့် ဦးဆောင်

အင်္ဂလိပ် ပရီမီယာလိဂ်ပွဲစဉ် ၂၂ ပြိုင်ပွဲများကို ဇန်နဝါရီ ၁၇ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ကြရာ ချယ်ဆီးက ဆွမ်ဆီးကို ငါးဂိုးပြတ်ဖြင့် နိုင်ကာ အမှတ်ပေးဇယားတွင် ငါးမှတ်အသာဖြင့် ဦးဆောင်လာသည်။ ချယ်လ်ဆီးအတွက် ဂိုးများကိုအော်စကာနှင့် ကော်စတာတို့က ပထမပိုင်းအတွင်း နှစ်ဂိုးစီသွင်းယူပေးခဲ့ကြသည်။ ပဉ္စမမြောက်ဂိုးကို စချာလီက ဒုတိယပိုင်းတွင် သွင်းယူခဲ့သည်။ လေးပွဲအတွင်း နိုင်ပွဲမရသေးသော ဆွမ်ဆီးကန်ပါတ် ၉ နေရာတွင် ရပ်တည်နေဆဲဖြစ်သည်။ လီဗာပူးက တတိယမြောက်အဝေးကွင်း အနိုင်ရရှိရန် အက်စ်တွန်ဗီလာကို ဖိအားပေးကစားခဲ့ရာ ဘိုရီနီနှင့် ရစ်ကီလမ်းဘတ်တို့က တစ်ဂိုးစီသွင်းပြီး ရမှတ်သုံးမှတ် စုဆောင်းနိုင်ခဲ့သည်။ ဘန်လေကွင်းတွင် နှစ်ဂိုးအသွင်းခံထားရပြီး ခရစ္စတယ်ပဲလေ့စ်တို့ ပြန်လည်တိုက်စစ်ဆင် ကစားနိုင်သဖြင့် သုံးဂိုးနှစ်ဂိုးဖြင့်နိုင်ကာ နည်းပြအလန်ပါဒူးအတွက် ရာနှုန်းပြည့် အစပွဲကောင်းခဲ့သည်။ ဆောက်သမ်တန်ကို အိမ်ကွင်း၌ ရှုံးနိမ့်ခဲ့သော မန်ယူက ကျူပီအာကို ဖယ်လိုင်နီနှင့် ဝီလ်ဆင်တို့၏ ဂိုးများဖြင့်နိုင်ကာ စတုတ္ထနေရာမရွှေ့ရေး ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ ဗန်ဟားလ် အကောင်းဆုံး ၅-၃-၂ ပုံစံကို ပြောင်းကစားနိုင်သဖြင့် မန်ယူတို့ ဒုတိယပိုင်းတွင် အနိုင်ဂိုးများ သွင်းယူနိုင်ခဲ့သည်ဟုဆိုသည်။

ဂျာမိန်းဒီဖိုး စတင်ပါဝင်ကစားခဲ့သည့် ဆန်းဒါးလန်းကို အဲရစ်ဆင်၏ နောက်ကျဂိုးဖြင့် စပါးက အနိုင်ယူခဲ့သည်။ စပါးက နှစ်ဂိုး-တစ်ဂိုးဖြင့်နိုင်ကာ ဇယားနံပါတ် ၅ နေရာ တက်လာခဲ့သည်။ ဖေဖော်ဝါရီလက စပါးမှ မေဂျာလိဂ်ကလပ်တို့ရွှန်တိုသို့ ထွက်ခွာသွားခဲ့သော ဒီဖိုးကအသင်းသစ် ဆန်းဒါးလန်းအတွက် ဂိုးမသွင်းနိုင်ခဲ့ပေ။

ပရီမီယာလိဂ်နှင့် ဖလားပွဲစဉ်များ

သီဟ

အာရှဖလား အုပ်စု(ဂ) — **ဇန်နဝါရီ ၁၉**

အီရန်	-	ယူအေအီး	ညနေ ၃း၃၀
ကာတာ	-	ဘာရိန်း	ညနေ ၃း၃၀

အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၂၂) — **ဇန်နဝါရီ ၂၀**

အဲဗာတန်	-	ဝက်စ်ဘရွန်း	နံနက် ၂း၃၀

နိုင်ငံခြေစမ်းပွဲစဉ် — **ဇန်နဝါရီ ၂၀**

ဆွီဒင်	-	ဖင်လန်	နံနက် ၀၀း၃၀
ကနေဒါ	-	အိုက်စလန်	နံနက် ၃း၃၀

အာဖရိကဖလား အုပ်စု(ဂ) — **ဇန်နဝါရီ ၁၉/၂၀**

ဂါနာ	-	ဆီနီဂေါ	ည ၁၀း၃၀
အယ်လ်ဂျီးရီးယား	-	တောင်အာဖရိက	နံနက် ၁း၃၀

အာရှဖလား အုပ်စု(ဂ)

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	ယူအေအီး	၂	၂	၀	၀	၆
၂	အီရန်	၂	၂	၀	၀	၆
၃	ဘာရိန်း	၂	၀	၀	၂	၀
၄	ကာတာ	၂	၀	၀	၂	၀

အာဖရိကဖလား အုပ်စု(ဂ)

စဉ်	အသင်း	ပွဲစဉ်	နိုင်	သရေ	ရှုံး	ရမှတ်
၁	အယ်လ်ဂျီးရီးယား	၀	၀	၀	၀	၀
၂	ဂါနာ	၀	၀	၀	၀	၀
၃	ဆီနီဂေါ	၀	၀	၀	၀	၀
၄	တောင်အာဖရိက	၀	၀	၀	၀	၀

ဇန်နဝါရီ ၁၈/၁၉ ဂိုးရလဒ်များ

ဥဇဘတ်ကစ္စတန်	၃-၁	ဆော်ဒီအာရေဗျ
တရုတ်	၂-၁	မြောက်ကိုရီးယား
လက်စတာ	၀-၁	စတုတ်စီးတီး
နယူးကာဆယ်	၁-၂	ဆောက်သမ်တန်
လန်းစ်	၀-၂	လိုင်ယွန်
ကိန်း	၄-၁	ရိမ်းစ်
လော်ရီယန့်	၁-၀	လိုင်လီ
မတ်ဇ်	၂-၃	မောင့်ပယ်လီယာ
မိုနာကို	၁-၀	နန့်တက်စ်
တူးလော့စ်	၁-၁	ဘတ်စ်တီယာ
အမ်ပိုလီ	၀-၀	အင်တာမီလန်
ပါလာမို	၁-၁	ရိုးမား
ဆိုစီဒက်	၀-၁	ဗယ်လက်ကာနို
ဗလင်စီယာ	၃-၂	အယ်လ်မာရီးယား
ဗီလာရီးရဲလ်	၂-၀	ဘီလ်ဘာအို
အက်စ်ပန်ညို	၁-၀	ဆယ်လ်တာဗီဂို
နော့ဝှစ်ချ်	၃-၂	ကာဒစ်ဖ်
ဝက်ဖို့ဒ်	၅-၀	ချာလ်တန်
ရှက်ဖီးဝမ်းနက်စ်ဒေး	၁၂	ဘော်လ်တန်
ဝီဂန်	၁-၁	ဘလက်ဘန်း
မစ်ဒယ်ဘရော့	၂-၀	ဟက်ဒါဖီးလ်
မီဝေါလ်	၁-၃	အစ်ဆွစ်
ရိုသာဟမ်	၀-၂	ဘုန်းမောက်

ပျောက်ဆုံးကြောင်း

ကျွန်တော် ကျော်စိုးနိုင် CDC-73475 ၏ Tanker လက်မှတ်အမှတ်(TF-37044/13) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၀၁၄၆၇၄၅

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ထွန်းထွန်းဝင်း ၁၄/ပတန(နိုင်)၁၀၇၁၁၃ CDC အမှတ်- 57673 ၏ GOC လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၉၇၀၉၂၃၂၊ ၀၉-၇၃၁၁၀၁၄၈

Business opportunity

Great business opportunity for persons who are looking for additional income. Persons who are employed also can start part time. Less investment. Special preference for persons with sales and marketing experience. Committe hardworking persons can earn $500 to $1000 monthly.

If interested Call Buddhi, 09401555559 for appointments.



ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၇)နယ်မြေ၊ အကွက်အမှတ်(၁၁၈)၊ ကသဲစု၊ ဇေယျဝတီကွက်သစ်၊ ဦးပိုင်အမှတ်(၆၈)၊ ဦးငွေးလွင် ဂရန်အမည်ပေါက်သော မြေဧရိယာ ၀ ဒသမ၀၅၅ မြေဧရိယာနှင့် ၎င်းမြေပေါ်ရှိ အမှတ်(၇၁)ဟု ခေါ်တွင်သော တစ်ထပ်တိုက်အိမ်လုံးချင်း၊ လျှပ်စစ်မီတာ၊ ရေစက်၊ မြေပေါ်ရှိ သီးပင်စားပင်အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးသန်းထွန်း ၁၄/ပသန(နိုင်)၁၄၉၄၇၉ မှ မိမိတရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက် ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးကျော်ဝင်း

တရားလွှတ်တော်ရှေ့နေ (စဉ်-၃၆၈၀/၁၉၈၆)

ရှေ့နေများအသင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တရားလွှတ်တော်ရုံးဝင်း၊ ပုသိမ်မြို့

အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ ကျောင်းကုန်းမြို့၊ အမှတ်(၁) ရပ်ကွက်၊ ကျုံပျော်လမ်းနေ ဖခင်ဦးလှငွေး မိခင် ဒေါ်ခင်ညိုတို့၏ တစ်ဦးတည်းသော သမီးဖြစ်သူ မသဲနု အောင် ၁၄/ကကန(နိုင်)၁၀၉၅၉၇ အား ယနေ့မှစ၍ မသဲနုထက်ဟု ပြောင်းလဲခေါ်ပါရန်။

မသဲနုထက်

ကြော်ငြာ

SKYSUITES
PRIVATE & QUALITY LIVING
FREEHOLD
LAND
ဧရာဝတီဘဏ်
AYA Bank
အကောင်းဆုံးငွေပေးချေမှုစနစ်
တစ်လလျှင် ၃၉ သိန်း
မှစ၍
QHOME
Quality Home, Quality Life
*terms & conditions apply *Limited qty
No.23, Yanshin Road,
Yankin Township, Yangon Myanmar
Hotline +959-252 80 8200, 252 80 8300

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

သိမှတ်ဖွယ်ရာအင်္ဂလိပ်စာအဖြာဖြာ

{အပိုင်း - ၁၆}

■ ပါမောက္ခခင်မောင်ဝင်း (အသည်း) ■

အင်္ဂလိပ်စာရေးတာ၊ ပြောတာမှာ စာဆန်ဆန် ရေးတာတွေရှိသလို နေ့စဉ်နေ့တိုင်း အင်္ဂလိပ်လို ပြောတာဆိုတာတွေလည်းရှိပါတယ်။ အဲလို စာဆန်ဆန် ပြောတာ ရေးတာရှိသလို စကားပြောပြောတာလေးတွေလည်း ရှိပါတယ်ဆိုတာ ပြောချင်ပါတယ်။

အထူးသဖြင့် နေ့စဉ်နေ့တိုင်း စကားပြော ပြောနေတာမှာ ခက်ခက်ခဲခဲ စကားလုံးကြီးတွေနဲ့ ပြောလေ့မရှိပါဘူး။ အလွယ်တကူ လူတိုင်းနားလည်လွယ်တဲ့ စကားပြော စကားလုံးတွေနဲ့ ပြောလေ့ရှိပါတယ်။ အဲလိုစကားပြောအင်္ဂလိပ်စာကို ကလိုကွီရယ် (Colloquial English)လို့ ခေါ်ရမှာပေါ့။ ကလိုကွီရယ်(Colloquial) ဆိုတာကို အဓိပ္ပာယ်ဖွင့်ထားတာကတော့ (of words and language) used in conversation but not in formal speech writing. ဆိုလိုတာက ကလိုကွီရယ်ဆိုတာက စကားပြောတာမှာသုံးတဲ့စကားလုံး ဒါမှမဟုတ် အသုံးအနှုန်းတွေပါ။ Formal ဖော်မယ်လို့ခေါ်တဲ့ ခမ်းခမ်းနားနား သားသားနားနား ရေးတာပြောတာတွေမှာ မသုံးတဲ့ဟာကို ကလိုကွီရယ်လို့ ခေါ်တာပေါ့။

Formal နဲ့ colloquial အပြင် အင်္ဂလိပ်စာနဲ့ ပတ်သက်လို့ သိသင့်တဲ့ အင်္ဂလိပ်စာ အမျိုးမျိုးအကြောင်းကို ဆက်ပြောချင်ပါသေးတယ်။

Standard English and dialect- ပုံမှန်စံ အင်္ဂလိပ်စာနဲ့ ဒေသအလိုက်စကားပြော

စံအင်္ဂလိပ်စကား (Standard English)

၈၇၈ခုနှစ်မှာ အယ်(လ)ဖရက် ဘုရင် (King Alfred)ကနေ ပင်လယ်ဓားပြ ဗိုက်ကင်း (Vikings) တွေကို နိုင်လိုက်တဲ့အခါမှာ အင်္ဂလန်နိုင်ငံရဲ့ တောင်ပိုင်းမှာ လန်ဒန်မြို့ကိုတည်ပြီး ဗြိတိန်နိုင်ငံရဲ့ မြို့တော်အဖြစ် တည်လိုက်ပါတယ်။ အဲဒီအခါမှာ အင်္ဂလန်မှာ အင်္ဂလိပ်တွေ အမျိုးမျိုးပြောနေကြတဲ့ အင်္ဂလိပ်စကားတွေကနေ လန်ဒန်မြို့တစ်ဝိုက်နဲ့ အရှေ့အလယ်ပိုင်း အင်္ဂလိပ်စကားတွေဟာ အင်္ဂလန်နိုင်ငံရဲ့ တရားဝင် (official) အင်္ဂလိပ်စကားဖြစ်သွားပါတော့တယ်။

နောက်ပိုင်းမှာ အဲဒီလန်ဒန်တစ်ဝိုက် အင်္ဂလိပ်တွေဟာ တဖြည်းဖြည်းနဲ့ ပြောင်းလဲလာပါတယ်။ အထူးသဖြင့် နော်မန်တွေက ပြင်သစ်စကားပြော (Norman French) ရဲ့ လွှမ်းမိုးမှုတွေနဲ့ နောက်ဆုံး အခုခေတ် အင်္ဂလန်နိုင်ငံရဲ့ စံအင်္ဂလိပ်စာ (Standard English) ဖြစ်လာပါတယ်။

ဒိုင်ယာလက် **(Dialect)** ဆိုတာဘာလဲ

ဒိုင်ယာလက်ဆိုတာကို စာမတတ်တဲ့လူတွေပြောကြတဲ့ မမှန်ကန်တဲ့ အင်္ဂလိပ်ဘာသာစကားလို့ လူတွေကထင်ကြတယ်။ ပြီးတော့ ဒိုင်ယာလက်ပြောရတဲ့သူတွေဟာ ဂရမ်မာ (grammer) လို့ခေါ်တဲ့ သဒ္ဒါကိုလည်း နားမလည်ကြတော့ သူတို့ပြောတဲ့စကားတွေဟာ အမှားတွေအများကြီးပါတယ်လို့လည်း ဝေဖန်ပြောကြပါတယ်။

အဲလို ထင်ကြတာဟာ တကယ်တော့ မဟုတ်ပါဘူး။ စံ ဘာသာစကား (Standard Language) တစ်ခုဟာ ဒိုင်ယာလက်တစ်ခုထက် ဘာသာစကား ဘာသာရပ်ဆိုင်ရာတွေမှာ ပိုကောင်းတယ် ပိုသာတယ်လို့ မပြောနိုင်ပါဘူး။ စံထားတဲ့ဘာသာစကားဆိုတာဟာလည်း တကယ်တော့ ဒိုင်ယာလက် တစ်ခုပါပဲ။ အစိုးရတစ်ခု အဖွဲ့အစည်းတစ်ခု ဒေသတစ်ခုက ဒိုင်ယာလက်တစ်ခုကို ရွေးချယ်လိုက်လို့ အဲဒီဒိုင်ယာလက်ကို စံဘာသာစကားလို့ သတ်မှတ်လိုက်တာပဲ ဖြစ်ပါတယ်။

Pronunciation dialect and accent; Received pronounce

အသံထွက် ဒိုင်ယာလက်နဲ့ အသံအနိမ့်အမြင့် pronounce အသံထွက်သည် ဆိုတာကို ပရိုနောင့်(စ်)လို့ အသံထွက်ပါတယ်။ ဒါပေမယ့် အသံထွက်လို့ခေါ်တဲ့ pronunciation ကိုတော့ ပရိုနမ်စီရေးရှင်းလို့ အသံထွက်ရပါတယ်။

အက်ဆင့် (accent) ဆိုတာကတော့ စကားပြောတဲ့ အသံအနိမ့်အမြင့်ပါပဲ။ ဥပမာပြောရမယ်ဆိုရင် ထားဝယ်၊ မြိတ် ပြောတဲ့ အသံ၊ အင်းလေးက အင်းသားတွေ ပြောတဲ့အသံအနိမ့်အမြင့် မတူတာတွေကို အက်ဆင့် (accent) လို့ခေါ်ရမှာပါ။ သူတို့ပြောတဲ့အသံအပြင် အသုံးအနှုန်းတွေကို ဒေသလိုက်ပြောတဲ့ ပုံစံတစ်ခုလုံးကိုတော့ ဒိုင်ယာလက် (dialect) လို့ ခေါ်မှာပေါ့။

အင်္ဂလိပ်လူမျိုးတွေဟာ ကိုယ့်ဒေသအလိုက် ဒေသစံ အင်္ဂလိပ်အသံထွက် (Standard English) နဲ့ စကားပြောနေကြပေမယ်လို့ အထက်တန်းစား အင်္ဂလိပ်တွေကတော့ received pronunciation လို့ ခေါ်တဲ့ အထက်တန်းလွှာ အင်္ဂလိပ်အသံထွက်နဲ့ စကားပြောပါတယ်။ ဒီနေရာမှာ received ရီဆိ(ဗ်)တ် ဆိုတာဟာ widely accepted as true or correct လို့ အဓိပ္ပာယ်ရပါတယ်။ ဆိုလိုတာက received ဆိုတာဟာ မှန်ကန်တယ်၊ အများကလက်ခံထားတာလို့ ဆိုလိုပါတယ်။ အဲတော့ received pronunciation ဆိုတာ အသံထွက်မှန်မှန် စနစ်တကျ ပြောနိုင်တဲ့ အင်္ဂလိပ်အထက်တန်းလွှာ အသံထွက်လို့ ပြောရမှာပါ။

Received Pronunciation ဆိုတာကို စံအင်္ဂလိပ်အသံထွက် ဖြစ်တယ်။ မှန်ကန်တယ်လို့ဆိုပေမယ့် အင်္ဂလန်မှာသုံးတဲ့ Standard English, the Queen's English, Oxford English, BBC English တို့နဲ့ မရောထွေးစေဖို့တော့ သတိပြုရပါမယ်။ Received Pronunciation ဆိုတာက အသံထွက်ကို အထူးပြုတာပါ။ စံအင်္ဂလိပ်စာမှာကတော့ သဒ္ဒါ၊ ဝေါဟာရနဲ့ ပုံစံ အနေအထားတွေပါ ထည့်သွင်းပါဝင်လာပါတယ်။ Received Pronunciation ဟာ ပြောတဲ့သူတွေက စံအင်္ဂလိပ်ကို အံဝင်အောင်ပြောလို့ဖြစ်ပေမယ့် ပြောင်းပြန်ယူဆလို့တော့ မရပါဘူး။ ဘာလို့လဲဆိုတော့ စံအင်္ဂလိပ်စကားကိုပဲ ဒေသလိုက်အသံထွက် ကွဲလွဲသွားနိုင်ပါတယ်။ ဥပမာ စံအင်္ဂလိပ်စကားကိုပဲ Scotland နဲ့ Yorkshire ဒေသတွေမှာပြောတဲ့ အသံထွက်တွေဟာ တူမှာမဟုတ်ပါဘူး။

ဒီတော့ ပြန်ချုပ်ပြောရရင် Standard English ဆိုတာ အင်္ဂလိပ်စကားပြောတဲ့ နိုင်ငံတစ်နိုင်ငံမှာ အများက မှန်ကန်တယ်လို့ သတ်မှတ်ထားတဲ့ စကားလို့ ပြောရပါမယ်။ ဒီမှာ သဒ္ဒါ၊ ဝေါဟာရ၊ စာလုံးပေါင်းနဲ့ ပုံစံတွေ အကျုံးဝင်ပါတယ်။

Dialect ဆိုတာကတော့ အများလက်ခံထားတဲ့ စံတွေနဲ့ ကွဲပြားပြီး ဒေသအလိုက် သုံးတဲ့ စကားပါ။ အသံထွက်၊ သဒ္ဒါ၊ ဝေါဟာရစတာတွေဟာ စံထားတာတွေနဲ့ ကွဲလွဲပါလိမ့်မယ်။

Received Pronunciation ဆိုတာက အင်္ဂလန်မှာသုံးတဲ့ စံအင်္ဂလိပ်စာရဲ့ အသံထွက်ကို ဆိုလိုတာပါ။ တခြား ကွဲပြားတဲ့အသံထွက်တွေထက် ပိုပြီး သာလွန်အထက်တန်းကျတယ်လို့ မဆိုနိုင်ပေမယ့် တချို့ ဗြိတိန်နိုင်ငံဒေသတွေမှာတော့ Received Pronunciation သုံးမှ သိက္ခာရှိတယ်၊ ဂုဏ်ရှိတယ်လို့ ယူဆတာတွေရှိပါတယ်။

နောက်အပတ်တွေမှာလည်း အင်္ဂလိပ်စာနဲ့ ပတ်သက်တဲ့ ဗဟုသုတရဖွယ်၊ ပညာရဖွယ်တွေကို ဆက်လက်ရေးသွားပါဦးမယ်။

ခရမ်းဆိပ်-ကိုင်းကြီး-ဗန်းမောက် ကားလမ်းမကြီး ကိုယ့်အားကိုယ်ကိုး အသစ်ဖောက်လုပ်

ဗန်းမောက် ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မြောက်ပိုင်း မန်ထုံဒေသစိတ်နှင့် ဗန်းမောက်မြို့ပေါ်သို့ ဆက်စပ်ထားသော ခရမ်းဆိပ်-ကိုင်းကြီး -ဗန်းမောက် ကားလမ်းမကြီးကို ကိုယ့်အားကိုယ်ကိုး အသစ်ဖောက်လုပ်လျက်ရှိကြောင်း သိရသည်။

ယခင်က မန်ထုံကျေးရွာမှ ခရမ်းဆိပ်ကျေးရွာ၊ ကိုင်းကြီးကျေးရွာ၊ ဗန်းမောက်မြို့သို့ သွားမည်ဆိုပါက နွေမိုးဆောင်းရာသီများတွင် မဲဇာချောင်း၊ ညောင်ခြေထောက် ချောင်း၊ ခေါ်ပုတ်ချောင်းတို့ကို ဖြတ်သန်းကာ သွားလာခဲ့ကြရသည့်အတွက် အခက်အခဲများစွာနှင့် ကြုံတွေ့ကြရပြီး အလွယ်တကူ ဖြတ်သန်းသွားလာနိုင်သည့် ကားလမ်းမကြီးဖြစ်ရန် ဒေသခံများကလိုလားခဲ့ကြသည်။

ထိုသို့ အလွယ်တကူသွားလာနိုင်မည့် မန်ထုံကျေးရွာမှ မဲဇာချောင်း အရှေ့ကမ်းရိုးတစ်လျှောက် အင်းတော်မြို့နှင့် ဗန်းမောက်မြို့များသို့ သွားလာနိုင်မည့် ကားလမ်းမကြီး တစ်ခု၏ အစိတ်အပိုင်းဖြစ်သော ခရမ်းဆိပ်ကျေးရွာနှင့် ကိုင်းကြီးကျေးရွာကြား လေးမိုင်ခန့် ရှည်လျားသော ကားလမ်းမကြီးကို အကျယ် ပေ၃၀ ရှိ လမ်းအဖြစ် ခရမ်းဆိပ်ကျေးရွာနှင့် ကိုင်းကြီးကျေးရွာဒေသခံများက ၂၀၁၄ ခုနှစ် ဇန်နဝါရီ ၂၀ ရက်မှ စတင်ဖောက်လုပ်ခဲ့ရာ မြေသားလမ်းအဖြစ် ဆောင်ရွက်နိုင်ခဲ့ပြီး နွေမိုးဆောင်း သုံးရာသီလုံး သွားလာနိုင်မည့် ကျောက်ခင်းလမ်းအဖြစ် ဆက်လက်ဆောင်ရွက်သွားရန် အစီအစဉ်ရှိကြောင်း ခရမ်းဆိပ်ကျေးရွာ လမ်းဖြစ်မြောက်ရေး ကော်မတီဝင်တစ်ဦးထံမှ သိရသည်။

နီတိုး

ပြင်ဆင်ဖတ်ရှုပါရန်

၁၅-၁-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၅ တွင် ဖော်ပြပါရှိသည့် ကျွန်ုပ်တို့ပတ်ဝန်းကျင်ရှိ လျှပ်စစ် (အပိုင်း-၂) ဆောင်းပါး၏ ကော်လံ-၃ စာပိုဒ်-၄ တွင် ၂၉'/၁၀၀ နှင့် ၃၆'/၁၀၀ အစား ၂၉"/၁၀၀၀ နှင့် ၃၆"/၁၀၀၀ ဟုပြင်ဆင်ဖတ်ရှုပေးပါရန်။

(စာတည်းအဖွဲ့)

စာအုပ်စာပေ လူ့မိတ်ဆွေ

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၃ယ/၆၅၄၆၁၊ Yin Xiang 125 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဇော်ကို ၅/တသန(နိုင်)၁၀၉၈၀၄က (ကမ-၃)ပျောက် မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (စစ်ကိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၉၇၃၆ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြသန်း ၉/ခမစ(နိုင်)၀၃၉၇၅၂ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၀ယ/၄၃၂၄၇ Kenbo C29 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကျော်စိုးဦး ၉/မနမ(နိုင်)၀၆၉၃၄၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၄ယ/၄၈၁၈၈၊ HI - BOBO, M/C ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုဇင် ၉/ပကခ(နိုင်)၀၃၀၉၈၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၈ယ/၈၆၃၈၁၊ Kenbo 125, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမောင်ခင် ၉/မရမ(နိုင်)၀၂၇၁၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၁၈၀၁၆၊ Luojia 110 M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နှင်းအိခိုင် ၉/မရမ(နိုင်)၀၈၃၂၉၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၄ယ/၃၉၉၃၅ Honda Dream C 100P, M/C ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းအောင် ၉/မတရ(နိုင်)၀၃၀၂၂၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဧ/၃၅၇၃၊ Sm Super Mann L/T(SPMLT-04) P/U (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးကိုကြီး ၉/မနမ(နိုင်)၀၄၂၉၈၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆ဂ/၇၆၂၉၊ Toyota Crown JZS 171, S/L (4×2)R ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းသိန်းဝင်း ၉/ အမဇ(နိုင်)၀၀၀၇၉၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၃၈၈/က၊ မြေကွက်တည်နေရာအမှတ် ၃၈၈/က၊ နတ်မောက်လမ်း၊ (၉) ရပ်ကွက်၊ လှိုင်သာယာမြို့နယ် (ဦးမောင်လွင်) အမည်ပေါက်ပါမစ်မြေအား ဦးမောင်လွင်ထံမှ အရပ်ကတိစာချုပ်အဆက်အစပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်ဇင်မာထွန်း ၁၂/ပဇတ(နိုင်)၀၃၄၃၆၈မှ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်တို့ကိုတင်ပြ၍ ပါမစ်ပျောက်ဖြင့် ဂရန်သစ်လျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၁၂၅၁/ခ၊ မြေကွက်တည်နေရာအမှတ် ၁၂၅၁/ခ၊ သဒ္ဒါရုံ(၂)လမ်း၊ ၂/မြောက်၊ ရပ်ကွက်၊ သာကေတမြို့နယ် ဦးကျင်အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဦးကျင်(ဖခင်)နှင့် ဒေါ်တင်ရီ(မိခင်)တို့ ကွယ်လွန်သဖြင့် သားသမီးများဖြစ်သော (၁)ဦးတိုး ၁၂/သကတ(နိုင်)၁၀၉၁၀၅၊ (၂)ဒေါ်အေးနွဲ့ ၁၂/သကတ(နိုင်)၁၀၇၇၁၂၊ (၃) ဦးမောင်ဖြူ ၁၂/ သကတ(နိုင်)၁၀၆၈၂၇၊ (၄)ဒေါ်ကြည်ကြည်ဝင်း ၁၂/သကတ(နိုင်)၁၀၇၂၅၃တို့မှ သေစာရင်း၊ ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းနှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/မြောက်၊ မြေကွက်အမှတ် ၅၅၁/ခ၊ မြေကွက်တည်နေရာအမှတ် (၅၅၁/ခ)၊ ထူပါရုံ(၂၃)လမ်း၊ သာကေတမြို့နယ် (ဦးဝင်းဇော်ထွန်း၊ ဒေါ်တင်တင်လှ)အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးဝင်းဇော်ထွန်း SKN -၀၀၀၁၉၁၊ ဒေါ်တင်တင်လှ J/RGN -၁၀၅၄၂၂ တို့ထံမှ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၁၁၈၈၉/၂၀၁၄)အရ ဒေါ်တင်တင်ဝင်း ၁၂/သကတ(နိုင်)၁၀၅၄၂၂မှ ဂရန်ပျောက်ဆုံးကြောင်း ကျမ်းကျိန်လွှာ၊ ရပ်ကွက်မြို့နယ်အုပ်ချုပ်ရေးမှူးထောက်ခံချက်နှင့် ရဲစခန်းထောက်ခံချက်တို့တင်ပြ၍ ဂရန်မိတ္တူလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ကျိုက်ထီးရိုးဘုရားဖူးများ စည်းကမ်းလိုက်နာရန်လိုအပ်

ကျိုက်ထို ဇန်နဝါရီ ၁၈

ပွင့်လင်းရာသီသို့ ရောက်ရှိလာသည်နှင့်အညီ အနယ်နယ်အရပ်ရပ်မှဘုရားဖူးများသည် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်အတွင်းရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်သို့ နေ့စဉ်နှင့်အမျှ အများအပြားလာရောက်လျက်ရှိကြောင်း သိရသည်။

ယင်းကဲ့သို့ လာရောက်ရာတွင် ညအိပ်နေထိုင် ဖူးမြော်ကြသောဘုရားဖူးများမှာ အမှိုက်ပုံးများထားရှိသော်လည်း ရင်ပြင်တော်ပေါ်တွင် အမှိုက်များကို စနစ်တကျ စွန့်ပစ်ကြခြင်းမရှိကြောင်း ဘုရားဖူးခရီးသွားတစ်ဦးထံမှ သိရသည်။

ထို့အပြင် ဆံတော်ရှင်စေတီတည်ထားရာ ကျောက်လုံးတော်မြတ်အား ရွှေသက်န်းကပ်လှူပူဇော်ရာတွင် စေတီအဝင်မုခ်ဝ၌ လုံခြုံရေးဝန်ထမ်းများက ဖုန်းများ၊ ကင်မရာများ စေတီပရိဝုဏ်အတွင်းသို့ ယူမသွားရန်၊ ဘောင်းဘီဖြင့် ဝင်ရောက်ခြင်းမပြုရန် ဆိုင်းဘုတ်များဖြင့် ရေးသားမြစ်ထားသော်လည်း အချို့သောဘုရားဖူးများမှာ လိုက်နာဆောင်ရွက်ခြင်းမရှိသည်ကို တွေ့မြင်နေရသည်။

သမိုင်းဝင် တန်ခိုးကြီးဘုရားများဖြစ်၍ ပြည်တွင်းက ဘုရားဖူးများနှင့် ပြည်ပနိုင်ငံတွေမှ ခရီးသွားများပါ လာရောက် နေကြသည့်အတွက် အမှိုက်များကို စနစ်တကျစွန့်ပစ်ခြင်း၊ တားမြစ်ထားသည့် စည်းကမ်းချက်များကို တိကျစွာလိုက်နာမှသာလျှင် ဧည့်သည်များကပို၍ လေးလေးစားစား လိုက်နာလာကြမည်ဖြစ်သည်။

ယခုအခါ ကျိုက်ထီးရိုးဆံတော်ရှင်စေတီကြီးသို့ ၂၀၁၃ ခုနှစ် နိုဝင်ဘာ ၁ ရက်မှစတင်ပြီး ၂၀၁၅ ဇန်နဝါရီ ၆ ရက်အထိ နိုင်ငံခြားသား ခရီးသွား ၁၄၅၃၄၈ ဦး လာရောက်ကြည်ညိုခဲ့ကြောင်း ကျိုက်ထီးရိုးတောင်ပေါ် နိုင်ငံခြားသား ဇုန်ဝင်ကြေးကောက်ခံရေးရုံးမှသိရသည်။

သတင်း- ဝသန်ထွန်း
ဓာတ်ပုံ- ငြိမ်းခန့်

မြန်မာဂီတပညာရှင်များနှင့် နိုင်ငံတကာဂီတပညာရှင်များ ပထမဦးဆုံး အခမဲ့ဖျော်ဖြေပွဲ ကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

ယူကေနိုင်ငံသား ဂီတပညာရှင် Sebastian See-Schierenberg က စီစဉ်တင်ဆက်ပြီး မြန်မာဂီတပညာရှင်များနှင့် နိုင်ငံတကာ ဂီတပညာရှင်များ ပူးပေါင်းတင်ဆက်မည့် "Orchestra of Myanmar" သံစုံတီးဝိုင်းကြီး၏ ပထမဦးဆုံးပွဲဦးထွက် ဖျော်ဖြေပွဲကို အမျိုးသားကဇာတ်ရုံ၌ ဇန်နဝါရီ ၃၁ ရက် ည ၇ နာရီတွင် ကျင်းပမည်ဖြစ်ရာ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်းသိရသည်။

သံစုံတီးဝိုင်းကျင်းပရေးအတွက် UK အခြေစိုက် Live-4 Music charity အသင်းကြီးက တင်ဆက်ပြီး KT Wong Foundation မှ အထောက်အပံ့ပေးကာ ဗြိတိသျှကောင်စီ Goethe Institute နှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့၏ ပံ့ပိုးမှုဖြင့်မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ လူ့အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ဌာနများမှထူးချွန်သော ဂီတပညာရှင်များကို ဖော်ထုတ်ရန်ရည်ရွယ်ကြောင်း သိရသည်။

အဆိုပါ သံစုံတီးဝိုင်းဖျော်ဖြေရေးအတွက် ပရောဂျက်ပထမပိုင်းအဖြစ် ဦးဆောင်စီစဉ်သူ See - Schierenberg က ရန်ကုန်အခြေစိုက် မြန်မာနှင့်အပြည်ပြည်ဆိုင်ရာ ဂီတပညာရှင်များ၏ ကူညီပံ့ပိုးမှုဖြင့် ပါဝင်ဖျော်ဖြေမည့် ဂီတပညာရှင်များကို သင်တန်းပေးခြင်းနှင့် လိုအပ်သည့် လေ့ကျင့်ပျိုးထောင်မှုများ ပြုလုပ်ပေးခဲ့ကြောင်း၊ အမျိုးသားကဇာတ်ရုံ၌ ဖျော်ဖြေပြီးပါက ၂၀၁၅-၂၀၁၆ ခုနှစ်အတွင်း နိုင်ငံတစ်ဝန်း လှည့်လည်ဖျော်ဖြေသွားမည့်အပြင် အရှေ့တောင်အာရှဒေသတွင်းသာမက အပြည်ပြည်ဆိုင်ရာ ထင်ရှားသည့် ဂီတပွဲတော်များတွင် ဖျော်ဖြေတင်ဆက်သွားရန် ရည်ရွယ်ထားကြောင်း သိရသည်။

မွန်းဦးနဒီ

တောင်ကုတ်ကောလိပ် ပိုက်ကျော်ခြင်းပြိုင်

တောင်ကုတ် ဇန်နဝါရီ ၁၈

၂၀၁၄-၂၀၁၅ ပညာသင်နှစ် တောင်ကုတ်ကောလိပ်၏ ဘာသာရပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲဖွင့်ပွဲကို ဇန်နဝါရီ ၁၅ ရက် နံနက် ၇ နာရီက ကောလိပ်ရှေ့ မြက်ခင်းပြင်၌ ကျင်းပရာ တောင်ကုတ်ကောလိပ် ကျောင်းအုပ်ကြီး ဒေါက်တာ သာထွန်းမောင် တက်ရောက်၍ ပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးသည်။

အဆိုပါ ပြိုင်ပွဲသို့ ဘာသာရပ်အသီးသီးမှ ဌာနမှူးများ၊ ဆရာဆရာမများ၊ ပြိုင်ပွဲဝင်များ တက်ရောက်ခဲ့ကြပြီး ပြိုင်ပွဲကို ဇန်နဝါရီ ၂၀ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(မြန်မာ့အလင်း)

သတင်းတိုများ

သိန်းနီမြို့ရှိ ကျေးရွာနှစ်ရွာတွင် အိမ်သုံးဆိုလာများပေးအပ်

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန်းနီမြို့နယ် ဥယျာဉ်မှူးအုပ်စု ကွန်ခန်ကျေးရွာ၊ မိုင်းလီအုပ်စု နားကြူးကျေးရွာများမီးလင်းရေးအတွက် အိမ်သုံးဆိုလာများပေးအပ်ပွဲကို ဇန်နဝါရီ ၁၆ ရက်က ဥယျာဉ်မှူးအုပ်စု ကလေးသူငယ်ပြုစုစောင့်ရှောက်ရေးကျောင်းနှင့် မိုင်းလီအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပခဲ့သည်။ အဆိုပါ အိမ်သုံးဆိုလာမီးမှာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရန်ပုံငွေဖြင့် အသောကကုမ္ပဏီက ကျေးရွာမီးလင်းရေးလုပ်ငန်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဘဦး(iprd)

e-Library လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ သမဝါယမတက္ကသိုလ်(စစ်ကိုင်း) e-Library ပြီးစီး၍ လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်က အဆိုပါတက္ကသိုလ် ပင်မအဆောက်အအုံပထမထပ်၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုဝန်ကြီး ဦးကျော်ဝင်းနှင့် KOICA-Myanmar Officeမှ Chief Resident Representative, Mr.Nam Kwon Hyoung တို့က အမှာစကားပြောကြားပြီး e-Library နှင့်ပတ်သက်သည့် အထောက်အထားမှတ်တမ်းများကို ပါမောက္ခချုပ် ဒေါက်တာရီရီဝင်းထံ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးနှင့်အဖွဲ့က e-Library အတွင်းကျောင်းသားကျောင်းသူများ လေ့လာဖတ်ရှုနေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

မျိုးဝင်း(စစ်ကိုင်း)

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် မံပုံကျေးရွာတွင် မံပုံ အမက-ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ဇန်နဝါရီ ၁၄ ရက် နံနက်က အဆိုပါကျောင်းဆောင်သစ်ခန်းမ၌ ကျင်းပရာ ဗန်းမော်ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိန်မြင့်၊ ခရိုင်ပညာရေးမှူး ဦးထွန်းရီ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးပီတာဒွဲလ၊ မြို့နယ်ပညာရေးမှူး ဒေါ်မလန်ရွှယ်နှင့် အလှူရှင်"ဆွတ်" Family ကုမ္ပဏီမှ ဦးလဝမ်တို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး အလှူရှင် ဦးလဝမ်က မြို့နယ်ပညာရေးမှူးထံသို့ ကျောင်းဆောင်သစ်ဆိုင်ရာ စာရွက်စာတမ်းများ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြစိမ်းရောင်စီမံကိန်း ဆင့်ပွားသင်တန်းဖွင့်

ရှမ်းပြည်နယ်(လားရှိုးဒေသ) လားရှိုးခရိုင် ကွမ်းလုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၄ခုနှစ် ဒီဇင်ဘာလနှင့် ၂၀၁၅ခုနှစ်နှင့် ဇန်နဝါရီလတို့တွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆင့်ပွားသင်တန်းကို ကျေးရွာအုပ်စုအလိုက်စုစည်း၍ ဖွင့်လှစ်ပို့ချလျက်ရှိရာ ကျေးရွာအုပ်စု ၂၅ အုပ်စုတွင် ကျန်ရှိသောကျေးရွာအုပ်စု ၁၀ စုကို ဆက်လက်ပို့ချလျက်ရှိပြီး ၂၀၁၄-၂၀၁၅ဘဏ္ဍာရေးနှစ်တွင် မန်ပြိန်း ကျေးရွာအုပ်စုရှိ ခမ်းဒိန်ကျေးရွာနှင့် လွယ်ခမ်းကျေးရွာတို့၌ စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

မြေကွက်ကျယ် အမြန်ရောင်းမည်

လှိုင်သာယာစက်မှုဇုန် ပန်းလှိုင်တံတားအနီး၊ ရန်ကုန်-တွံတေးလမ်းမကြီးပေါ် လမ်းမမေးတင် မြေကွက်ကျယ်ရောင်းရန်ရှိသည်။ အရှုပ်အရှင်းကင်း၊ စာရွက်စာတမ်း အပြည့်အစုံ၊ ပိုင်ရှင်အမည်ပေါက် ကိုယ်တိုင် ညှိနှိုင်းဈေးဖြင့် အမြန်ရောင်းမည်။ **(ပွဲစားမလို)**

ဖုန်း-၀၉-၄၂၀၇၁၅၉၅၆၊ ၀၉-၉၇၄၁၉၉၂၀၈

မိဘအမည်မှန်

မောင်ဟိန်းထက်၊ မောင်မင်းခန့်၊ မောင်အောင်ဟိန်း၊ မမြမြဠု၊ မဆွေဇင်မင်းစံတို့၏ မိဘအမည်မှန်မှာ ဦးဇော်မင်းဦး(ခ)ဦးဇော်မင်း ၁၂/လသန(နိုင်) ၀၀၆၉၇၁ နှင့် ဒေါ်အေးစန္ဒာအောင်(ခ) ဒေါ်အေးစန္ဒာ ၁၂/ဥကတ(နိုင်) ၀၇၇၁၆၀ ဖြစ်ပါကြောင်း။

ကန့်ကွက်နိုင်ပါကြောင်း

မြိတ်မြို့၊ မြိတ်တောင်နယ်မြေ၊ ရွှေပြည်တန်ရပ်ကွက်၊ ပန်းခရေ(၂)လမ်းနေ ဦးမောင်ညွန့် ၆/မမန(နိုင်)၁၃၄၀၇၅ (ဘ)ဦးကြည် ပိုင်ဆိုင်သည့် ရပ်ကွက်အမှတ် ၃၇၊ ဦးပိုင် အမှတ် ၁၉/ ၁၆၊ ဧရိယာ ၀ဒသမ ၁၀၁ဧက ရှိသည့်မြေကွက်ကို ဒေါ်၄ဝါစိုးမှ ဝယ်ယူထားသည်မှာ သုံးနှစ်ရှိပြီဖြစ်သည့်အတွက် ကန့် ကွက်လိုပါက ခိုင်လုံသောအထောက်အထားအပြည့်အစုံဖြင့် တစ်လအတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

ဆက်သွယ်ရန် ဖုန်း-၀၉-၂၅၀၆၁၆၁၂၁၊ ၀၉-၄၉၈၈၁၇၄၂၊ ၀၉-၃၁၁၉၈၄၂၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၆ယ/၃၇၃၀၆ Honda Scoopy M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြင့်မြင့်ဋ္ဌေး ၁၃/လရန(နိုင်)၀၆၇၉၈၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ယ/၂၁၆၂၃ Honda C 90 Custom CMS, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းမြင့် ၉/မရတ(နိုင်)၀၅၃၃၆၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးသြလိန်(ခ)ဦးသြရိန် ၉/မမန(နိုင်)၀၇၁၀၄၁ တောင်ကျွန်းရွာ၊ ပြင်ဦးလွင်မြို့နေသူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ပြင်ဦးလွင်မြို့၊ ဖောင်းတောကျေးရွာ၊ ကွင်းအမှတ် (၆၆၅/က)၊ ဦးပိုင်အမှတ်(N-၁)၊ မြေဧရိယာ ၅ ဧကမှာ ၁၁-၈-၁၉၉၆ ခုနှစ်ကတည်းက မူလပိုင်ရှင် ဦးကံထူးထံမှတစ်ဆင့် ကျွန်ုပ်၏မိတ်ဆွေမှ ရပ်ရွာလူကြီးများရှေ့တွင် ဝယ်ယူ၍ ယနေ့အချိန်ထိ လက်ရှိထားစိုက်ပျိုးလုပ်ကိုင်လာသော မြေဖြစ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေ ခရီးသွားနေခိုက်တွင် ကျွန်ုပ်မိတ်ဆွေစိုက်ပျိုးရာမြေထဲသို့ အခြားသူမှ ဝင်ရောက်ကျူးကျော်၍ ခြံစည်းရိုးကျောက်တိုင်များ စိုက်ထူခဲ့ပါသည်။ ထို့ကြောင့် ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း စိုက်ထူထားသော ကျောက်တိုင်များအား လာရောက်ဖယ်ရှားပေးပါရန်နှင့် အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ဖြေရှင်းခြင်းမရှိပါက ကျွန်ုပ်မိတ်ဆွေမှ ၄င်းစိုက်ခင်းတွင် စိုက်ထူထားသော ကျောက်တိုင်များအား ဖယ်ရှားပြီးနောက် မြေယာခုတ်ထွင်ရှင်းလင်း စိုက်ပျိုးခြင်းအား လုပ်ဆောင်သွားမည်ဖြစ်ကြောင်း လွှဲအပ်ညွှန်ကြားချက်အရ အသိပေးအကြောင်းကြားအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူ
ဦးသြလိန်(ခ) ဦးသြရိန်

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်ရွှေထူး
အထက်တန်းရှေ့နေ (စဉ်-၃၄၀၅၉)
အမှတ် (၉၈)၊ (၈)လမ်း၊ (၇)ကွက်၊ ရကက (၄)၊ ပြင်ဦးလွင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၂၇၉၉၆၊ Jialing M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်နွယ်ဝင်း ၉/ပသက(နိုင်)၀၇၁၉၈၉ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၂၉၂၀၂၊ Kenbo M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြစိန် ၉/ခမစ(နိုင်)၀၀၅၀၀၆ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၃၁၉၈၂၊ Yamaha Drey sta M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝင်းဝါဝါနွယ် ၁၃/ကမန(နိုင်) ၀၀၀၆၉၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၅ဒီ၊ မြေကွက်အမှတ် ၄၇-၃၉/၉-ဘီ-၁အေ၊ အကျယ် ၀ ဒသမ ၀၄၄ ဧက၊ မြေအမျိုးအစားမြေပိုင်မြေနှင့် ယင်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဆရာစံ မြောက်/အနောက်ရပ်ကွက်၊ ပြည်ထောင်စုလမ်းသွယ်၊ အမှတ် (၃၄/A) ဟုခေါ်တွင်သောမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မြို့မြေစာရင်းတွင် ဒေါ်ခင်သိုက်ဦး AC-၀၅၀၃၈၀ အမည်ပေါက်လျက်ရှိပြီး ၄င်းထံမှ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်းစာချုပ်အမှတ် ၂၉၈၉/၉၇(၅-၁၀-၁၉၉၇)နှင့် အမှားပြင်ဆင်ဖြည့်စွက်ခြင်းစာချုပ်အမှတ် ၃၀၅၅/၂၀၁၃(၂၁-၈-၂၀၁၃)တို့အရ ပိုင်ဆိုင်သူ ဒေါ်မျိုးမြင့်သူဇာ ၁၂/ဗဟန(နိုင်) ၀၅၁၆၂၄ [၄င်း၏ကိုယ်စားအထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၂၉၀၀/၂၀၁၄(၁၄-၅-၂၀၁၄) ရရှိသူ ဒေါ်မိုးပွင့်ဖြူကြည် ၁၂/ဒဂန(နိုင်)၀၃၀၁၈၈] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်တို့မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသန်းဦး — **အထက်တန်းရှေ့နေ (စဉ်-၃၂၃၃၅)**

ဦးသန့်ဇော် — **တရားလွှတ်တော်ရှေ့နေ (စဉ်-၇၃၄၁)**

အမှတ် ၄၆၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

မျိုးသုဉ်းလုနီးပါးဇီဝမျိုးစိတ်များကို တရားဝင်မွေးမြူထုတ်လုပ်ပြီး မျိုးသုဉ်းမှုအန္တရာယ်မှကာကွယ်

သတင်းဆောင်းပါး- ဇူလိုင်မိုး(မြန်မာ့အလင်း)
ဓာတ်ပုံ-ချစ်သမီး

မျိုးသုဉ်းလုနီးပါး ဇီဝမျိုးစိတ်များဖြစ်သည့် တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များကို တရားမဝင်တင်ပို့ရောင်းချနေခြင်းများ မပြုလုပ်ဘဲ တရားဝင်မွေးမြူပြီး ထုတ်လုပ်ရောင်းချပါက စီးပွားရေးဈေးကွက်အရ တွက်ခြေကိုက်သည့်အပြင် မျိုးသုဉ်းမှုအန္တရာယ်မှလည်း ကာကွယ်နိုင်မည်ဖြစ်သည်။

ယခုအခါ သက်ဆိုင်ရာအစိုးရမှ မျိုးသုဉ်းလုနီးပါး ဇီဝမျိုးစိတ်များအား တရားမဝင်တင်ပို့ရောင်းချမှုများကို တင်းတင်းကျပ်ကျပ် အရေးယူဆောင်ရွက်နေသကဲ့သို့ တရားဝင်မွေးမြူထုတ်လုပ် ရောင်းချနိုင်ရန်လည်း ခွင့်ပြုလျက်ရှိကြောင်း သိရသည်။

"တောရိုင်း တိရစ္ဆာန်တွေနဲ့ သဘာဝအပင်တွေကို တရားမဝင်ခိုးယူတင်ပို့မှု၊ ရောင်းချမှုတွေကို အရေးယူနေသလို တရားဝင်မွေးမြူပြီး ထုတ်လုပ်နိုင်အောင်လည်း ခွင့်ပြုထားပါတယ်။ တရားဝင် မွေးမြူနိုင်အောင် လုပ်ပေးထားတယ်ဆိုတာကတော့ သစ်တောဌာနမှာ တရားဝင်မွေးမြူခွင့် မှတ်ပုံတင်ပြီး ရှားပါးမျိုးစိတ်တွေရဲ့မူလမျိုးကို မျိုးပွားခြင်း၊ ခြံနှင့်တကွ စနစ်တကျ မွေးမြူခြင်းတွေပြုလုပ်ပြီး နောက်ထပ်မျိုးပွားလာမယ့် အကျိုးဆက်ကို ဆက်လက်ထုတ်လုပ်ရောင်းချခြင်းကို ခွင့်ပြုပါတယ်။ ပြီးတော့ တရားဝင် နိုင်ငံခြားကိုလည်း တင်ပို့ခွင့်ရှိတယ်။ အဲဒီနည်းနဲ့ တရားမဝင်မှုတွေကို အရေးယူနေသလို တရားဝင်လုပ်နိုင်အောင်လည်း ခွင့်ပြုထားတာပါ။ အဲဒါကြောင့် ပြည်သူတွေကို မက်ဆေ့ချ်ပေးချင်တဲ့အပိုင်းက တရားမဝင်ကိစ္စတွေကို ဆောင်ရွက်ခြင်းအားဖြင့် ကိုယ့်နိုင်ငံက သယံဇာတတွေ ဆုံးရှုံးသွားတယ်၊ အဲဒီသယံဇာတတွေကို မဆုံးရှုံးစေဖို့ မူလမျိုးကိုယူပြီး မျိုးပွားမယ်၊ တိုးပွားလာမယ့် အကျိုးဆက်ပေါ်မှာပဲ အကျိုးစီးပွားဆောင်ရွက်မယ်ဆိုရင် ပိုကောင်းပါတယ်။ တရားမဝင်နည်းတွေနဲ့ တောထဲကနေ သဘာဝအပင်တွေ၊ တောရိုင်းတိရစ္ဆာန်တွေကို ထုတ်ပြီး ရောင်းစားနေကြမယ်ဆိုရင် မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ ရှားပါးမျိုးစိတ်တွေက မျိုးသုဉ်းပြီး ပျောက်ကွယ်သွားနိုင်ပါတယ်။ အဲဒါကြောင့် မိမိနိုင်ငံအတွင်းက သယံဇာတတွေကို မပျောက်ပျက်အောင် ထိန်းသိမ်းဖို့က ပြည်သူများအားလုံးရဲ့ တာဝန်ပဲဖြစ်ပါတယ်"ဟု သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်သော်က ပြောသည်။

တောထဲတွင်ရှိသည့် တောရိုင်းတိရစ္ဆာန်များကို ဥဖောက်စက်များဖြင့် ဖောက်ခြင်း၊ အစာရေစာကျွေးမွေးပြီး ဂရုစိုက်မျိုးပွားခြင်းများဖြင့် ဆောင်ရွက်လျက်ရှိသည်။ မျိုးပွားနှုန်းကို သုတေသနပြုလုပ်သည့်အခါ နေရင်းဒေသ ပြင်ပထိန်းသိမ်းခြင်းလုပ်ငန်း အဆင့်တစ်အနေဖြင့် တိရစ္ဆာန်ဥယျာဉ်ထဲ၌ သတ္တဝါများကိုထား၍ အစာရေစာကျွေးပြီးပြုစုစောင့်ရှောက်ခြင်းသည် ၎င်းတို့၏ နှစ်စဉ်မျိုးပွားနှုန်းမှာ တိုးတက်သည်ဟု သိရသည်။ ထို့ကြောင့် တိရစ္ဆာန်များကို စနစ်တကျ မျိုးဖောက်ကာခြံနှင့်တကွ သေချာပြုစု ပျိုးထောင်ခြင်းသည် သတ္တဝါများ ပိုမိုတိုးတက်မှုနှုန်းမြန်ပြီး နိုင်ငံခြားသို့တရားဝင်တင်ပို့ရောင်းချခြင်းဖြင့် စီးပွားရေးအရ တွက်ခြေကိုက်ပြီး နိုင်ငံခြားဝင်ငွေလည်းရရှိနိုင်မည် ဖြစ်သည်။

"မျိုးပွားမှုနှုန်းက နေရင်းဒေသပြင်ပထိန်းသိမ်းခြင်းနဲ့ မွေးမြူတာက ပိုပြီး မျိုးပွားနှုန်းမြန်တာကို တွေ့ရတယ်။ တောထဲမှာကျတော့ သူတို့ရဲ့ ရှင်သန်နေထိုင်မှုအပေါ်၊ စားသောက်မှုအပေါ် ဂရုစိုက်မယ့်သူမရှိဘူးလေ။ လွတ်လပ်စွာနေရပေမယ့် သူတို့ရဲ့ဘဝကကြမ်းတယ်။ သူတို့ရဲ့မျိုးပွားမှုနှုန်းကလည်း နည်းတယ်။ အဲဒါကြောင့် ယှဉ်ကြည့်လိုက်တဲ့အခါ သားဖောက်မွေးတဲ့၊ ဂရုစိုက်ဆေးထိုးတဲ့ သတ္တဝါတွေက ပိုပြီး မျိုးပွားနှုန်း၊ တိုးတက်မှုနှုန်းမြန်တယ်။ အဲဒီလို တိုးတက်မှုနှုန်းမြန်တဲ့အတွက် သတ္တဝါတွေကို မွေးမြူပြီး တိုးပွားလာတဲ့အခါ နိုင်ငံခြားကို ပို့လို့ရတယ်။ သားရေထုတ်ချင်ရင်လည်း ထုတ်ချင်တဲ့ သားကောင်ရဲ့ မူရင်းတောထဲက မျိုးစိတ်ကိုယူခြင်း၊ သားပေါက်လို့ ပိုနေတဲ့မျိုးတွေကိုယူခြင်းနဲ့ စနစ်တကျ သားဖောက်မယ်ဆိုရင် မူရင်းမျိုးစိတ် မပျောက်ဘူး။ ထပ်ပေါက်လာမယ့် မျိုးတွေကို အသားထုတ်ခြင်း၊ ပစ္စည်းထုတ်လုပ်ခြင်း၊ သားရေထုတ်လုပ်ခြင်းတွေလုပ်လို့ရတယ်။ အဲလိုတွေသာ လုပ်သွားကြမယ်ဆိုရင် မြန်မာနိုင်ငံထဲမှာရှိတဲ့ ရှားပါးသတ္တဝါတွေနဲ့ အပင်တွေရဲ့ရှားပါးမှု အန္တရာယ်ကို ကာကွယ်နိုင်မှာ ဖြစ်ပါတယ်" ဟု ၎င်းကဆက်လက်ပြောသည်။

တိရစ္ဆာန်ဥယျာဉ် (နေပြည်တော်) အတွင်းရှိ ရှားပါးကျားတစ်ကောင်အား တွေ့ရစဉ်။

ယခုအခါ နိုင်ငံတကာတွင် တရားဝင် သားဖောက်မွေးမြူခြင်းလုပ်ငန်းများကို ပြုလုပ်လျက်ရှိရာ ဩစတြေးလျနိုင်ငံတွင် သားပိုက်ကောင်များ၊ ငှက်ကုလားအုပ်များကို ခြံနှင့်တကွ စနစ်တကျ သားဖောက်မွေးမြူခြင်းဖြင့် အများဆုံး ထုတ်ယူရောင်းချလျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံနှင့် ဗီယက်နမ်တို့တွင်လည်း မိကျောင်း၊ မြွေ၊ လိပ်နှင့် ကျားများကို အများဆုံး မွေးမြူလျက်ရှိကြောင်း၊ ထိုင်းနိုင်ငံတွင် မိချောင်းသားရေထုတ်လုပ်ခြင်း မှတ်ပုံတင်ထားသည့် စက်ရုံပေါင်း တစ်ရာကျော်ရှိကြောင်း၊ သားရေထုတ်လုပ်သည့် မိချောင်းများကို နိုင်ငံတကာမှဝယ်ယူ၍ သားဖောက်မွေးမြူခြင်းဖြင့် ထုတ်လုပ်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံ အတွင်း၌လည်း တောရိုင်းတိရစ္ဆာန်များနှင့် သဘာဝအပင်များ တရားမဝင်တင်ပို့ ရောင်းချနေမှုများကိုရပ်၍ တရားဝင်မှတ်ပုံတင်ပြီး ခြံနှင့်တကွ စနစ်တကျစိုက်ပျိုးပြီး မွေးမြူသားဖောက်ထုတ်လုပ်မည်ဆိုပါက ရှားပါးမျိုးစိတ်ဇီဝသယံဇာတများကို ထိန်းသိမ်းရာလည်းရောက်မည်ဖြစ်ပါကြောင်း။

ကျေးရွာမီးလင်းရေးဆောင်ရွက်ပေး

စလင်း ဇန်နဝါရီ ၁၈

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် တညောင်၊ ရေပေါ်ကျွန်း၊ စည့်ဆွဲ ကျေးရွာများတွင် လျှပ်စစ်မီးရရှိရေးအတွက် ပွင့်သာကုမ္ပဏီက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၂၇၆ ဒသမ ၇၄ သန်းဖြင့် တင်ဒါအောင်မြင်၍ ကေဗွီဓာတ်အားလိုင်းသွယ်တန်းခြင်း၊ ထရန်စဖော်မာတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး လုပ်ငန်းပြီးစီးပါက အိမ်ထောင်စုပေါင်း ၁၅၀၀ ကျော် လျှပ်စစ်ဓာတ်အား သုံးစွဲနိုင်မည်ဖြစ်သည်။

အဆိုပါ ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းသိန်း၊ မြို့နယ်ထောက်ကူပြုကော်မတီဥက္ကဋ္ဌ ဦးအေးဟန်ချို၊ မြို့နယ်ကျေးလက် ဦးစီးဌာနမှူး ဦးဇော်မင်းထွဋ်တို့က ဇန်နဝါရီ ၁၅ ရက်တွင် ကွင်းဆင်းစစ်ဆေးပြီး ကျေးရွာမီးလင်းရေး ကော်မတီများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **စစ်ကြည်(စလင်း)**

သားဖွားမီးယပ်ပညာ တိုးတက်ပြန့်ပွားရေး ညီလာခံကျင်းပမည်

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံအတွင်း သားဖွားမီးယပ်ပညာတိုးတက်ပြန့်ပွားစေရေးအတွက် သားဖွားမီးယပ်ပညာအဖွဲ့ (မြန်မာနိုင်ငံဆရာဝန်အသင်း)၏ (11th Obstetrics and Gynaecological Con-ference)ကို လာမည့် ဖေဖော်ဝါရီ ၂၁ ရက်နှင့် ၂၂ ရက်တို့တွင် ရန်ကုန်မြို့ ဖိုးစိန်လမ်းရှိ ချက်ထရီယံ ဟိုတယ်၌ ကျင်းပမည်ဖြစ်သည်။

ဆေးပညာတိုးတက်ပြန့်ပွားစေရေးအတွက် နိုင်ငံတစ်ဝန်းရှိ သားဖွားမီးယပ်ဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် စိတ်ပါဝင်စားသည့် မည်သည့်ဆေးဘက်ဆိုင်ရာ ဆရာဝန်မဆို တက်ရောက်နိုင်ကြောင်း ညီလာခံဖြစ်မြောက်ရေးကော်မတီထံမှ သိရသည်။

မင်းထက်

စက်မှုဝန်ကြီးဌာန
ဆေးဝါးနှင့်စားသောက်ကုန်လုပ်ငန်း
ဆပ်ပြာစက်ရုံ (မန္တလေး)
ရွှေဝါဆပ်ပြာနှင့်သပြေညိုထူးရှယ်ဆပ်ပြာ (Combo Soap)များ
ရောင်းချရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း (မြန်မာကျပ်ငွေဖြင့်)

၁။ **ရောင်းချမည့်ပစ္စည်းအမည်** - ရွှေဝါဆပ်ပြာနှင့်သပြေညိုထူးရှယ်ဆပ်ပြာ (Combo Soap) များ
၂။ **တင်ဒါစတင်ရောင်းချသည့်ရက်** - ၂၀-၁-၂၀၁၅ ရက်
၃။ **တင်ဒါပိတ်ရက်** - ၁၀-၂-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
၄။ **ဈေးနှုန်းတင်သွင်းရမည့်နေရာ** - စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးရုံးအဖွဲ့ရုံးခန်း၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်
၅။ **စုံစမ်းရန်** - အသေးစိတ်အချက်အလက်များ သိလိုပါက ဆက်သွယ်ရန် ဖုန်း- ၀၆၇-၄၀၈၀၆၈
- ၀၆၇-၄၀၈၃၈၈

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်မှ စက်ပစ္စည်း(၄၄)မျိုးနှင့် ပရိဘောဂ (၁) မျိုးတို့ကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါများတင်သွင်းရန် ခေါ်ယူအပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁၉-၁-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်အနောက်ပိုင်း နည်းပညာတက္ကသိုလ်၊ ငွေစာရင်းဌာနတွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၆-၁-၂၀၁၅ ရက် ၁၄း၀၀ နာရီ နောက်ဆုံးထား၍ တင်ဒါများ ပြန်လည်ပေးသွင်းရန်ဖြစ်ပါသည်။
၃။ အိတ်ဖွင့်တင်ဒါပုံစံစည်းကမ်းချက်များနှင့် ပစ္စည်းစာရင်းအသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၂၅၀၀၇၃၉၉၇၊ ၀၁-၆၈၅၂၆၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့
ရန်ကုန်အနောက်ပိုင်းနည်းပညာတက္ကသိုလ်

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန
အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန
ရန်ကုန်နည်းပညာတက္ကသိုလ်
ရုံးသုံးပရိဘောဂနှင့်ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်နည်းပညာတက္ကသိုလ်အတွက် ရုံးသုံးပရိဘောဂ(၁)မျိုးဝယ်ယူရန်နှင့် ပြင်ဆင်ထိန်းသိမ်းရေးလုပ်ငန်း(၄)ခု ဆောင်ရွက်ရန် အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၂၀-၁-၂၀၁၅ ရက်မှစ၍ ရုံးချိန်အတွင်း ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း)တွင် လာရောက်ထုတ်ယူနိုင်ပြီး ၂၂-၁-၂၀၁၅ရက် ညနေ ၄း၃၀ နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါစည်းကမ်းများ၊ အသေးစိတ်အချက်အလက်များကို ရန်ကုန်နည်းပညာတက္ကသိုလ်(ကြို့ကုန်း) ဖုန်း-၆၄၂၅၅၉ နှင့် ၆၅၁၇၂၁ တို့တွင် စုံစမ်းနိုင်ပါသည်။ **တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့၊ ရန်ကုန်နည်းပညာတက္ကသိုလ်**

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ တင်းတိမ်ရုံ၊ အထကထန်းတောဗောဓိကျောင်း နဝမတန်း(A)မှ မခင်မျိုးနွယ်၏ ဖခင်အမည်မှန်မှာ ဦးမြင့်သောင်း ၅/ရဥန(နိုင်)၀၅၁၁၁၆ ဖြစ်ပါကြောင်း။ **ဦးမြင့်သောင်း**

မိခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရေဦးမြို့နယ်၊ အောင်ကဲ့ဇင် အထက(ခွဲ) နဝမတန်း(A) မှ မနှင်းနှင်းအေး၏ မိခင်အမည်မှန်မှာ ဒေါ်တာရဲမ ၅/ရဥန(နိုင်)၀၄၂၂၆၃ ဖြစ်ပါကြောင်း။ **ဒေါ်တာရဲမ**

အမည်ပြောင်း

ဦးစိန်သန်း ၅/ကလတ(နိုင်)၀၀၉၇၉၄ ၏သမီး ရေဦးမြို့၊ ကံ့ကော်ကိုယ်ပိုင် အထက်တန်းကျောင်း၊ နဝမတန်း(A)မှ မမြင့်မြတ်ဖြူ(ခ)မဝိုက်ပွင့်ဖြူစံအား မဖြူစင်မြင့်မြတ်ဟုလည်းကောင်း၊ မုံရွာမြို့ အထက(၃)၊ သတ္တမတန်း(A)မှ မောင်မင်းဝါဆိုအား မောင်မင်းခန့်ပိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ရောဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
ပုသိမ်မြို့
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် (e-Government)စနစ်ဖြင့် ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် (၂၀၁၄-၂၀၁၅) ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်း အသုံးစရိတ်ရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်း အမျိုးအစားများကို အိတ်ဖွင့်တင်ဒါ ပေးသွင်းနိုင်ပါရန် ဖိတ်ခေါ်ခြင်းဖြစ်ပါသည်။
(က) Server hardware and software License
(ခ) EDMS/GDMS Software Creation and Install Completed
(ဂ) Administration Training
(ဃ) User Training
(င) Web portal Create with admin and user training
၂။ အထက်ပါပစ္စည်းအမျိုးအစားများနှင့်စပ်လျဉ်း၍ အသေးစိတ်အချက်အလက်များဖြင့် ဖော်ပြပါရှိရမည်ဖြစ်ပြီး တင်ဒါပေးသွင်းရမည့်အစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။
(က) တင်ဒါစည်းကမ်းချက်များနှင့် တင်ဒါလျှောက်လွှာများကို ၂၀-၁-၂၀၁၅ရက်တွင် စတင်ရောင်းချပါမည်။
(ခ) တင်ဒါပိတ်သိမ်းမည့်ရက်မှာ ၂၇-၁-၂၀၁၅ ရက် ၁၆း၃၀နာရီ ဖြစ်ပါသည်။
(ဂ) တင်ဒါဖွင့်မည့်ရက်ကို တင်ဒါတင်သွင်းသူများထံ အချိန်မီဆက်သွယ်အကြောင်းကြားပေးမည်ဖြစ်ပါသည်။
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၊ တင်ဒါခေါ်ယူရေးအဖွဲ့ထံ ရုံးချိန်အတွင်း ဖုန်း-၀၄၂-၂၃၆၃၉ နှင့် ၀၄၂-၂၅၂၇၅ တို့သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးအဖွဲ့
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

တစ်ဦးတည်းဖြစ်ကြောင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ နည်းပညာတက္ကသိုလ်မှ မောင်ကျုံးဆန်အုပ်၏ဖခင် ဦးဆန်ထောမ်းနှင့် ဦးဆန်ထောင်းသည် တစ်ဦးတည်းဖြစ်ပါကြောင်း။
ဦးဆန်ထောမ်း(ခ)ဦးဆန်ထောင်း
FLM -၀၆၆၆၅၂

မုံရွာမှာ အိမ်၊ ခြံ၊ မြေ
ဝယ်လို ရောင်းလိုပါသလား

ငြိမ်းပြည့်ဝ
အိမ်၊ ခြံ၊ မြေနှင့်ဆက်သွယ်ပါ။
ကိုဇော်ထိုက်
ဖုန်း-၀၉-၃၃၅၆၀၁၁၃၊ ၀၉-၃၆၀၉၈၃၈၆

ပြည်တွင်းသတင်းနှင့် ဆောင်းပါး

ကုန်သွယ်ခွန်အတွက် ဈေးဝယ်တိုင်း ပေးဆောင်ရာရောက်ပြီလား

သတင်းဆောင်းပါး- ခင်ရတနာ၊ ဓာတ်ပုံ- မေဦးမိုး

ကိုရီးယားခရီးစဉ် သွားရောက်စဉ် မိတ်ဆွေသူငယ်ချင်းနဲ့ မိသားစုအတွက် လက်ဆောင်အနည်းငယ်ဝယ်ယူခဲ့ပါတယ်။ ဈေးဝယ်ကုန်တိုက်ရော၊ လမ်းဘေးက ဆိုင်အသေးလေးတွေမှာပါ အဆင်ပြေသလိုဝယ်ခဲ့ပြီး ဆိုင်တိုင်း အခွန် ၁၀ရာခိုင်နှုန်းဖြတ်တာခံရတော့ အတော်ကလေးစိတ်အခန့်မသင့်ဖြစ်ရပါတယ်။ ကျွန်မတို့နိုင်ငံမှာ ငါးရာခိုင်နှုန်းကိုသာ ကုန်သွယ်ခွန်သတ်မှတ်တာ သိထားလို့ပါ။

သို့သော် ရန်ကုန်မှာ စားသောက်ဆိုင်တွေရောက်တဲ့အခါ ပြေစာပေါ် ကပ်ပေးတဲ့ တံဆိပ်ခေါင်းတွေ အချို့ဆိုင်က စနစ်တကျကပ်ပေးသလို အချို့ဆိုင်က ကပ်မပေးပါဘူး။ ကပ်ပေးတဲ့ဆိုင်ကလည်း နောက်တစ်ခါသွားရင် ကပ်ပေးချင်မှကပ်တော့တာ ကြုံရပါတယ်။

မြန်မာနိုင်ငံမှာ နိုင်ငံတော်အစိုးရသစ်လက်ထက် အခွန်ကောက်ခံရရှိမှုဟာ ၂၀၁၄ခုနှစ်အတွင်း အမြင့်ဆုံးစံချိန်တင်ရရှိခဲ့တယ်လို့ သိရသော်လည်း အခွန်နဲ့ပတ်သက်တဲ့ ဗဟုသုတတွေကို အခွန်ဆောင်ရမယ့် ပြည်သူလူထုထံထိရောက်အောင် မဖြန့်ဖြူးနိုင်သေးဘူးဆိုတာ အသေအချာပါပဲ။

၁၉၇၆-၇၇ခုနှစ်ကတည်းက အခွန်ကောက်ခံမှုကို ပြည်တွင်းအခွန်များဦးစီးဌာနက တာဝန်ယူခဲ့ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကနေ စတင်လို့ ဝင်ငွေခွန်၊ ကုန်သွယ်လုပ်ငန်းခွန်၊ တံဆိပ်ခေါင်းခွန်နဲ့ အောင်ဘာလေသိန်းဆုခွန်တွေကို ကောက်ခံခဲ့ရာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်ရဲ့ ပထမခြောက်လပတ်အတွင်း ငွေကျပ်သန်းပေါင်း ၂၅၂၉၀၀၉ ဒသမ ၉၂၉အထိ ရရှိခဲ့တာကို ကျေနပ်အားရဖွယ်တွေ့ရှိရတယ်လို့ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွန်းက ပြောပြပါတယ်။

နိုင်ငံသားတိုင်း မည်သူမဆို လစာ၊ အသက်မွေးဝမ်းကျောင်း ပညာလုပ်ငန်း၊ ပစ္စည်း၊ စီးပွားရေးလုပ်ငန်းနဲ့ အခြားဝင်ငွေရလမ်းများမှ ဝင်ငွေများအပေါ် အခွန်ပေးဆောင်ကြရမှာဖြစ်ပြီး တစ်နှစ်ဝင်ငွေကျပ်သိန်း ငါးဆယ်အထက် ငါးရာခိုင်နှုန်း၊ ငွေကျပ်သိန်း ၃၀၀၀အထက် ၂၅ရာခိုင်နှုန်းကို အခွန်ပေးဆောင်ရမယ်လို့ သိရပေမယ့် လုပ်ငန်းရှင်ကြီးတွေမှာ အခွန်ဆောင်သူ နှစ်သိန်းသာရှိနေတာကို ပြည်တွင်းအခွန်များဦးစီးဌာနရဲ့ အချက်အလက်တွေအရ သိရှိရပါတယ်။

စားသုံးသူများထံက အခွန်ငါးရာခိုင်နှုန်းကို ကုန်သွယ်ခွန်အဖြစ်ရောင်းချသူက တာဝန်ယူကောက်ခံလို့ အခွန်ရုံးကိုပေးသွင်းနေကြတယ်လို့ သိရသော်လည်း အချို့ဆိုင်တွေက အခွန်အမှတ်တံဆိပ် ကပ်နှိပ်ပေးခြင်းမရှိဘဲ ကုန်သွယ်ခွန်တော့ ကောက်ခံပါတယ်။ အခွန်ရုံးကိုရော အမှန်တကယ်ရောက်ရှိသလားဆိုတာတွေကို အဖြေရှာဖို့အတွက် ၂၀၁၄ခုနှစ် နိုဝင်ဘာ ၁ရက်ကတည်းက အခွန်တံဆိပ်ခေါင်းစနစ်ကို ထုတ်ပြန်ထားပြီးသားဖြစ်ကြောင်း အခွန်ဦးစီးမှူးများထံက သိရပါတယ်။

“ရန်ကုန်က စားသောက်ဆိုင်တွေ အသုံးပြုနေတာပါ။ အခွန်တံဆိပ်ခေါင်းတွေကို ရန်ကုန်မြို့က ဆိုင်တစ်ထောင်ကျော်မှာသာ ဖြန့်ဝေပေးရသေးတော့ ဆိုင်တိုင်း အသုံးပြုမှုက တိတိကျကျအရေးယူစုံစမ်းမှုဆိုတာထက် စနစ်တစ်ခုခိုင်မာအောင် တည်ဆောက်နေတဲ့ အချိန်သာဖြစ်လို့ အခက်အခဲနဲ့ ကြန့်ကြာမှုတချို့ ဆက်လက်ရှိနေနိုင်သေးတယ်” လို့ ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အခွန်ဦးစီးမှူးတစ်ဦးက သုံးသပ်ပါတယ်။

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၃၃မြို့နယ်တွင် စားသောက်ဆိုင်လုပ်ငန်း တစ်ထောင်ကျော်ကို အခွန်တံဆိပ်ခေါင်းတွေ ဖြန့်ဝေထားပြီး ပြေစာများတွင် တန်ဖိုးအလိုက် အခွန်အမှတ်တံဆိပ်များ ပြန်လည်ကပ်ပေးရမှာဖြစ်တယ်လို့ အိုးရှင်းစူပါစင်တာအတွင်းမှ စားသောက်ကုန် လုပ်ငန်းကြီးတစ်ခုရဲ့ မန်နေဂျာက ဆိုပါတယ်။

“လက်ရှိအသုံးပြုနေတဲ့ အခွန်တံဆိပ်ခေါင်းတွေက နိုင်ငံခြားကနေ မှာယူထားတာဖြစ်တာမို့ ပြည်တွင်းအတွက် ရေရှည်အသုံးပြုနိုင်ဖို့ လုပ်ဆောင်နေပါပြီ။ အခွန်တံဆိပ်ခေါင်းစနစ်သာ ခိုင်မာသွားပြီဆိုရင် ကုန်သွယ်လုပ်ငန်းခွန်အားလုံး အခွန်စတင်ကောက်ခံနိုင်မှာ ဖြစ်ပါတယ်။ လက်ရှိမှာတော့ နည်းစနစ်တစ်ခုကို အခြေကျနိုင်အောင် စတင်လေ့ကျင့်နေတယ်။ အခွန်ဆိုတာ ပြည်သူတွေနဲ့ ရင်းနှီးကျွမ်းဝင်မှုရှိစေရေးကို ဆတိုး လုပ်ဆောင်မယ်”လို့ ဦးမင်းထွန်းက ပြောပါတယ်။

အခွန်တံဆိပ်ခေါင်းတွေကို ကျပ်ငါးဆယ်ကနေ နှစ်သောင်းတန်အထိ ထုတ်လုပ်ထားပြီး စူပါမားကတ်တွေနဲ့ ဈေးဝယ်စင်တာတွေ၊ ရောင်းကုန်အကြီးစားတွေမှာ ကွန်ပျူတာစနစ်နဲ့ ရေးဆွဲမယ့် ဆော့ဖ်ဝဲလ်တပ်ဆင်ပြီး ကောက်ခံသွားဖို့ စမ်းသပ်လုပ်ကိုင်နေတဲ့အတွက် အခွန်တိမ်းရှောင်မှုကို စားသုံးသူတွေရော ရောင်းချသူတွေပါ ရှောင်လွှဲလို့မရနိုင်အောင် ကြိုးပမ်းသွားမယ်လို့ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမင်းထွန်းထံက သိရပါတယ်။

ပြည်တွင်း အခွန်အရပ်ရပ်ကောက်ခံရရှိမှုတွေကို လေ့လာတဲ့အခါ ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကောက်ခံရရှိမှုမှာ ကျပ် ၁၅၃၈ ဒသမ ၇၆၆ ဘီလျံ၊ ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်မှာ ကျပ် ၂၇၁၀ ဒသမ ၉၀၆ ဘီလျံ၊ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကျပ် ၃၅၈၂ ဒသမ ၃၆၀ ဘီလျံ ရရှိခဲ့တာတွေ့ရပြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ပထမခြောက်လပတ်မှာတင် အခွန်ကောက်ခံရရှိမှု ကျပ်သန်းပေါင်း ၂၅၂၉၀၀၉ ဒသမ ၉၂၉ ရှိလာတဲ့အတွက် လျာထားပမာဏထက် ပိုမိုရရှိတာကို ပြည်ထောင်စု၏ အခွန်ရငွေအစီရင်ခံစာကနေ သိရှိရပါတယ်။

အခွန်ကနေ တိုင်းပြည်ရဲ့ဝင်ငွေကို တစ်ဖက်တစ်လမ်းက ဖြည့်ဆည်းပေးနေခြင်းဖြစ်ပြီး အကယ်၍ပြည်သူများ အသိစိတ်အပြည့်နဲ့ ပူးပေါင်းပါဝင်လာပါက တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပြည်သူဗဟိုပြုလုပ်ငန်းတွေ ပိုမိုလုပ်ကိုင်လာနိုင်တော့မှာမို့ အခွန်ဗဟုသုတ လူတိုင်းရစေဖို့နဲ့ စနစ်ကျနတဲ့ အခွန်ကောက်ခံမှုစနစ် ဖော်ဆောင်ဖို့အတွက် လိုအပ်နေပြီဖြစ်ကြောင်း ကျွမ်းကျင်သူများက မျှော်လင့်ကြပါတယ်။ **(မြန်မာ့အလင်း)**

ကယားပြည်နယ်တွင် ခရီးသွားလုပ်ငန်း အရှိန်မြှင့်တင်ရန် ကြိုတင်ပြင်ဆင်

လွိုင်ကော် ဇန်နဝါရီ ၁၈

ခရီးသွားလုပ်ငန်းအတွက် အခြေခံကောင်းများဖြစ်သည့် သဘာဝအရင်းအမြစ် ရေ၊ မြေ၊ တော၊ တောင် သဘာဝအလှများ၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများ တည်ရှိနေသော ကယားပြည်နယ်တွင် ခရီးသွားလုပ်ငန်း အရှိန်မြှင့်တင်ရန် ပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံများက ကြိုတင်ပြင်ဆင်မှုများပြုလုပ်လျက်ရှိကြောင်း သိရသည်။

ကယားပြည်နယ် အစိုးရအဖွဲ့က ပြည်တွင်း၊ ပြည်ပခရီးသွားများ အထူးစိတ်ဝင်စားကြသော ကယားပြည်နယ်အတွင်းရှိ နောင်ယားကန်၊ ထီးပွင့်ကန်၊ ကန်ခုနစ်ဆင့်နှင့် ကျတ်ဂူအမည်ရှိ သဘာဝကျောက်လိုဏ်ဂူကြီးတို့ကို ပြုပြင်မွမ်းမံ အလှဆင်ခြင်း၊ သွားလာမှုလွယ်ကူစေရေးအတွက် လမ်းဖောက်လုပ်ခြင်း၊ လွိုင်ကော်မြို့ ဒေါဥခူရပ်ကွက်ရှိ ကန္ဒာရဝတီ ပန်းဥယျာဉ်ကို ကယားပြည်နယ်အထိမ်းအမှတ် ဥယျာဉ်အဖြစ် ပြောင်းလဲသတ်မှတ်ကာ ယင်းဥယျာဉ်အတွင်း၌ ကယားပြည်နယ်၏ အထင်ကရ စေတီ၊ ပုထိုးများ၊ သဘာဝရေကန်များ၊ ကျောက်လိုဏ်ဂူများ၊ စက်ရုံ၊ အလုပ်ရုံများ၏ ရုပ်တုပုံစံငယ်များ တည်ဆောက်ပြသခြင်း၊ လမ်း၊ တံတားများ အဆင့်မြှင့်တင်ခြင်း၊ ဟိုတယ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် တွန်းအားပေးခြင်း၊ ကန္ဒာရဝတီ ဂေါက်ကလပ်အား ပုဂ္ဂလိကလုပ်ငန်းရှင်နှင့် ပူးပေါင်း၍ အဆင့်မြှင့်တင်ခြင်း၊ လေယာဉ်ကွင်းတိုးချဲ့ခြင်း၊ ခရီးသည်ပို့ဆောင်ရေးယာဉ်လိုင်းများ တိုးချဲ့ဖွင့်လှစ်ခြင်း၊ အဆင့်မြင့် စားသောက်ဆိုင်များ ပေါ်ထွန်းလာစေရေး ကူညီပံ့ပိုးခြင်း၊ ခရီးသွားလုပ်ငန်းဆိုင်ရာ ဝန်ဆောင်မှုအသင်းအဖွဲ့များ ဖွဲ့စည်းခြင်း စသည့် လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ကယားပြည်နယ်ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက ပြောကြားသည်။

ကယားပြည်နယ်သည် ဧရိယာ စတုရန်းမိုင်ပေါင်း ၄၅၂၉ ဒသမ ၅၆၃ ကျယ်ဝန်းပြီး ခရိုင်နှစ်ခု၊ မြို့နယ်ခုနစ်ခု၊ မြို့နယ်ခွဲတစ်ခု၊ ရပ်ကွက် ၃၁ ခု၊ ကျေးရွာ ၇၄ အုပ်စု၊ ကျေးရွာပေါင်း ၅၁၁ ရွာတို့ဖြင့် ဖွဲ့စည်းထားသည်။ လူဦးရေ ၂၅၀၀၀၀ ကျော်ရှိကြောင်း သိရသည်။ ကယားမျိုးနွယ်စုများဖြစ်ကြသည့် ကယား၊ ကယန်း၊ ကခေါင်း၊ ကယန်း ကငန်၊ ကယန်းကဲဒေါ့၊ ကယန်းလထ၊ ကယော၊ ကယားမိုနူ၊ ယင်းတလဲ၊ ဂေဘားလူမျိုးများနှင့် ဗမာ၊ ကရင်၊ ပအိုဝ်း၊ ရှမ်း၊ အင်းသား စသည့် အခြားတိုင်းရင်းသားများလည်း စုပေါင်းနေထိုင်ကြသည်။ ကယားပြည်နယ်ရှိ လောပိတရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ၊ မော်ချီး သတ္တုတွင်းနှင့် ကယားမျိုးနွယ်စုဝင်များ၏ မတူကွဲပြားသော ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ၊ ဘာသာစကားများ၊ ယုံကြည်ကိုးကွယ်မှုများကို လူအများက စိတ်ဝင်စားကြကြောင်း သိရသည်။ **ကြီးမြင့်နိုင်(လွိုင်ကော်)**

FONECLUB (Mobile Phone Spare parts ဖြန့်ချိရေး)

(၁) **Sales Leader ကျား/မ(၂)ဦး (မန္တလေးသီးသန့်)**
Marketing လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိသူ၊ မိမိ၏အရောင်းစွမ်းရည်ကို အပြည့်အဝယုံကြည်သူ၊ ဦးစီးဦးဆောင်နိုင်သူ၊ မိုဘိုင်းဖုန်း(သို့) ကွန်ပျူတာအရောင်းလုပ်ငန်း အတွေ့အကြုံရှိသူ၊ ဘွဲ့ရပြီးသူ၊ လစာ-၁၈၀၀၀၀

(၂) **Junior Accountant မ (၂)ဦး(ရန်ကုန်+မန္တလေး)**
LCCI Level II အောင်မြင်ပြီးသူ၊ ကွန်ပျူတာ၊ Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ စာရင်းပိုင်းဆိုင်ရာ လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိသူ၊ ဘွဲ့ရပြီးသူ၊ မိုဘိုင်းဖုန်း(သို့) IT နယ်ပယ်လုပ်ငန်းအတွေ့အကြုံရှိသူ။ လစာ-၁၅၀၀၀၀

(၃) **Service Reception မ(၂)ဦး(ရန်ကုန်သီးသန့်)**
ကွန်ပျူတာ A+ ကျွမ်းကျင်သူ(သို့) မိုဘိုင်းဖုန်း Service လုပ်ငန်းအတွေ့အကြုံရှိသူ Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ ဘွဲ့ရပြီးသူ၊ Customer Service လုပ်ငန်းအတွေ့အကြုံရှိပြီး Communication Skill ကောင်းမွန်သူ၊ ဘွဲ့ရပြီးသူ၊ လစာ-၁၅၀၀၀၀

(၄) **Cashier မ(၂)ဦး (ရန်ကုန်+မန္တလေး)**
ကွန်ပျူတာ၊ Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ မိုဘိုင်းဖုန်း(သို့) ကွန်ပျူတာ အရောင်းလုပ်ငန်းအတွေ့အကြုံရှိသူ၊ အရောင်း Software စနစ်ဖြင့် လုပ်ငန်းအတွေ့အကြုံရှိသူ၊ ဘွဲ့ရပြီးသူ၊ သွက်လက်မြန်ဆန်သူ၊ လစာ-၁၅၀၀၀၀

(၅) **Phone Operator မ(၂)ဦး(မန္တလေးသီးသန့်)**
Marketing အတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိသူ၊ ကွန်ပျူတာ၊ Microsoft Excel ကျွမ်းကျင်စွာအသုံးပြုနိုင်သူ၊ မိုဘိုင်းဖုန်း(သို့)ကွန်ပျူတာအရောင်းလုပ်ငန်းအတွေ့အကြုံရှိသူ ဘွဲ့ရပြီးသူ၊ လစာ-၁၃၀၀၀၀

(၆) **Hardware Service Techanician ကျား/မ(၄)ဦး (ရန်ကုန်သီးသန့်)**
မိုဘိုင်းဖုန်း Hardware Service လုပ်ငန်းအတွေ့အကြုံအနည်းဆုံး(၁)နှစ်ရှိသူ၊ Electronic Basic အခြေခံကောင်းသူ၊ လက်ရာသပ်ရပ်ကောင်းမွန်သူ၊ အခြေခံလစာ+%

(၇) **အရောင်း မ(၃)ဦး (ရန်ကုန်သီးသန့်)**
အထက်တန်းအောင်မြင်ပြီးသူ မိုဘိုင်းဖုန်း(သို့) ကွန်ပျူတာအရောင်းလုပ်ငန်း အတွေ့အကြုံရှိသူ။ လစာ-၉၀၀၀၀

(၈) **ပစ္စည်းပို့ ကျား(၂)ဦး(ရန်ကုန်သီးသန့်)**
အထက်တန်းအောင်မြင်ပြီး၊ စာရိတ္တကောင်းမွန်သူ၊ အပင်ပန်းခံနိုင်သူ၊ လစာ-၉၀၀၀၀+ခေါက်စား

(ဝန်ထမ်းအားလုံးအတွက် နေ့လယ်စာငြိမ်း၊ ရက်မှန်ကြေး၊ အချိန်မှန်ကြေး၊ Over Time ကြေးနှင့် နှစ်ကုန် Bonus ခံစားခွင့်ရှိသည်။) (အစိုးရရုံးပိတ်ရက်အားလုံး အလုပ်နားရမည်) CV ဖောင်၊ ဓာတ်ပုံ၁ပုံ၊ မှတ်ပုံတင်+သန်းခေါင်စာရင်းမိတ္တူ၊ ရပ်ကွက်၊ ရဲစခန်းထောက်ခံစာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၀ရက်အတွင်း လူကိုယ်တိုင်လာရောက်လျှောက်ထားပါရန်။

လိပ်စာ

ရန်ကုန်-တိုက် ၈၊ အခန်း ၆၊ ပထမထပ်၊ နှင်းဆီလမ်း၊ယုဇနပလာဇာဘေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်။

(ယုဇနပလာဇာမှတ်တိုင်တွင်ဆင်းရန်)။ ကိုနေမျိုး ဖုန်း-၀၉-၄၄၄၀၀၉၁၉

မန္တလေး-၈၄ လမ်း၊ ၃၃နှင့် ၃၄ လမ်းကြား၊ ကိုဇော် ဖုန်း-၀၉-၄၃၁၁၁၆၇၈

ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း

AGTI Society Vocational Training Centre မှဖွင့်လှစ်မည့်

Surveying Course(1/15)အတွက်

လျှောက်လွှာခေါ်ယူခြင်း

၁။	**သင်တန်းနေရာ**	-	ယခင်အင်းစိန် ဂျီတီအိုင်ကျောင်းဝင်းရှိ AGTI Society VTC
၂။	**စတင်ဖွင့်လှစ်မည့်နေ့ရက်**	-	၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်(တနင်္ဂနွေနေ့)
၃။	**လျှောက်လွှာပိတ်ရက်**	-	၅-၂-၂၀၁၅ ရက်(ကြာသပတေးနေ့)ညနေ၃း၀၀နာရီ
၄။	**သင်တန်းကာလ**	-	(၂)လ၊ (စနေ၊ တနင်္ဂနွေနေ့များသာ)
၅။	**သင်တန်းချိန်**	-	တစ်ရက်လျှင် ၃ နာရီ (၁၃း၀၀ နာရီမှ ၁၆း၀၀နာရီထိ)
၆။	**သင်တန်းဝင်အရည်အချင်း**	-	အနိမ့်ဆုံးပညာအရည်အချင်း AGTI(Civil/Mining)
၇။	**သင်တန်းကြေး**	-	ကျပ် ၁၀၀၀၀၀ိ/(ကျပ်တစ်သိန်း)

(သင်တန်းသားဦးရေ-၂၀ သာ လက်ခံသင်ကြားမည်)

လျှောက်ထားမည့်သူသည် အသင်းတွင်ရှိသော လျှောက်လွှာပုံစံကို ဖြည့်စွက်၍ အေဂျီတီအိုင် (မြို့ပြ/ဓာတ်သတ္တု)အောင်လက်မှတ်မိတ္တူ၊ ဓာတ်ပုံသုံးပုံ၊ မှတ်ပုံတင်မိတ္တူတစ်စောင်ပူးတွဲ၍ လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက ဂျီတီအိုင်ကျောင်းသားဟောင်းများအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း(တတိယထပ်)၊ လှိုင်တက္ကသိုလ်နယ်မြေဝင်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၁၉၈၆၃၊ ၀၁-၆၄၃၆၆၃၊ ၀၉-၈၆၂၆၈၈၅၊ ၀၉-၇၃၂၃၈၄၄၀ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ယာဉ်မောင်းအလိုရှိသည်

အသက်(၄၀)အထက်၊ ယာဉ်မောင်းသက်တမ်းအနည်းဆုံး(၅)နှစ်ရှိပြီး လိုင်စင်(ဃ) သို့မဟုတ်(င)ကိုင်ဆောင်ထားသူဖြစ်ရမည်။

မော်ဒယ်မြင့်အိမ်စီးကားများမောင်းနှင်နိုင်ပြီး ရန်ကုန်မြို့တွင်း ကျွမ်းကျင်စွာ သွားလာနိုင်ရမည်။

ဖုန်း-၀၉-၂၅၉၁၂၀၄၉၂၊ ၀၉-၃၃၀၄၃၁၃၁၊ ၀၉-၄၀၀၄၃၂၅၈၉

Hi! Telecom: Engineering Co.,Ltd.

ဝန်ထမ်းအမြန်အလိုရှိသည်

1. M&E Project Manager	1P (Male) B.E (EP/EC)	Exp (3)years
2. Marketing Executive	5P (Femal)EP/EC (BE, BTech, AGTI)	Exp (2)years
3. Wiring ကျွမ်းကျင်	5P (Male) ဘွဲ့ရ	Exp (2)years
4. Driver	3P (Male) လိုင်စင် အနီ/အနက်	Exp (2)years
5. ရုံးသန့်ရှင်းရေးဝန်ထမ်း	2P (Female)	

ဆက်သွယ်ရန်- အမှတ်-48/D၊ မြေညီထပ်၊ ရတနာသုခလမ်း၊ ဆ/က ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ (BOC/ ဘုရားလမ်းမှတ်တိုင်ဆင်းပါ)။

Ph: 01-566718 ~ 720, 09-73199266 hi. marketinggroup@gmail.com

အများသိစေရန်ကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၁/အနော်မာ၊ မြေကွက်အမှတ်၁၆၅၂/ခ၊ မြေကွက်တည်နေရာ ၁၆၅၂/ခ၊ ၂လမ်း၊ ၁ အနော်မာရပ်ကွက်၊ သာကေတမြို့နယ် ဦးအုန်းခင် အမည်ပေါက် နှစ်၆၀ ဂရန်မြေကို အမည်ပေါက် ဦးအုန်းခင် ကွယ်လွန်သဖြင့် ပိုင်ဆိုင်စာချုပ်(၅၁၇၅/၂၀၁၄) ၁-၉-၂၀၁၄ဖြင့် ပိုင်သူ ဒေါ်ကျင်ပိုက် ၁၂/သကတ(နိုင်) ၁၁၀၆၄၇ထံမှ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် (၈၀၉၉/၂၀၁၄)ရသူ ဦးမိုဟာမက်ပါဖူလာခန်း၁၂/သကတ(ပြု)၀၀၁၁၃၄မှ (ဂရန်)မူရင်းပျောက်ဆုံးကြောင်းတင်ပြ၍ ဂရန်မိတ္တူ လျှောက်ထားလာခြင်းအား ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် ဂရန်မိတ္တူထုတ်ပေးပြီးဖြစ်၍ မူလဂရန်ထုတ်ပေးထားသည့်မြေငှားစာချုပ်အမှတ်သာကေတ/၁(နော်)၊၁၅၈၄/၉၃(၁၃-၁၂-၉၃)အမည်ပေါက်နှင့် နှစ်၆၀ မြေငှားစာချုပ် (ဂရန်)မူရင်းစာအုပ်အား မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

မိုဘိုင်းဖုန်းဖြင့် အသုံးပြုနိုင်သည့် AYA mBanking စနစ် စတင်အသုံးပြုမည်

သတင်း-ဝေယံဦး
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် ဇန်နဝါရီ ၁၈

မြန်မာနိုင်ငံတွင် ငွေကြေးလည်ပတ်မှု အဆင်ပြေချောမွေ့စေရန်အတွက် ဘဏ်ဝန်ဆောင်မှုများ တိုးမြှင့်ဆောင်ရွက်လျက်ရှိရာ မိုဘိုင်းဖုန်းဖြင့် ဘဏ်ဝန်ဆောင်မှုလုပ်ငန်းကို ဧရာဝတီဘဏ်က AYA mBanking စနစ်ကို စတင်အသုံးပြုတော့မည်ဖြစ်ကြောင်း ရန်ကုန်မြို့ မဟာဗန္ဓုလလမ်းရှိ အဆိုပါရုံးချုပ်၌ ဇန်နဝါရီ ၁၆ ရက် မွန်းလွဲ ၂ နာရီက ကျင်းပသည့် မီဒီယာရှင်းလင်းပွဲ၌ တာဝန်ရှိသူများက ပြောကြားသည်။

"ကျွန်တော်တို့ ဘဏ်အနေနဲ့ customer တွေကို ပိုမိုကောင်းမွန်တဲ့ဝန်ဆောင်မှုမျိုးပေးနိုင်ဖို့ အမြဲကြိုးစားနေပြီး အခုမိုဘိုင်းဖုန်းနဲ့ ဘဏ်ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးတော့မှာ ဖြစ်ပါတယ်။ AYA mBanking စနစ်ကို အသုံးပြုပြီး ငွေကြေးလွှဲပြောင်းခြင်း၊ ငွေစာရင်းတင်ခြင်း၊ ဖုန်းကတ်ငွေဖြည့်ခြင်းစတဲ့ ဘဏ်ဝန်ဆောင်မှုလုပ်ငန်းတွေ ဆောင်ရွက်ပေးမှာဖြစ်ပါတယ်"ဟု ဧရာဝတီဘဏ်၏ အုပ်ချုပ်မှု ဒါရိုက်တာ ဦးဖြိုးအောင်က ပြောသည်။

နေရာမရွေး၊ အချိန်မရွေး ၂၄ နာရီပတ်လုံး ငွေကြေးဝန်ဆောင်မှုပေးနိုင်သည့် မိုဘိုင်းဘဏ်ငွေစနစ်သည် အသုံးပြုသူများအတွက် အချိန်ကုန်သက်သာပြီး ငွေကြေးဝန်ဆောင်မှုများကို သက်ဆိုင်ရာဘဏ်ခွဲများသို့ သွားရောက်စရာမလိုဘဲ မိမိနေထိုင်ရာအရပ်မှပင် ဆောင်ရွက်နိုင်တော့မည်ဖြစ်သည်။

မိုဘိုင်းဖုန်းသည် လူတိုင်းနီးပါးအသုံးပြုနေကြပြီဖြစ်သည့် ယနေ့အချိန်တွင် မိမိတို့မြို့ရွာများ၌ပင် မိုဘိုင်းဖုန်းနှင့် အင်တာနက်ချိတ်ဆက်ထားခြင်းမရှိသော်လည်း မိမိမိုဘိုင်းဖုန်းတွင် SMS ပေးပို့ကာ ငွေကြေးလွှဲပြောင်းရယူမှုများ ပြုလုပ်နိုင်သည်အထိ ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မိုဘိုင်းဖုန်းဖြင့် ငွေကြေးလွှဲပြောင်းရယူရာတွင် အနိမ့်ဆုံးငွေကြေးပမာဏ မသတ်မှတ်ထားသော်လည်း အမြင့်ဆုံးငွေကြေးမှာ ငွေကျပ် ၁၀ သိန်းဖြစ်ပြီး ယင်းမှာ ဗဟိုဘဏ်က သတ်မှတ်ထားခြင်းဖြစ်သည်။ ဧရာဝတီဘဏ်သည် ယခုကဲ့သို့ မိုဘိုင်းနှင့် SMS Banking စနစ်များ အသုံးပြုခြင်းဖြင့် မြန်မာနိုင်ငံ၏ ငွေကြေးစီးဆင်းမှုများကို ပိုမိုလျင်မြန်ချောမွေ့လုံခြုံစွာ ဆောင်ရွက်ပေးနိုင်တော့မည်ဖြစ်သည်။

ပြည်တွင်းသတင်းနှင့် ကြော်ငြာ

ဇေယျာသီရိ၌ တောင်သူများအားပံ့ပိုးပစ္စည်းများပေးအပ်

နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံး၌ကျင်းပသော ၂၀၁၄-၂၀၁၅ ခုနှစ် နွေစပါးပုလဲသွယ်သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်ဖြင့် စိုက်ပျိုးသောတောင်သူများအား ပံ့ပိုးပစ္စည်းများ ပေးအပ်ပွဲအခမ်းအနားကို ဇန်နဝါရီ ၁၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် Mapco ကုမ္ပဏီမှ တာဝန်ခံဦးစိုးမြင့်နှင့် ကုမ္ပဏီဝန်ထမ်းများ နေပြည်တော်စိုက်ပျိုးရေး ဒုတိယတိုင်းဦးစီးမှူး ဦးဝင်းဦးနှင့်အဖွဲ့ တက်ရောက်ခဲ့ပြီး စိုက်ပျိုးတောင်သူ ၃၉ ဦးတို့ကို တိုင်းစိုက်ပျိုးရေး ဒုတိယဦးစီးမှူးနှင့် တာဝန်ရှိသူများက တောင်သူများအား ပံ့ပိုးရေးပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကိုကို(ပျဉ်းမနား)**

ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားကျင်းပ

ပြည်မြို့ အမှတ်(၃)အခြေခံပညာ အလယ်တန်းကျောင်း ၂၀၁၄-၂၀၁၅ ပညာသင်နှစ် ပညာရေးစုံညီပွဲတော်နှင့် ဆုပေးပွဲအခမ်းအနားကို ဇန်နဝါရီ ၁၆ ရက် နံနက် ၉ နာရီက လူငယ်အားမာန်ခန်းမ၌ ကျင်းပရာ မိဘဆရာအသင်းနာယကများ၊ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းသီချင်းကိုသီဆို၍ အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သန်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ ကျောင်းအုပ်ဆရာမကြီးက ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြို့နယ်အဆင့် သချ်ာထူးချွန် ပထမဆုရရှိသော သတ္တမတန်းမှ မောင်ဝဏ္ဏအောင်ကို ဆုပေးအပ်ပြီး ကျောင်းသား ကျောင်းသူများက အဆိုအကများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။ **မောင်ရွှေဝင်း(ပြည်)**

ဓာတ်အားလိုင်းများ ကြံ့ခိုင်ရေးဆောင်ရွက်

ရွှေဘို ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် ဓာတ်အားလိုင်းများ ကြံ့ခိုင်ကောင်းမွန်စေရန်နှင့် လျှပ်စစ်အန္တရာယ် ကင်းရှင်းစေရေးအတွက် ပြုလုပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့ပေါ် အမှတ်(၆) ရပ်ကွက် (၁၁/၀.၄) ကေဗွီဓာတ်အားလိုင်းမှ သံတိုင် သစ်သားလက်တန်းများ ကွန်ကရစ်တိုင် သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းများကို မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးတင့်လွင်ဦးက ကြီးကြပ်၍ လျှပ်စစ်ကျွမ်းကျင်ဝန်ထမ်းများဖြင့် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခိုင်မင်းကျော်**

တပ်ကုန်းမြို့နှင့် အနီးဝန်းကျင်ကျေးရွာများ ရွာချင်းဆက်လမ်းဖောက်လုပ်

တပ်ကုန်း ဇန်နဝါရီ ၁၈

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ကျီးအင်း၊ သာယာအေး၊ လွှပုံကျေးရွာလေးများသည် မြို့နှင့်အလှမ်းဝေးကွာလှသည်။ သို့သော် ယခုအခါ ယင်းကျေးရွာများတွင် ကျေးရွာချင်းဆက်လမ်းများ ဖောက်လုပ်ပေးနေသောကြောင့် ကျေးလက်နေပြည်သူများ တပ်ကုန်းနှင့် အနီးဝန်းကျင်မြို့များသို့ မော်တော်ဆိုင်ကယ်၊ မော်တော်ကားများဖြင့် နေ့ချင်းပြန်ခရီးကို အဆင်ပြေစွာဖြင့် ဆက်သွယ်သွားလာနိုင်တော့မည်ဖြစ်သည်။

ယင်းနောက် အရှည် ၇ မိုင်၊ အကျယ် ၁၂ ပေရှိ ကျီးအင်း-သာယာအေး-လွှပုံ ကျေးရွာချင်းဆက်လမ်း မြေသားလမ်းများအား စက်ယန္တရားကြီးဖြင့် ဖောက်လုပ်လျက်ရှိသည်။

"အဲဒီ ကျေးရွာလေးတွေက တပ်ကုန်းမြို့ အနောက်ဘက်ဝေးလံတဲ့ နေရာတွေမှာ ရှိနေကြတာဖြစ်ပါတယ်။ ဝေးလံတဲ့နေရာတွေ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် လမ်းပန်းဆက်သွယ်ရေးကောင်းဖို့က အဓိကအခြေခံအကျဆုံးဖြစ်တဲ့အတွက် အခုလိုအချိန်မီ ဖောက်လုပ်ပေးနေခြင်းဖြစ်ပါတယ်။ မကြာမီမှာ ဒီကျီးအင်း၊ သာယာအေး၊ လွှပုံကျေးရွာလေးတွေက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်တာနဲ့ အရှိန်အဟုန်နဲ့ တိုးတက်လာတော့မှာ ဖြစ်ပါတယ်" ဟု မြို့နယ်အုပ်ချုပ်ရေးမှူးက ပြောသည်။

"ကျွန်တော်တို့လို ကျေးလက်တောရွာတွေက လမ်းပန်းဆက်သွယ်ရေးမကောင်းတော့ ယခင်က မြို့ပေါ်တစ်ခါရောက်ဖို့ မလွယ်ကူခဲ့ဘူး။ လှည်းတွေကိုပဲ အသုံးပြုပြီး သီးနှံသွားရောင်းရင်လည်း လှည်းတွေနဲ့ သုံးညအိပ်လောက်သွားပြီး ရောင်းချရတယ်။ အခုတော့ လမ်းတွေ တဖြည်းဖြည်းကောင်းလာပြီး သွားလာရေးတွေလည်း အဆင်ပြေလာတော့မှာဖြစ်တဲ့အတွက် အလွန်ပဲဝမ်းသာပါတယ်"ဟု ဒေသခံတစ်ဦးက ပြောသည်။

ယခုဖောက်လုပ်နေသည့် မြေသားလမ်းပြီးစီးသွားပါက လွှပုံကျေးရွာ အိမ်ခြေ ၆၇၉၊ လူဦးရေ ၂၉၁၅၊ သာယာအေးကျေးရွာ အိမ်ခြေ ၅၈၄၊ လူဦးရေ ၂၄၈၃၊ ကျီးအင်းကျေးရွာ အိမ်ခြေ ၆၆၆၊ လူဦးရေ ၂၅၀၅ စုစုပေါင်းလူဦးရေ ၈၀၀၀ ခန့်ကို အကျိုးပြုမည်ဖြစ်ပြီး၊ အဆိုပါကျေးရွာများမှ ဒေသခံပြည်သူများ အနေဖြင့် ရာသီပေါ်ဒေသထွက်ကုန်များကို အနီးဝန်းကျင်မြို့ပေါ်များသို့ အချိန်နှင့်တစ်ပြေးညီ သွားရောက်ရောင်းချနိုင်တော့မည် ဖြစ်သည့်အတွက် ကုန်စည်စီးဆင်းမှုလည်း ပိုမိုလျင်မြန် သွက်လက်လာတော့မည်ဖြစ်သည်။ ထို့အပြင် ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးစသည့် အခက်အခဲများကိုလည်း နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

မောင်လွင်(တပ်ကုန်း)

အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
အိတ်ဖွင့်လေလံခေါ်ယူခြင်း

၁။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာနမှ အောက် ဖော်ပြပါ တိုင်းဒေသကြီးအလိုက် တာယာအဟောင်း၊ ဘက်ထရီအဟောင်းများအား အိတ်ဖွင့် လေလံစနစ်ဖြင့် ရောင်းချခြင်းကို မြန်မာကျပ်ငွေဖြင့် ရောင်းချလိုပါသည်-

စဉ်	တာယာဆိုဒ်စုံ	ဘက်ထရီဆိုဒ်စုံ	လေလံတင်ရောင်းချမည့်ဒေသ
(က)	၅၄၇လုံး	၁၉၆လုံး	ရုံးချုပ်(နေပြည်တော်ကောင်စီနယ်မြေ)
(ခ)	၁၄၇၀လုံး	၃၇၉လုံး	ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး
(ဂ)	၁၂၂လုံး	၅၆လုံး	မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** -၂၁-၁-၂၀၁၅ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် -၁၁-၂-၂၀၁၅ရက်၊ မွန်းလွဲ ၁၃း၀၀နာရီ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်ဝယ်ယူစုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
စက်မှုသီးနှံဖွံ့ဖြိုးရေးဦးစီးဌာန
ရုံးချုပ်(နေပြည်တော်) ဖုန်း-၀၆၇-၄၃၁၁၂၀၊ ၀၆၇-၄၃၁၁၀၄
ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း-၀၁-၆၆၁၀၀၃၊ ၀၁-၆၆၅၁၃၈
မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး ဖုန်း-၀၂-၇၈၆၅၁၊ ၀၂-၇၈၆၆၀

တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂၅)အကြီးစားစက်ရုံ(မြိုင်)အတွက် စက်ပစ္စည်း Accessories များနှင့် ပံ့ပိုးစက်ကိရိယာ တန်ဆာပလာများ လဲလှယ်တပ်ဆင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ၁၉-၁-၂၀၁၅ ရက်မှ ၃၀-၁-၂၀၁၅ ရက်အတွင်း အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်-

အမှတ်(၂၅)၊ အကြီးစားစက်ရုံ(မြိုင်)
မြိုင်မြို့နယ်၊ ပခုက္ကူခရိုင်၊ မကွေးတိုင်းဒေသကြီး
ဖုန်း-၀၉-၆၅၀၈၂၂၁၊ ၀၆၇-၈၄၃၀၀၁၀

မော်တော်ယာဉ်တစ်စီးအား အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချရန်ကြော်ငြာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်၊ သမဝါယမအသင်းစုပိုင် မော်တော်ယာဉ်တစ်စီးအား မျက်မြင်အခြေအနေအတိုင်း အောက်ဖော်ပြပါနေ့ရက်တွင် အိတ်ဖွင့်လေလံစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **ရောင်းချမည့်မော်တော်ယာဉ်** - ယာဉ်အမှတ် ည/၅၉၅
၂။ **ယာဉ်အမျိုးအစား** - ဟီးနိုးတီအီး (၁၁)ကုန်တင်ယာဉ်
၃။ **ရောင်းချမည့်ရက်** - ၂၉-၁-၂၀၁၅ ရက်
၄။ **ရောင်းချမည့်အချိန်** - မွန်းတည့် ၁၂ နာရီ
၅။ **ရောင်းချမည့်နေရာ** - ဘာဘူဝင်း၊ ဖက်တန်းရပ်၊ မြို့နယ်သမဝါယမအသင်းစု၊ မော်လမြိုင်မြို့

အသေးစိတ်အချက်အလက်များ သိရှိလိုပါက မော်လမြိုင်မြို့နယ် သမဝါယမအသင်းစုရုံးသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
မော်လမြိုင်မြို့နယ်သမဝါယမအသင်းစု
ဖုန်း-၀၅၇-၂၁၄၄၈၊ ၀၉-၂၅၅၇၂၂၀၈၄

ကန့်ကွက်နိုင်ပါကြောင်း

မြောက်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ်၉၂၁/၂၊ မြေကွက်တည်နေရာအမှတ် ၉၂၁/၂၊ ဣန္ဒြာ၁၀လမ်း၊ (ဦးစိန် စီအီး-၁၁၁၂၈၄) အမည်ပေါက် နှစ်၆၀ဂရန်မြေအား အမည်ပေါက် ဖခင်ဦးစိန်၊ မိခင် ဒေါ်ပြုံး ကွယ်လွန်သဖြင့် ဒေါ်ဌေးဌေးဝင်း ၁၂/ဥကမ(နိုင်)၀၆၅၅၇၄၊ ဒေါ်ခင်ဝင်းရီ ၁၂/ဥကမ(နိုင်)၁၂၃၃၂၃၊ ဒေါ်စိုးစိုးမြင့် ၁၂/ဥကမ(နိုင်) ၁၄၀၂၀၇၊ ဦးသန်းထွန်း ၁၂/ဥကမ(နိုင်)၁၃၁၂၉၈၊ ဒေါ်ကြူကြူဝေ ၁၂/ဥကမ(နိုင်)၁၄၀၃၃၅၊ ဦးအောင်ထွန်းလှိုင် ၁၂/ဥကမ(နိုင်)၁၃၂၈၂၅တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်းတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါကဌာနမှလုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ စီမံကိန်း -၂၊ မြေကွက်အမှတ် ၃၂၈၊ မြေကွက်တည်နေရာအမှတ် ၃၂၈၊ (၁၄)ရပ်ကွက်၊ စီမံကိန်း -၂၊ ဦးညွန့်တင် အမည်ပေါက် နှစ် ၆၀ဂရန်မြေအား အမည်ပေါက် ဦးညွန့်တင် ကွယ်လွန်သဖြင့် ဒေါ်နန်းခမ်းမူ၁၂/သဃက(နိုင်)၀၅၃၂၉၆က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာ သေစာရင်းတင်ပြ၍ အမွေ ဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၈၀န၊ မြေကွက်အမှတ် ၃၁၂၊ မြေကွက်တည်နေရာအမှတ် ၄၄၊ သီရိဇေယာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ မသိန်း အမည်ပေါက်ပါမစ်မြေအား အမည်ပေါက် မသိန်းထံမှ အရပ်ကတိအရောင်းအဝယ် စာချုပ်ဖြင့် ဝယ်ယူထားသူ အင်တိတ်လီ(ခ)ဦးတင်ခိုင် ၁၂/သဃက(နိုင်) ၀၀၀၀၂၃၊ အင်တိတ်အင်(ခ) ဦးအေးထွန်း၁၂/သဃက(နိုင်)၀၀၀၀၂၂၊ အင်ရှုတီ(ခ)ဒေါ်မြမြစန်း ၁၂/သဃက(နိုင်)၀၀၀၀၂၁တို့က ပါမစ်ပျောက်ဆုံးကြောင်း၊ ရပ်ကွက်/ရဲစခန်းထောက်ခံစာ၊ ကိုယ်တိုင်ဝန်ခံချက်၊ တရားရုံးကျမ်းကျိန်လွှာတို့တင်ပြ၍ ပါမစ်ပျောက် ဖြင့် ဂရန်သစ်လျှောက်ထားလာရော ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။
မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ဘုရင့်နောင်ပွဲရုံဝင်း လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စများ ဆွေးနွေး

ရန်ကုန် ဇန်နဝါရီ ၁၈

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ ဇန်နဝါရီ ၁၅ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

တွေ့ဆုံပွဲတွင် တိုင်းဒေသကြီးဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက ရန်ကုန်မြို့တော်အတွင်း ကြုံတွေ့နေရသော ယာဉ်ကြောပိတ်ဆို့မှုများ၊ မော်တော်ယာဉ်တင်သွင်းမှုကန့်သတ်ချက်၊ မူးယစ်ဆေးဝါးသယ်ဆောင်မှုတွင် ကုန်ကားဂိတ်များ ဆက်စပ်နေမှုစသည့်အကြောင်းများကို ရှင်းလင်းပြောကြားပြီး ပွဲရုံဝင်းအတွင်း ယာဉ်မောင်းသူများ ယာဉ်စည်းကမ်းလိုက်နာရေး၊ ခင်းကျင်းရောင်းချနေသောဈေးဆိုင်များ စည်းကမ်းတကျရှိရေး၊ ပွဲရုံဝင်းလုံခြုံရေးနှင့် စည်းကမ်းလိုက်နာရေးအတွက် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် NGO အဖွဲ့များ ပူးပေါင်းဆောင်ရွက်ကြရေးတို့ကို ပြောကြားခဲ့သည်။

ထို့နောက် အမှတ်(၂) လုံခြုံရေးကွပ်ကဲမှုအဖွဲ့ ကွပ်ကဲရေးမှူး ရဲချုပ်မြဝင်းက ဘုရင့်နောင်ပွဲရုံဝင်းအတွင်း လုံခြုံရေးဆိုင်ရာကိစ္စရပ်များကို ဌာနဆိုင်ရာများနှင့် NGO အဖွဲ့များ ပူးပေါင်းအင်အားဖြင့် ဆောင်ရွက်နေမှုတို့ကို ဆွေးနွေးသည်။

ထို့နောက် ပွဲရုံဝင်းတာဝန်ရှိသူတစ်ဦးက အိမ်ရာစခန်းသုံးခုအပါအဝင် စုစုပေါင်းအကျယ်အဝန်းဧက ၁၀၀ ခန့်ရှိသော ပွဲရုံဝင်းအတွင်း လက်ရှိဆောင်ရွက်နေသော ယင်းမာနှင့် ရိုးကြီးချောင်းလမ်းမကြီးများ အကျယ်ချဲ့ခင်းခြင်း၊ ရေနုတ်မြောင်းသစ်များဖောက်လုပ်ခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် မြေထိန်းနံရံတည်ဆောက်ခြင်း၊ ကံ့ကော်လမ်းမကြီး နိုင်လွန်ကတ္တရာခင်းခြင်း၊ လမ်းသွယ်များကွန်ကရစ်ခင်းခြင်းစသည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ဘုရင့်နောင်ပွဲရုံနှင့် ကုန်တင်ယာဉ်ရပ်နားစခန်းဝင်းအတွင်း မူးယစ်ဆေး၊ မီးဘေးအန္တရာယ်နှင့် လုံခြုံရေးကိစ္စများနှင့် ပတ်သက်၍ ပညာပေးဟောပြောပွဲများကို လုပ်ငန်းရှင်များနှင့် ဌာနဆိုင်ရာများက ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခင်ဆိုင်

ဘိုကာရှီသဘာဝမြေဩဇာပြုလုပ်သုံးစွဲနည်း လက်တွေ့သရုပ်ပြ

မုံရွာ ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး အစီအစဉ်ဖြင့် သဘာဝပိုးမွှားကာကွယ်ဆေးနှင့် သဘာဝမြေ ဩဇာပြုလုပ်သုံးစွဲခြင်းများကို မုံရွာမြို့နယ် ဇလုပ်ကျေးရွာ၌ ဇန်နဝါရီ ၁၅ ရက်က လက်တွေ့ကွင်းဆင်းသရုပ်ပြခဲ့သည်။

သဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အမာကြည်က ဘိုကာရှီသဘာဝမြေဩဇာ ပြုလုပ်သုံးစွဲနည်းစနစ်များကို လက်တွေ့ပြသပြီး တောင်သူများ သိလိုသည်များကို ပြန်လည်ရှင်းလင်းဖြေကြားသည်။

သဘာဝမြေဩဇာပြုလုပ်နည်း လက်တွေ့သရုပ်ပြပွဲသို့ စိုက်ပျိုးရေးဝန်ထမ်းများ၊ဇလုပ်ကျေးရွာမှ တောင်သူများနှင့် သင်တန်းသူ သင်တန်းသားများ လာရောက်လေ့လာကြည့်ရှုခဲ့သည်။

မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနသည် ဘိုကာရှီမြေဩဇာပြုလုပ်သုံးစွဲနည်းသင်တန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်းနှင့် သင်တန်းများကို ဆက်လက်၍ဖွင့်လှစ်သွားရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

တာချီလိတ်မြို့နယ် မီးသတ်ဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော အခြေခံမီးသတ်ပညာသင်တန်း(၁/ ၂၀၀၅)တွင် တာချီလိတ်မြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာများမှ သင်တန်းသား ၂၀၀ အား ခေတ်မီမီးငြိမ်းသတ်ကိရိယာများဖြင့် မီးငြိမ်းသတ်မှုကို မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိဦးအောင်ကျော်နိုင်နှင့် ဝန်ထမ်းများ ဒီဇင်ဘာ ၁၆ ရက်က သရုပ်ပြလေ့ကျင့်စဉ်။

မောင်ယဉ်ကျေး

ခင်ဦးမြို့၌ မိုးပွင့်(အထူး)စီမံချက် လုပ်ငန်းဆိုင်ရာ ရှင်းလင်းပွဲကျင်းပ

ခင်ဦး ဇန်နဝါရီ ၁၈

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ခင်ဦးမြို့နယ်အတွင်း ဆောင်ရွက်မည့် မိုးပွင့်(အထူး)စီမံချက်နှင့် ပတ်သက်၍ လုပ်ငန်းရှင်းလင်းပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၅ ရက်က ကျင်းပသည်။

ရှင်းလင်းပွဲတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှူး ဦးစောဦးက မိုးပွင့်(အထူး)စီမံချက် လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် အိမ်ထောင်စု လူဦးရေစာရင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနရုံးများတွင် ကိုယ်တိုင်လျှောက်ထားရမည်ဖြစ်သော်လည်း တိုင်းရင်းသားပြည်သူများ အချိန်၊ ငွေကြေးသက်သာလွယ်ကူ လျင်မြန်စေရန်အတွက် One Stop Service ဖြင့် လိုအပ်ချက်များ ဖြေလျှော့ပေးသော နည်းလမ်းကို အသုံးပြုကာ မိုးပွင့်စီမံချက်များ နိုင်ငံတစ်ဝန်း ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်းနှင့် မိုးပွင့်(အထူး)စီမံချက်အဖြစ် ဇန်နဝါရီလမှ ဇွန်လအထိ ခြောက်လကြာ ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းသိရသည်။

ခင်ဦးစိုးဝေ

မြစိမ်းရောင်ကျေးရွာစီမံကိန်းဆောင်ရွက်မှု ကွင်းဆင်းကြည့်ရှု

ဖလမ်း ဇန်နဝါရီ ၁၈

ချင်းပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ဖလမ်းမြို့နယ် ရမ်ထလိုကျေးရွာ မြစိမ်းရောင်ကျေးရွာစီမံကိန်း၏ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၃၀၀ ထုတ်ချေးထားမှု အခြေအနေ၊ စာရင်းဇယားများထိန်းသိမ်းထားရှိမှုအခြေအနေ၊ မြစိမ်းရောင်ချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသက်မွေးဝမ်းကျောင်းအထောက်အကူပြုလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ပြည်နယ်ဦးစီးမှူး ဦးဌေးဝင်းနှင့်အဖွဲ့ ဇန်နဝါရီ ၁၄ ရက်က ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

နေစု(ချင်းရိုးမ)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အလုပ်သမား၊ အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန
လူမှုဖူလုံရေးရုံးချုပ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လူမှုဖူလုံရေးရုံးချုပ်မှ အောက်ဖော်ပြပါ ပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး (DPP ရန်ကုန်၊ အလုံစတို) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။
(က) ရုံးသုံးစာရေးကိရိယာများ
(ခ) ရုံးသုံးပုံစံများ (ပုံနှိပ်ရန်)
(ဂ) မော်တော်ယာဉ်သုံးအပိုပစ္စည်းများ (တာယာ၊ ကျွတ်၊ ဘက်ထရီ၊ အင်ဂျင်ဝိုင်၊ ဘရိတ်ဆီ)
(ဃ) ရုံးသုံးစက်ကိရိယာများ (e-Government လုပ်ငန်းသုံးပစ္စည်းများ)
၂။ **တင်ဒါပုံစံဝယ်ယူရမည့်ရက်** - ၂၆-၁-၂၀၁၅ရက်မှ ၃၀-၁-၂၀၁၅ရက်အထိ(ရုံးချိန်အတွင်း)
တင်ဒါတင်သွင်းရမည့်ရက် - ၁၆-၂-၂၀၁၅ ရက်၊ ၉း၃၀နာရီမှ ၁၆း၀၀နာရီအတွင်း တင်ဒါအဖွဲ့ဝင်များရှေ့တွင် လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။
တင်ဒါဖွင့်မည့်ရက် - ၂၀-၂-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ
၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၃၀၃၇၀၊ ၀၆၇-၄၃၀၃၇၁ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
လူမှုဖူလုံရေးအဖွဲ့
ရုံးအမှတ်(၅၁)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၃၀၃၇၀

ကန့်ကွက်နိုင်ပါကြောင်း

ပုသိမ်မြို့၊ အမှတ်(၅)ရပ်ကွက်၊ အကွက်အမှတ် (၇၇)၊ အကွက်အမည် ဘူတာရုံအကွက်၊ ဦးပိုင်အမှတ် (၃-က)၊ မူလ မစ္စတာဘရင်ဒါတ် အမည်ပေါက် (ဂရန်မြေ)အမျိုးအစား ဧရိယာ ၀ဒသမ၂၁၈ ဧကအတွင်းမှ ၀ ဒသမ၀၃၇ဧကကို ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနပိုင်မြေအဖြစ် မြေငှားဂရန်လျှောက်ထားမှုနှင့် ပတ်သက်၍ ကြော်ငြာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
ပုသိမ်မြို့နယ်

ဘဏ္ဍာရေးဝန်ကြီးဌာန
မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် ပြုပြင်သုံးစွဲမရ၍ စာရင်းမှပယ်ဖျက်တော့မည့် ရုံးသုံးပစ္စည်း (၂၁)မျိုးကို မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချမည်ဖြစ်ပါသည်။
၂။ ရောင်းချမည့်ပစ္စည်းမျိုးစုံ၏ အချက်အလက်များအား တင်ဒါလျှောက်လွှာ စည်းကမ်းချက်ပုံစံတွင် ဖော်ပြထားပါသည်။ ဝယ်ယူလိုသူ နိုင်ငံသားများအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၃။ တင်ဒါလျှောက်လွှာနှင့် စည်းကမ်းချက်ပုံစံများ ရောင်းချမည့်အစီအစဉ်-
(က) **နေ့ရက်** - ၁၉-၁-၂၀၁၅ရက်မှ ၃၀-၁-၂၀၁၅ရက်အထိ
(ခ) **အချိန်** - နေ့စဉ်ရုံးဖွင့်ရက်များတွင် နံနက် ၉း၃၀နာရီမှ ၁၅း၀၀နာရီအထိ
(ဂ) **နေရာ** - အမှတ် ၈၀/၈၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ် စီမံရေးရာဌာန
(ဃ) **တင်ဒါတစ်စောင်ဈေးနှုန်း** - ၅၀၀၀ိ/-(ကျပ်ငါးထောင်တိတိ)
၄။ **ရောင်းချမည့်ပစ္စည်းများ၏ မျက်မြင်အခြေအနေအား ကြည့်ရှုရမည့်နေရာ** - အမှတ်၈၀/၈၆၊ ကျောက်တံတားမြို့နယ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်၊ ပင်ပဆောင် မြေညီထပ်။
၅။ **အိတ်ဖွင့်တင်ဒါ တင်သွင်းရမည့်နေရာ** - မြေညီထပ်၊ အမှတ် ၈၀/၈၆၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်
၆။ **အိတ်ဖွင့်တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်နှင့်အချိန်** - ၃၀-၁-၂၀၁၅ရက်၊ ၁၅း၀၀နာရီ
၇။ **အိတ်ဖွင့်တင်ဒါ ဖွင့်မည့်ရက်နှင့်အချိန်** - ၃၁-၁-၂၀၁၅ရက်၊ နံနက် ၁၀း၀၀နာရီ
၈။ အသေးစိတ်သိရှိလိုပါက စီမံရေးရာဌာန၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်တွင် ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ်(၆၀၃၆)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးခင်လတ်အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်အေးအေးနု (အထူးကိုယ်စားလှယ်လွှဲစာရရှိသူ)၁၂/ဒပန(နိုင်)၀၄၅၀၄၁ (ဘ)ဦးပေါစံ မှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

နေပြည်တော် ပုဗ္ဗသီရိမြို့နယ်၊ အောင်သာယာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ပေါင်းလောင်း(၂)၊ မြေကွက်/ဦးပိုင်အမှတ်(၆၀၃၇)၊ ဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ ဦးစိုးတင့် အမည်ပေါက် အငှားဂရန်မြေကွက်အား ဒေါ်အေးအေးနု (အထူးကိုယ်စားလှယ်လွှဲစာရရှိသူ)၁၂/ဒပန(နိုင်)၀၄၅၀၄၁ (ဘ)ဦးပေါစံမှ ပိုင်ဆိုင်ကြောင်း အထောက်အထားများတင်ပြပြီး မှတ်ပုံတင်ရောင်းဝယ်စာချုပ်ချုပ်ဆိုရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်

ကျောက်တံခါး ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ဇရပ်ခင်ကျေးရွာအုပ်စု ဇရပ်ခင်အောက်တဲစုကျေးရွာ၌ မိုးပွင့်(အထူး)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဇန်နဝါရီ ၁၄ ရက်က ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မိုးပွင့်(အထူး)စီမံချက် ကွင်းဆင်းဆောင်ရွက်ရာတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေ၊ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန လက်ထောက်မြို့နယ်ဦးစီးမှူး ဦးသက်လွင်ဦးတို့က ကြီးကြပ်ဆောင်ရွက်ခဲ့ပြီး ဇရပ်ခင်အောက်တဲစုကျေးရွာမှ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသော အသက် ၁၀ နှစ်ပြည့် ၁၉ ဦးနှင့် အသက် ၁၈ နှစ်ပြည့် ၃၅ ဦးအတွက် နိုင်ငံသားစိစစ်ရေးကတ်များ လက်ဝယ်အရောက်ပြုလုပ်ပေးအပ်ခဲ့ကြောင်းနှင့် ကုန်ကျစရိတ်များကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခင်မောင်ဆွေက ကူညီပေးခဲ့ကြောင်း သိရသည်။

ခင်ကို(ကျောက်တံခါး)

လူကုန်ကူးရန်ကင်းဝေးဖို့ အားလုံးပါဝင်ကူညီစို့

သောက်သုံးရေရရှိရေး စက်ရေတွင်းတူးဖော်

နတ်တလင်း ဇန်နဝါရီ ၁၈

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် နတ်တလင်းမြို့နယ် နွယ်ခွေကျေးရွာအုပ်စုတွင် ဒေသခံပြည်သူများ သောက်သုံးရေအဆင်ပြေစေရန် ဇန်နဝါရီ ၆ ရက်မှစတင်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ရေအရင်းအမြစ် တာဝန်ခံ ဦးထွန်းထွန်းဦးနှင့် ဝန်ထမ်းများက လေးလက်မစက်ရေတွင်း တူးဖော်ရေးလုပ်ငန်းကို စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်သည်။

သောက်သုံးရေရှားပါးမှု အဆင်ပြေစေရန် သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်ကျော်ဝင်းသည် ဒေသခံပြည်သူများနှင့်တွေ့ဆုံပွဲတွင် တင်ပြတောင်းဆိုမှုနှင့်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်လွင်၏ ပံ့ပိုးကူညီမှုတို့ဖြင့် ဆောင်ရွက်ပေးခဲ့ရာ ဒေသခံပြည်သူ ဦးမင်းမင်းက "ကျွန်တော်တို့ရွာမှာ အိမ်ခြေ ၅၄ အိမ်ရှိပါတယ်။ ဒီအရပ်က နွေရာသီဆိုရင် သောက်သုံးရေ ရှားပါးလှပါတယ်။ ဘေးပတ်ဝန်းကျင်မြို့ရွာတွေက သောက်သုံးရေကို ကားနဲ့တစ်မျိုး၊ လှည်းနဲ့တစ်ဖုံ လာရောက်ပြီး ရေပေးဝေနေတာပါ၊ ရေကန်ရှိပြန်တော့လည်း အဲဒီရာသီဆိုရင် ခန်းခြောက်ကုန်ပါပြီ။ အခုလို နိုင်ငံတော်မှ ဆောင်ရွက်ပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်" ဟု ပြောကြားသည်။

တင်မြင့်(နတ်တလင်း)

ကယားပြည်နယ်နေ့ အထိမ်းအမှတ် ကာယဗလမောင်နှင့် ကန္တာရဝတီအလှမယ်ပြိုင်ပွဲ လွိုင်ကော်မြို့၌ ကျင်းပ

လွိုင်ကော် ဇန်နဝါရီ ၁၈

၂၀၁၅ ခုနှစ် (၆၃) နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် ကာယဗလမောင်နှင့် ကန္တာရဝတီအလှမယ်ပြိုင်ပွဲကို ဇန်နဝါရီ ၁၆ ရက် မွန်းတည့် ၁၂ နာရီက လွိုင်ကော်မြို့ မြို့တော်ခန်းမ၌ကျင်းပရာ ကာယဗလမောင် ၁၅ ဦးနှင့် ကန္တာရဝတီအလှမယ် ၁၀ ဦးတို့ကို ပဏာမရွေးချယ်ပြီး ဇန်နဝါရီ ၁၇ ရက်တွင် ဆက်လက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ယနေ့ မွန်းတည့် ၁၂ နာရီတွင် ပဏာမရွေးချယ်ခဲ့သော ကာယဗလမောင်နှင့် ကန္တာရဝတီအလှမယ်များကို သတ်မှတ်ထားသော ပြကွက်၊ စိတ်ကြိုက်ကိုယ်ဟန်ပြကွက်များဖြင့် ဆက်လက်ယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ကာယဗလမောင်ပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်ဥပဒေချုပ် ဦးငွေအောင်နှင့် ပြည်နယ်အစိုးရအဖွဲ့၊ အတွင်းရေးမှူး ဦးမောင်မောင်ငွေတို့ကလည်းကောင်း၊ ကန္တာရဝတီအလှမယ်ပြိုင်ပွဲတွင် ဆုရရှိသူများကို ပြည်နယ်စာရင်းစစ်ချုပ် ဒေါ်ကြည်ကြည်၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မြင့်ရွှေနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ခဲ့ကြောင်း သိရသည်။

(ပြည်နယ် ပြန်/ဆက်)

အမည်ပြောင်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ သံဝရကျေးရွာနေ ဦးအောင်နိုင်၏သား မောင်ဖြိုးခန့်ကို ၁၁/ရဗန(နိုင်)၀၈၉၁၅၅ အား မောင်လင်းခန့်ကိုဟု ပြောင်းလဲခေါ်ပါရန်။

မောင်လင်းခန့်ကို

တစ်ဦးတည်းဖြစ်ပါကြောင်း

ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့၊ အမှတ်(၄)ရပ်ကွက်နေ ဦးသန်းအေး၏သမီး မထက်ထက်ပိုင် ၁၁/ရဗန(နိုင်)၀၈၁၀၀၂ နှင့် မခင်ထက်ထက်ပိုင်မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။ **မခင်ထက်ထက်ပိုင်**

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင်များသို့

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး(၂၀၁၅)ခုနှစ်အတွက် အမှုဆောင်သစ်များ ပြန်လည်ရွေးချယ်ရန်ရွေးကောက်ပွဲများကို ၂၂-၁-၂၀၁၅ရက်မှ ၂၄-၁-၂၀၁၅ရက်အထိ သုံးရက်တိုင်တိုင် ကျင်းပပြုလုပ်သွားမည်ဖြစ်ရာ ယင်းရက်များတွင် ရုပ်ရှင်ရိုက်ကူးခြင်းမပြုလုပ်ကြပါရန်နှင့် ကိုယ်အလွှာအလိုက်အင်တိုက်အားတိုက်လာရောက် မဲပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲဖိတ်ကြားလွှာ

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းဟောင်းများ ပြန်လည်တွေ့ဆုံပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ဖိတ်စာရသည်ဖြစ်စေ မရသည်ဖြစ်စေ မပျက်မကွက် ကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

အစီအစဉ်

ပြုလုပ်မည့်ရက်	- ၂၅-၁-၂၀၁၅ ရက် (တနင်္ဂနွေနေ့)
ပြုလုပ်မည့်အချိန်	- နံနက် ၉း၀၀နာရီ
ပြုလုပ်မည့်နေရာ	- အလိုတော်ပြည့်ကျောင်းတိုက်၊ ပင်ရွှေညောင်လမ်း၊ တာမွေမြို့နယ်

ဆက်သွယ်ရန် ဦးသန်းတင်ဝင်း ဖုန်း-၃၁၂၈၅၅၇၃

ဖြစ်မြောက်ရေးကော်မတီ

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး
အမှုဆောင်ပြန်လည်ရွေးကောက်တင်မြှောက်ပွဲတွင်
မပျက်မကွက် တက်ရောက်ဆန္ဒပြုရွေးချယ်ရန်
ဖိတ်ကြားခြင်း

မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးအမှုဆောင်အဖွဲ့ကို မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၏ နာယကကြီးများနှင့် ရွေးကောက်ပွဲကော်မရှင်မှ ကြီးကြပ်၍ အမှတ်(၁၆)၊ ဝင်္ကပါလမ်း၊ ဗဟန်းမြို့နယ်ရှိ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးခန်းမကြီးတွင် အောက်ဖော်ပြပါအစီအစဉ်အတိုင်း အခြေခံအလွှာအလိုက် ပြန်လည်ဖွဲ့စည်းမည်ဖြစ်ရာ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဝင် ရုပ်ရှင်နှင့်ဗီဒီယိုအနုပညာရှင်၊ အတတ်ပညာရှင်များအားလုံး မပျက်မကွက်တက်ရောက်ဆန္ဒပြုရွေးချယ်ပေးနိုင်ရန် ဖိတ်ကြားအပ်ပါသည်။

ရွေးချယ်မည့်အခြေခံအလွှာနှင့်နေ့/ရက်/အချိန်အစီအစဉ်

(၁)	စက်မှုလက်မှုအခြေခံအလွှာ	
(၂)	ဗီဒီယိုအခြေခံအလွှာ	(၂၂-၁-၂၀၁၅ ရက်) ကြာသပတေးနေ့
(၃)	ပြဇာတ်/ရုပ်ရှင်နောက်ခံတေးဂီတအလွှာ	(နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ)
(၄)	ဒါရိုက်တာအခြေခံအလွှာ	
(၅)	ဇာတ်ပို့/ဇာတ်ရုံအခြေခံအလွှာ	(၂၃-၁-၂၀၁၅ ရက်) သောကြာနေ့
(၆)	ဇာတ်လမ်း/ဇာတ်ညွှန်းအခြေခံအလွှာ	(နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ)
(၇)	အုပ်ချုပ်/ဖြန့်ချီ/ပြသအခြေခံအလွှာ	
(၈)	အဓိကဇာတ်ဆောင်အခြေခံအလွှာ	(၂၄-၁-၂၀၁၅ရက်) စနေနေ့
(၉)	တည်းဖြတ်/မှတ်တမ်းအခြေခံအလွှာ	(နံနက် ၉း၀၀ နာရီမှ ညနေ ၃း၀၀ နာရီ)
(၁၀)	ထုတ်လုပ်သူအခြေခံအလွှာ	(ပြိုင်ဘက်မရှိ၍ မဲပေးရန်မလိုပါ။)

မှတ်ချက်။ ။ ဆန္ဒမဲပေးမည့်သူများ အစည်းအရုံးဝင်ကတ်အသစ်ဖြင့် ကိုယ်တိုင်လာရောက်မဲပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ရွေးကောက်ပွဲကြီးကြပ်ရေးကော်မရှင်

အထက(ပျော်ဘွယ်) ကျောင်းသား/သူဟောင်းများ၏
ဒသမအကြိမ် အာစရိယပူဇော်ပွဲ

နှစ်စဉ်ကျင်းပမြဲဖြစ်သော အထက(ပျော်ဘွယ်)ကျောင်းသား/သူဟောင်းများ၏ ဒသမအကြိမ် အာစရိယပူဇော်ပွဲအခမ်းအနားကို ၁၂-၂-၂၀၁၅ ရက် နံနက် ၉း၀၀ နာရီတွင် အထက(၁)ပျော်ဘွယ်ကျောင်းဓမ္မာရုံ၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်ဝေးရပ်နီး ကျောင်းသား/သူဟောင်းများ ပါဝင်ပူဇော်ကန်တော့နိုင်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။မြန်မာနိုင်ငံရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များပါဝင်သော သော်ဝင်းကြာဖြူ နှလုံးသားရင်းနှီးသူများအဖွဲ့မှ အနုပညာရှင်များ၏ သီဆိုဖျော်ဖြေမှု၊ အထက(ပျော်ဘွယ်)ကျောင်းသားဟောင်းများ ဘောလုံးအသင်းနှင့် မြန်မာနိုင်ငံရုပ်ရှင်၊ သဘင်၊ ဂီတအနုပညာရှင်များ ဘောလုံးအသင်းတို့၏ ချစ်ကြည်ရေးဘောလုံးပွဲကိုလည်း ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသဖြင့် ဘောလုံးပါဝင်ကစားမည့် ကျောင်းသားဟောင်းများအနေဖြင့် ဆက်သွယ်ပါဝင်လှူဒါန်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

ဆက်သွယ်လှူဒါန်းလိုပါက ရန်ကုန် ကိုသန့်ဇင်မျိုး(ဖိုးသား) (IBTC) ဖုန်း-၀၉-၅၅၀၀၆၈၂၊ ကိုပေါက်(ဒါရိုက်တာ) ၀၉-၄၃၀၆၆၃၁၀၊ ကိုဝင်းမြင့်စိုး(PSI) ဖုန်း-၀၉-၇၃၀၉၈၁၂၀၊ ပျော်ဘွယ်-ဦးမြင့်မောင်(မြန်မာ့ဟန်) ဖုန်း-၀၉-၂၂၂၈၄၈၆၊ ဦးအောင်ကျော်ဦး (စိန်ကြိုးကြာ) ဖုန်း-၀၉-၂၁၇၄၀၅၈၊ ဦးမျိုးမြင့်နိုင်(ပအို့မ) ဖုန်း-၀၉-၂၂၂၈၂၃၈၊ ဦးစိန်လွင် (အထက-၁) ဖုန်း-၄၃၀၁၈၅၅၂၊ ကိုတရုတ်ကြီး(ငွေပဒေသာ) ဖုန်း-၀၉-၂၂၂၈၃၇၈၊ ကိုတင်မောင်ဝင်း(ပဒေသာ) ဖုန်း-၀၉-၄၃၀၃၈၄၆၀၊ ကိုအောင်ကျော်ဦး(မင်းမဟော်) ဖုန်း-၀၉-၂၂၂၈၀၆၀၊ ကိုသန်းဇော်ငွေ(ကုန်စုံဆိုင်) ဖုန်း-၀၉-၄၀၂၇၅၉၆၅၉။

ကြော်ငြာ

ပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့လေကြောင်း
ကြေညာအမှတ် (၂/၂၀၁၅)

မြန်မာ့လေကြောင်းမှ ကြေညာချက်အမှတ် (၁/၂၀၁၅)ဖြင့် ခေါ်ယူထားသော လေယာဉ်မောင်၊ လေယာဉ်မယ်လျှောက်လွှာများ လက်ခံမည့်ရက်ကို ၃၀-၁-၂၀၁၅ရက်အထိ တိုးမြှင့်လက်ခံမည်ဖြစ်ကြောင်းနှင့် လူတွေ့အမည်စာရင်းနှင့် လူတွေ့စစ်ဆေးမည့်ရက်များအား အောက်ဖော်ပြပါနေ့ရက်များတွင် ဆောင်ရွက်မည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်-

(က) **လူတွေ့အမည်စာရင်းကြေညာမည့်ရက်** - ရန်ကုန်တွင် ၂-၂-၂၀၁၅ရက်
မန္တလေးတွင် ၆-၂-၂၀၁၅ရက်

(ခ) **လူတွေ့စစ်ဆေးမည့်ရက်** - ရန်ကုန်တွင် ၄-၂-၂၀၁၅ရက်မှ စတင်ပါမည်။
မန္တလေးတွင် ၁၀-၂-၂၀၁၅ရက်မှ စတင်ပါမည်။

မြန်မာ့လေကြောင်း

အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

[illegible]

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ရန်ကုန်ပြည်သူ့ဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ပင်မဆောင်ဘက်ခြမ်းရှိ မိလ္လာပိုက်များ၊ မိလ္လာကန်များနှင့် ရေစီးမြောင်းများပြုပြင်ရန် စိတ်ပါဝင်စားသည့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

အိတ်ဖွင့်တင်ဒါလျှောက်လွှာရောင်းချမည့်ရက် - ၁၄-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့)
အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် - ၂၈-၁-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ၁၆း၀၀နာရီ

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ရန်ကုန်ပြည်သူ့ဆေးရုံကြီး၊ ဆေးရုံအုပ်ကြီးရုံးသို့ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး

MPT ဖုန်းနံပါတ်အလှများ ရောင်းရန်ရှိသည်။
ဆက်သွယ်ရန်ဖုန်း - ၀၉ - ၂၅၈၄၉၉၉၉၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

[illegible] ... -01-294352, 291985, 291994.

နဂါးမောက်သီး
လက်လီလက်ကား
ရောင်းရန်ရှိသည်။
ဆက်သွယ်ရန် (ရုံးချိန်အတွင်း)
ဖုန်း-၀၉-၅၁၉၂၇၉၉၊
၀၉-၇၃၂၀၀၀၃၃

ကန့်ကွက်နိုင်ပါကြောင်း

ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့၊ ရပ်ကွက်(၁)၊ ဦးပိုင်အမှတ်(၁၉)၊ ဒေါ်အေးအေးခိုင် ၁၃/လရန(နိုင်)၁၂၄၃၁၁ ပိုင်ဆိုင်သည့်မြေကွက် ၀ ဒသမ ၃၄ ဧက၊ (ပေ၅၀×ပေ၃၀၀)အား အပြီးအပိုင်ဝယ်ယူရန် သဘောတူခဲ့ကြပြီး ရောင်းဖိုးငွေများ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေပြီးဖြစ်ပါ၍ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းအထောက်အထားများဖြင့် ယနေ့ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးအေးခိုင် ၁၂/မဂဒ(နိုင်)၀၀၆၇၁၆
ရပ်ကွက်(၁၂)၊လားရှိုးမြို့၊ ဖုန်း-၀၉-၂၅၄၂၃၅၆၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန
သစ်တောဦးစီးဌာန
သစ်တောတက္ကသိုလ်၊ ရေဆင်း
နေပြည်တော်
ကြေညာချက်
ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောတက္ကသိုလ်က ကျင်းပခဲ့သောအောက်ဖော်ပြပါ သက်ဆိုင်ရာဘွဲ့စာမေးပွဲအသီးသီးကို ယှဉ်တွဲဖော်ပြပါနှစ်များအလိုက် ပေါက်မြောက်အောင်မြင်ပြီးသူများသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလအတွင်း ကျင်းပမည့်သစ်တောတက္ကသိုလ် ဆဋ္ဌမအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားသို့ တက်ရောက်ဘွဲ့ယူရန် (သို့မဟုတ်) အဝေးရောက်ဘွဲ့ယူရန် လျှောက်ထားနိုင်သည်-

(က) **သိပ္ပံ(သစ်တောပညာ)ဘွဲ့** - ၂၀၁၁ခုနှစ် စက်တင်ဘာလမှ ၂၀၁၃ခုနှစ် စက်တင်ဘာလအထိ စာမေးပွဲများ

(ခ) **မဟာသိပ္ပံ(သစ်တောပညာဘွဲ့) နှင့် မဟာသိပ္ပံ (သစ်တောထွက်ပစ္စည်းပညာ)ဘွဲ့** - ၂၀၁၁ခုနှစ် ဇန်နဝါရီလမှ ၂၀၁၄ခုနှစ် ဒီဇင်ဘာလအထိ စာမေးပွဲများ

(ဂ) **ဘွဲ့လွန်ဒီပလိုမာ(သစ်တောပညာ)** - ၂၀၁၁ခုနှစ်မတိုင်မီ စာမေးပွဲများ

၂။ ၂၀၁၀-၂၀၁၁ပညာသင်နှစ်မတိုင်မီ သက်ဆိုင်ရာဘွဲ့အသီးသီးကို ပေါက်မြောက်အောင်မြင်ခဲ့ကြသူများသည် မိမိတို့ရရှိသည့်ဘွဲ့များအလိုက် အဝေးရောက်ဘွဲ့ကို လျှောက်ထ ားနိုင်သည်။

၃။ လျှောက်ထားသူသည် ယခု လျှောက်လွှာမခေါ်ယူမီ(၁)လအတွင်း ရိုက်ကူးထားသည့် (၂ လက်မ × ၁ဒသမ၅လက်မ)အရွယ် ရောင်စုံဓာတ်ပုံ(၃)ပုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့်အတူ အောက်ဖော်ပြပါသတ်မှတ်ပုံစံအတိုင်း (A4 Size) အရွယ်စာရွက်တွင် မိမိအစီအစဉ်ဖြင့် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လျှောက်ထားနိုင်သည်။

၄။ ဘွဲ့လျှောက်လွှာကို သစ်တောတက္ကသိုလ်သို့ ၁၀-၂-၂၀၁၅ရက် နောက်ဆုံးပေးပို့လျှောက်ထားရမည်။

၅။ လျှောက်ထားသူများသည် တက်ရောက်ဘွဲ့ယူရန် ဘွဲ့နှင်းသဘင်ကြေး ၅၀၀၀ိ/- (ကျပ်ငါးထောင်ကျပ်တိတိ)(သို့မဟုတ်)အဝေးရောက်ဘွဲ့နှင်းသဘင်ကြေး ၄၅၀၀ိ/- (ကျပ်လေးထောင့်ငါးရာကျပ်တိတိ) ပေးသွင်းရမည်။

၆။ လျှောက်လွှာပုံစံများကို သစ်တောတက္ကသိုလ်သို့ ကိုယ်တိုင်လာရောက် တင်သွင်းနိုင်သည်။

၇။ ရပ်ဝေးမှလျှောက်ထားသူများသည် သတ်မှတ်ဘွဲ့နှင်းသဘင်ကြေးကို စာတိုက်ငွေပို့လွှာ (Postal Money Order) ဖြင့် ပါမောက္ခချုပ်၊ သစ်တောတက္ကသိုလ်၊ ရေဆင်း၊ နေပြည်တော်သို့ လိပ်မူပေးပို့၍ ငွေပို့လွှာ အောက်ခြေတွင် ဘွဲ့နှင်းသဘင်ကြေးဟုဖော်ပြပြီး လျှောက်လွှာရှင်၏အမည်၊ အောင်မြင်သည့်ခုနှစ်၊ စာမေးပွဲ၊ ခုံအမှတ်တို့ကို တိကျစွာ ဖော်ပြရမည်။

၈။ ဘွဲ့နှင်းသဘင်သို့ တက်ရောက်ဘွဲ့ယူမည်(သို့မဟုတ်)အဝေးရောက်ဘွဲ့ယူမည်ကို တိကျစွာ ဖော်ပြရမည်။ ဘွဲ့နှင်းသဘင်တက်ရောက်ဘွဲ့ယူမည်ဟု တင်သွင်းပြီး မတက်ရောက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

